# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ ယမကဝဂ် (ဓမ္မပဒ - ၁၂)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၁၀)


# မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကို ထိရောက်ကျယ်ပြန့်စွာစောင့်ရှောက် မြန်မာသာမက ကမ္ဘာ့လူမျိုးတို့မှာလည်း သဘာဝဆေးပညာနဲ့ ဆေးဝါးတွေကို ပိုမိုအားကိုးလာ

## နိုင်ငံတော်သမ္မတဦးထင်ကျော်က (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သည့်ဂုဏ်ပြုသဝဏ်လွှာ

### (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ဒီနေ့ကျင်းပတဲ့ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာနိုင်ငံတစ်ဝန်းလုံးက တက်ရောက်လာကြတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများနဲ့ တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ကို ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ပါးကြည်လင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဂုဏ်ဒြပ်တစ်ရပ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ကျင့်ဝတ်သိက္ခာမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးစတဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်များနဲ့ နှစ်စဉ်မပျက်ကျင်းပလျက်ရှိတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်မပျက်မကွက် ကျင်းပလာခဲ့တာ အခုဆိုရင် (၁၇) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ညီလာခံအဆက်ဆက်မှာ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးနဲ့ သက်ဆိုင်တဲ့ကိစ္စအဝဝကို ဆောင်ရွက်ပေးရတဲ့ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင် ကိုယ်စားလှယ်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကိုယ်စားလှယ်များ၊ အနယ်နယ်အရပ်ရပ်က တိုင်းရင်းဆေးပညာရှင်ကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးနှင့် နီးနွှယ်တဲ့ပညာရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း၊ ဆွေးနွေးဖလှယ်ကြပြီး မြန်မာ့တိုင်းရင်းဆေးလောက တိုးတက်ဖွံ့ဖြိုးမှုများကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ကြမှာလည်း မလွဲဧကန်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အခုညီလာခံကြီးမှာလည်း ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်များနဲ့ နီးနွှယ်ပညာရှင်အပေါင်းတို့ဟာ ညီညွတ်ချစ်ခင်စွာဆုံစည်းကြရင်း တိုင်းရင်းဆေးပညာအဆင့်အတန်း မြင့်မားတိုးတက်စေရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကို ပိုမိုထိရောက်ကျယ်ပြန့်စွာ စောင့်ရှောက်မှုပေးနိုင်ဖို့ရည်မှန်းပြီး မိမိတို့ရဲ့အတွေ့အကြုံ၊ အတွေးအခေါ်နဲ့ စေတနာမှန်စွာ အပြုသဘောဆောင်တဲ့ အမြင်များကို ဆွေးနွေးတိုင်ပင်ကြရင်း မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက်သာမက နိုင်ငံတော်နဲ့ ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်တဲ့ အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာအတွေးအခေါ်အယူအဆ၊ မြန်မာ့လူနေမှုစနစ်တို့နဲ့ အပြန်အလှန် အကျိုးပြုယှဉ်တွဲဖြစ်ထွန်းလာခဲ့တဲ့

စာမျက်နှာ ၃ ကော်လံ ၁ ✻

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး(၂/ ၂၀၁၇) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး (၂/ ၂၀၁၇)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် (၅)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခုကော်မရှင်ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် ပထမဆုံးအစည်းအဝေးကို ကျင်းပခဲ့ကာ သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် မောင်တောဒေသသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ရက်အထိ သွားရောက်ပြီး အသေးစိတ်ကြည့်ရှုစုံစမ်းခဲ့ကြောင်း၊ ဒီဇင်ဘာ၁၂ရက်တွင်

စာမျက်နှာ ၃ ကော်လံ ၁ ❖



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး (၂/ ၂၀၁၇)တွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပြည်တွင်းငြိမ်းချမ်းရေး၏ တစ်ခုတည်းသော မျက်နှာစာ

နယ်ချဲ့ဗြိတိသျှထံမှ လွတ်လပ်ရေးရရှိသောအချိန်၌ မြန်မာနိုင်ငံအား အရှေ့တောင်အာရှဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာအကောင်းဆုံးနိုင်ငံအဖြစ် ရှုမြင်သတ်မှတ်ကြပါသည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သော ပြည်တွင်းစစ်မီးသည် တိုင်းပြည်၏ အနာဂတ်ကို ပြောင်းပြန်လှန်ခဲ့ပါသည်။ အရှေ့တောင်အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာအကောင်းဆုံးနိုင်ငံဘဝမှသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ရပါသည်။ နိုင်ငံရေး အယူဝါဒကွဲလွဲမှုမှ စတင်ခဲ့သော ပြည်တွင်းစစ်မီးသည် တိုင်းရင်းသားလူမျိုးများအရေးကိစ္စအထိ ပျံ့နှံ့ခဲ့ပြီး ပြည်ထောင်စုတစ်ခုလုံးသည် ပြည်တွင်းစစ်မီး၏ ဝါးမျိုခြင်းကို ခံခဲ့ရပါသည်။

နိုင်ငံတကာမှ ရန်ကုန်အစိုးရဟု ခေါ်ဆိုခံရသည့်အထိ ပြည်တွင်းစစ်မီး ဝါးမျိုခံရသောအနေအထားမှ တချို့သော တိုင်းရင်းသားလူမျိုးစုဒေသများမှအပ တိုင်းပြည်၏နေရာဒေသအများစုတွင် တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူတို့ အသက်အန္တရာယ်ကင်းကင်း လှုပ်ရှားသွားလာနိုင်ရေးကို တပ်မတော်က ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဤမျက်နှာစာ သက်သက်မှကြည့်သော် တပ်မတော်သည် တရားသောစစ်ပွဲကို ဆင်နွှဲခဲ့ခြင်းဖြစ်ပါသည်။ သို့သော် အရေးကြီးသည်မှာ ပြည်တွင်းစစ်၌ တခြားသော မျက်နှာစာရှိနေခြင်း ဖြစ်ပါသည်။ အဆိုပါ တခြားသောမျက်နှာစာမှကြည့်သော် ပြည်တွင်းစစ်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် အတူတကွ ရုန်းကန်လှုပ်ရှားခဲ့သော ရဲဘော်ရဲဘက်အချင်းချင်း အယူဝါဒကွဲလွဲမှုကြောင့် သေနတ်ပြောင်းဝလှည့်၍ တိုက်ခိုက်ခဲ့ရခြင်းဖြစ်ပါသည်။ တိုင်းရင်းသားညီနောင်အချင်းချင်း သေနတ်ပြောင်းဝလှည့်၍ တိုက်ခိုက်ခဲ့ရခြင်းဖြစ်ပါသည်။ အမှန်စင်စစ်ဆိုသော် ဤတခြားသောမျက်နှာစာသည် တိုင်းပြည်၏အနာဂတ်အပေါ် တိမ်ညိုတိမ်မည်းများဖုံးလွှမ်းစေခဲ့သော မျက်နှာစာဖြစ်ပါသည်။

ယခုအခါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)ကို တပ်မတော်အပါအဝင် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများက လက်မှတ်ရေးထိုးခဲ့သည်သာမက ပြည်ထောင်စုလွှတ်တော်မှလည်း ဤစာချုပ် (NCA)ကို အတည်ပြုပြီး ဖြစ်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)၏ နိုင်ငံရေးရည်မှန်းချက်သည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးဖြစ်ပါသည်။ တင်ပြလိုသည်မှာ ပစ္စုပ္ပန်ကာလတွင် ပြည်တွင်းစစ်၏ မျက်နှာစာသည် တစ်ဖက်သာကျန်ပါတော့သည်။ တစ်နည်းဆိုသော် ပြည်တွင်းငြိမ်းချမ်းရေး၌ မျက်နှာစာတစ်ဖက်သာကျန်ပါတော့သည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် မျက်နှာစာတစ်ဖက်သာကျန်ရှိတော့၍ တိုင်းတာရမည့် စံချိန်စံညွှန်းသည်လည်း တစ်ခုတည်းသာကျန်ရှိပါတော့သည်။ ဤသည်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက် မည်မျှအထောက်အပံ့ဖြစ်သည်ဟူသော စံချိန်စံညွှန်းဖြစ်ပါသည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက ဤစံချိန်စံညွှန်းအရ ဂုဏ်ထူးမှတ်ကျော်လွန်၍ အမှတ်ပြည့်ရသည်အထိ စွမ်းဆောင်ကြိုးပမ်းကြမှသာ ပြည်ထောင်စု၏ ရွှေရောင်တောက်ပသော အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ။

## စာအုပ် စာပေ လူ့မိတ်ဆွေ




## စိတ်လှနှလုံးပိုင်ရှင်များ

*　"တိုင်း" တိုင်းဆဆ၊ စိတ်ဆန္ဒနှင့်
ရင်မှမေတ္တာ၊ စေတနာနှင့်
လူနာအတွက်၊ ဆေးတစ်ခွက်ဖြင့်
နှစ်သက်ဖွယ်ရာ၊ ကာကွယ်ကုသ
ပြုစုကြသည် စိတ်လှနှလုံးပိုင်ရှင်များ။

*　"ရင်း" ရင်းနှီးနှီး၊ သားသမီးနှယ်
တစ်သွယ်မိဘ၊ သည်နှစ်ဝသို့
စိတ်မှရည်ကာ၊ ကြည်ဖြူစွာနှင့်
လူနာရှေ့မှောက်၊ ဆေးခွက်ရောက်လျှင်
ထိရောက်သက်သာ၊ ပျောက်ကင်းလာအောင်
စေတနာပါပါ၊ ဖြူစင်စွာဖြင့်
ကာကွယ်ကုသ၊ ပြုစုကြသည်
စိတ်လှနှလုံးပိုင်ရှင်များ။

*　ဩော်...
"ဆေး"ပညာနှင့်၊ ကမ္ဘာပေါ်မှာ
တို့မြန်မာဟု၊ သိမှတ်ပြုအောင်
တို့စွမ်းဆောင်မည်၊ ထွန်းပြောင်နေမင်း
သူရိန်လင်းသို့၊ တိမ်ကင်းလနှယ်ရွှန်းတော့မည်။ ။

**[ မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ဂုဏ်ပြုလျက်...]**

**သူဇာနွယ်(ဖျာပုံ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခြင်းခွင့်မပြု

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်၍ ဖြတ်သန်းခွင့်မပြုကြောင်းနှင့် လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ကုန်) တန်ချိန်အတိုင်းသာ ခွင့်ပြုမည်ဖြစ်သည်။

ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်ဖြတ်သန်းမှုအား ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန် အသိပေးခြင်း၊ ပညာပေးကာလအဖြစ်သတ်မှတ်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ "ခွဲခြား၍ သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း မရသောပစ္စည်းများ(ဥပမာ-စက်ပစ္စည်းများ၊ Transformer ကြီးများ)မှအပ"အခြားကုန်တင်ယာဉ်များသည် လမ်းဦးစီးဌာနပိုင် လမ်း/တံတားများပေါ်တွင် တန်ပိုတင်ဆောင် ဖြတ်သန်းခွင့်မပြုရေး B.O.T/လေလံလမ်း/တံတားဂိတ်များမှ တန်ပိုယာဉ် တားဆီးရေးဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ တန်ပိုယာဉ်တားဆီးရေးဆောင်ရွက်ရာတွင် တန်ပိုတင်ဆောင်လာသော ယာဉ်များကို လမ်းမကြီးများဥပဒေ အခန်း (၅)ပြစ်မှုနှင့်ပြစ်ဒဏ် ပုဒ်မ (၈)၊ ပုဒ်မခွဲ (ခ) အရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုနေ့အကြိုဟောပြောပွဲများ သီပေါ၌ ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၇**

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အသိပညာတိုးတက်မြင့်မားရေးနှင့် နှစ် (၇၀)ပြည့်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို သိရှိနားလည်ရေးတို့အတွက် အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲများကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပိတောက်ဆောင်ခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**



ရှေးဦးစွာ အထက်မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲများကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ရှမ်းပြည်နယ်အမျိုးသားနေ့အကြောင်းကို လည်းကောင်း၊ စာရေးဆရာ ဇာဏီဟိန်း(သီပေါ)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုင်းထွန်းသိန်းတို့က ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာသည့် သမိုင်းကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၇-၁-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

မြန်မာ့ရိုးရာအမွေအနှစ်၊ ပညာရပ်စစ်စစ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အစိုးရဟာ မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်နဲ့သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ ဆေးပညာရပ်တစ်ခုအဖြစ်နဲ့သော်လည်းကောင်း အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေဖို့ အလေးထားအားပေးစောင့်ရှောက်နေခြင်းဖြစ်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တာနဲ့အညီ ကျန်းမာကြံ့ခိုင်တဲ့ ပြည်သူတို့ကသာလျှင် နိုင်ငံအကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာလည်း တိုင်းရင်းဆေးပညာအဆင့်အတန်းမြှင့်တင်ရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူတို့ကို ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းဆေးသမားတော်ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား**

မြန်မာ့တိုင်းရင်းဆေးပညာဟာ အခြေခံဆေးပညာရပ် အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်းအသွယ်သွယ် အာနိသင်ထက်မြက်တဲ့ ဆေးဝါးအရပ်ရပ်တို့နဲ့ ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့နက်နဲလှတဲ့ ပညာရပ်တစ်ခုဖြစ်တဲ့အတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မှသာ မတိမ်းပါးမပျက်ယွင်းဘဲ အရှည်တည်တံ့ထွန်းကား ပြန့်ပွားနိုင်မှာဖြစ်ပါတယ်။ ဒီလို ပြည့်စုံကြွယ်ဝလှတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များရဲ့အနှစ်သာရအထွေထွေကို စုစည်းပေါင်းစပ်ပြီး ခေတ်မီနည်းပညာရပ်များနဲ့ စံချိန်စံညွှန်းများဖော်ထုတ်ကာ ပြီးပြည့်စုံတဲ့ အမျိုးသား တိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးကို ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်ပါတယ်။

မြန်မာတို့ရဲ့ ရိုးရာအမွေအနှစ်စစ်စစ်ဖြစ်ပြီး မူပိုင်ခွင့်ရရှိသင့်တဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးကုထုံးများ၊ ဆေးဖက်ဝင်အပင်များနဲ့ ပတ်သက်ပြီး Intellectual Property Rights Law ရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များ ပူးပေါင်းရေးဆွဲဆောင်ရွက်နိုင်ဖို့၊ အခြားနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ဥပဒေနဲ့ Intellectual Property Rights ဆက်နွယ်ပုံတွေကို လေ့လာပြီး မြန်မာနိုင်ငံနဲ့ သင့်လျော်မယ့် ဥပဒေနဲ့ Intellectual Property Rights Law ရေးဆွဲရာမှာ မြန်မာ့တိုင်းရင်းဆေးပညာ၊ ဆေးပင်များ၊ ကုထုံးများနဲ့ပတ်သက်ပြီး ထည့်သွင်းရေးဆွဲနိုင်စေရေးဟာလည်း ခေတ်ကာလ အခြေအနေအရ လိုအပ်လာတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

**တိုင်းရင်းဆေးသမားတော်ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား**

ဒီနေ့ခေတ်မှာ ခေတ်မီဆေးသိပ္ပံနည်းစနစ် စွမ်းပကားနဲ့ လူသားတို့မှာ ဖြစ်ပေါ်နိုင်တဲ့ ရောဂါဝေဒနာအမျိုးမျိုးကို ရှာဖွေ၊ သိရှိ၊ ကုစားနိုင်တဲ့ အနောက်တိုင်းဆေးပညာရပ်ကို အားကိုးအားထားပြုကြသလို တခြားတစ်ဖက်မှာလည်း သမုဋ္ဌာန်လေးပါးလို့ ခေါ်ဆိုတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မျှတအောင် နေထိုင်ကျင့်ကြံစားသောက်ကြရတဲ့သဘော၊ ရာသီဥတု သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအောင် နေထိုင်၊ စားသောက်ကြရတဲ့သဘောတို့ကို လမ်းညွှန်ပြဆိုထားတဲ့ မြန်မာ့တိုင်းရင်းဆေး အနှစ်သာရများကလည်း ရောဂါဘယမဖြစ်ပွားစေဘဲ ကျန်းမာအသက်ရှည်ရေးအတွက် မဖောက်မပြန် မှန်ကန်ပြီး အားကိုးထိုက်တဲ့ ပညာရပ်သဘောတရားများပဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ်ကာလမှာ မြန်မာတို့သာမက ကမ္ဘာ့လူမျိုးအသီးသီးတို့မှာလည်း သဘာဝဆေးပညာနဲ့ သဘာဝအစားအစာ ဆေးဝါးတွေကို ပိုမိုအားကိုးလာကြတာကို သတိပြုတွေ့မြင်ရပါတယ်။ ဒါကြောင့်မို့ သဘာဝဆေးများနဲ့ ဖော်စပ်ထားတဲ့ တိုင်းရင်းဆေးဝါးများနဲ့တကွ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တတ်မြောက်ထားတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခန်းကဏ္ဍဟာလည်း တစ်စထက်တစ်စ ပိုမိုကြီးမားကျယ်ပြန့်လာနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေ အချိန်အခါကောင်းကို ကောင်းစွာသိမြင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားလာဖို့၊ တိုင်းရင်းသားပြည်သူတွေက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထား ကိုးစားလာဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ တိုးတက်ထွန်းကားပြန့်ပွားရန်၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်လာရန်၊ တိကျမှန်ကန်တဲ့ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပေါ်ထွန်းလာရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းကြီး ပိုမိုကျစ်လျစ်သိပ်သည်းခိုင်မာလာရန်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ပို၍ ခေတ်မီအောင်မြင်ဖြစ်ထွန်းပြီး အမှန်တကယ်အကျိုးအာနိသင်ထက်မြက်တဲ့ ဆေးဝါးများ ဖော်ထုတ်နိုင်ရန်၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပိုမိုအရည်အသွေးပြည့်ဝတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရှင်တွေ မွေးထုတ်နိုင်ရန်တို့ကို အခု မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့်မို့ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ ပြည့်ဝစွာ ပြီးမြောက်အောင်မြင်ပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ဂုဏ်ရှိန်မြင့်မားစွာ တိုးတက်ဖြစ်ထွန်းပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူတို့ရဲ့ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ပါစေ၊ ပြည်သူလူထုအားလုံးလည်း ကျန်းမာသုခပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါတယ်။

# နိုင်ငံတော်အနေဖြင့် အထူးစီးပွားရေးဇုန်ကြီးသုံးခု ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဇုန်သစ်များ ထပ်မံတိုးချဲ့

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၁/၂၀၁၇ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁) ၌ ကျင်းပရာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အတွက် လက်ရှိဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိစေရေး၊ နိုင်ငံတော်အတွက် အဘက်ဘက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာနိုင်ရေးတို့အတွက် နိုင်ငံတကာနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ပြီး ပြည်သူများ သိရှိအောင် ပွင့်လင်းမြင်သာမှုရှိစေရေး တို့အား အလေးထားဆောင်ရွက်ရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်ကြီးသုံးခုကို ဆောင်ရွက်လျက်ရှိပြီး ရှေ့ဆက်၍ စီးပွားရေးဇုန်သစ်များနှင့် ဗဟိုလုပ်ငန်းအဖွဲ့တို့ကို ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံ၏လက်ရှိလိုအပ်ချက်အရ စီးပွားရေး အမြန်ဆုံးတိုးတက်အောင် အများပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းချုပ်ဆိုမည့် စာချုပ်များအတွက် ဥပဒေကျွမ်းကျင်သူပညာရှင်များ ပါဝင်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့် အထူးစီးပွားရေးဇုန်များ ဥပဒေနှင့်အညီ လိုက်နာသွားရမှာဖြစ်သလို ဒေသခံ ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုတို့ အပေါ်တွင်လည်း ထည့်သွင်းစဉ်းစားပေးကြရန်လိုအပ်ကြောင်း၊ မိမိတို့ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသလို အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများသည်လည်း အထက်အဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်ကြီးကြပ်မှုများနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အမျိုးသားအကျိုးစီးပွားများကို ဦးတည်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန်များ၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံနှင့် အလားအလာများကို အများပြည်သူထင်သာမြင်သာရှိအောင် ဆောင်ရွက်လာခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်နိုင်မှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ အထူးစီးပွားရေးဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာများနှင့်ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❖ ရှေ့ဖုံးမှ

မောင်တောဒေသတွင် ကော်မရှင် အစည်းအဝေးကို ဒုတိယအကြိမ် ကျင်းပခဲ့ပြီး ကော်မရှင် ဒုတိယအကြိမ် သတင်းထုတ်ပြန်မှုကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်တွင် ကျေးရွာ ၁၁ ရွာသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ စုံစမ်းမေးမြန်းခဲ့ပါကြောင်း၊ ဒေသခံ ကျေးရွာသားများနှင့်လည်း တွေ့ဆုံမေးမြန်း စုံစမ်းခဲ့ပါကြောင်း။

**လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြ**

ဒီဇင်ဘာ ၂၆ ရက်တွင် ကော်မရှင်အစည်းအဝေး(၃/၂၀၁၆)ကို ကျင်းပခဲ့ပြီး သွားရောက်စစ်ဆေးမေးမြန်းခဲ့သည့် အချက်အလက်များကို ပြန်လည် သုံးသပ်ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကြားဖြတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၅ ရက်တွင် ကော်မရှင်အစည်းအဝေး (၁/၂၀၁၇)ကို ကျင်းပခဲ့ပြီး ကော်မရှင်အနေဖြင့် မောင်တောဒေသသို့ ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ထပ်မံသွားရောက်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအတွက် လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေး ကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာ ရေးသားပြုစုပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်းက မောင်တောဒေသ နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂၈) အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ဦးနေမျိုးထွန်းအပေါ် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) ဦးသိန်းရီက လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ချမှတ်ခဲ့သည့် စီရင်ချက် (အမိန့်) အား ဦးသိန်းရီက ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းခဲ့သည်။

ယင်းအယူခံမှုအား ဇန်နဝါရီ ၁၇ ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့ ပါဝင်သည့်စုံညီခုံရုံးမှ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးနေမျိုးထွန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း၊ ဦးသိန်းရီ၏ ကန့်ကွက်လျှောက်ထားလွှာကို တရားစရိတ်နှင့်တကွပယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုလိုက်ပြီး အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွ ပယ်ကြောင်းနှင့် တရားစရိတ်ငွေကျပ်တစ်သိန်းကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲခုံအဖွဲ့များမှ ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ ၄၄ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သောအမှုပေါင်းမှာ ယနေ့အထိ ၄၃ မှု ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့်ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၇

**ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။**

(မိုး/ဇလ)

# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ မိမိတို့ရုံးဝန်ထမ်းအဖွဲ့အစည်းများ သီးခြားခန့်ထားနိုင်ခွင့်ရရှိတော့မည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၁/၂၀၁၇)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခင်အစည်းအဝေး တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံးများ ဖွဲ့စည်းမှုအတွက် ပြည်ထောင်စုလွှတ်တော်ရုံးကို မိခင် ဌာနအဖြစ် သတ်မှတ်၍ သီးခြားဖွဲ့စည်း နိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ ပါကြောင်း၊ ယင်းသို့ ဆွေးနွေးဆုံးဖြတ် ခဲ့ခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း နှင့်အညီ တင်ပြဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၆)တွင် ဆုံးဖြတ်ခဲ့ ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များအနေဖြင့် မိမိတို့၏ ရုံး ဝန်ထမ်းအဖွဲ့အစည်းများကို သီးခြား ခန့်ထားနိုင်ခွင့်ရရှိတော့မည် ဖြစ်ပါ ကြောင်းနှင့် ယင်းသို့ ဖွဲ့စည်းခွင့်ရရှိ သည့်အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။



**မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၁/၂၀၁၇) ကျင်းပစဉ်** (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်များသည် ဒီမိုကရေစီ၏ အခြေခံပြယုဂ်ဖြစ်ပါကြောင်း၊ လွှတ်တော် လုပ်ငန်းများ အဆင်ပြေချောမွေ့မှုမရှိပါက ဒီမိုကရေစီစနစ် အောင်မြင်သည်ဟု မဆိုနိုင်ပါကြောင်း၊ ဒီမိုကရေစီလမ်းခရီး ပေါက်ရန်အတွက် လွှတ်တော်ရုံးဝန်ထမ်း များအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်း ဥပဒေများအတိုင်း လိုက်နာကျင့်ကြံ နေထိုင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လွှတ်တော်အကြီးအမှူးနှင့် ဝန်ထမ်း အကြီးအမှူးများကလည်း ကျင့်ဝတ် စည်းကမ်းများကို သိရှိနားလည်ပြီးဖြစ် ကာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လွှတ်တော်အနေဖြင့် အခြား သောမဏ္ဍိုင်ကြီးများအပေါ် Check and Balance လုပ်ဆောင်ရာတွင် မိမိတို့၏ စွမ်းရည်နှင့် အရည်အသွေးများ ပိုမိုတိုးတက်တောက်ပြောင်စေရန် ကိုယ်စီ စွမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ပြော ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးအေးသာ အောင်က အစည်းအဝေး(၅/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် ယမန်နေ့က ပြုလုပ် ခဲ့သော အကြိုညှိနှိုင်းအစည်းအဝေး ဆွေးနွေးချက်များအပါအဝင် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသ ကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှည့် ကျဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စ ရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာကြသူ များက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စု လွှတ်တော် နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ် သည်များကို ဖြည့်စွက်မှာကြား သည်။

**(သတင်းစဉ်)**



**ဂျာမနီနိုင်ငံ၏သမ္မတဟောင်းဖြစ်သူ Prof Dr. Roman Herzog ကွယ်လွန်သွားသဖြင့် ရန်ကုန်မြို့ရှိ ဂျာမနီနိုင်ငံ သံရုံး၌ ဖွင့်လှစ်ထားသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် ဇန်နဝါရီ ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး လက်မှတ်ရေးထိုးစဉ်**(သတင်းစဉ်)

# ဘူးသီးတောင်၊ မောင်တောဖြစ်စဉ် အရေးကိစ္စနှင့်ပတ်သက်၍ သတင်းမီဒီယာကောင်စီ ဆောင်ရွက်ခဲ့ရသည့် ကဏ္ဍဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၇**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စ ရန်ဟီလီက မြန်မာသတင်းမီဒီယာကောင်စီ ၏ ဆောင်ရွက်နေမှုများနှင့် မြန်မာ့သတင်းမီဒီယာလောက၏ လက်ရှိကြုံတွေ့နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် သိရှိလိုသည်များကိုမေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အဖွဲ့ဝင်များက ရှင်းလင်းပြောကြားသည်။

ထို့ပြင် သတင်းအချက်အလက်ရယူရာတွင် ကြုံတွေ့ရ သည့် အခက်အခဲများ၊ မြန်မာ့မီဒီယာလောက၏ အားသာချက်၊ အားနည်းချက်များ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တော မြို့နယ်တို့တွင်ဖြစ်ပွားခဲ့သည့် အရေးကိစ္စနှင့်ပတ်သက်၍ သတင်း ရယူရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ပါဝင် ဆောင်ရွက်ခဲ့ရသည့် အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)**



# ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာသင်တန်းသား ၇၅၀ ကျော်အား မွမ်းမံသင်တန်းပေးခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ စီးပွားရေးသံမှူးရုံး၏ အချက် အလက်များအရ ၂၀၁၆ ခုနှစ်တွင် တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာန (MOFCOM)မှ သင်တန်းများ ဖွင့်လှစ် ခဲ့ရာတွင် Seminar ၌ ၆၁၉ ဦး၊ Trainng Course ၌ ၁၃၂ ဦး၊ ဘွဲ့လွန် သင်တန်း၌ ရှစ်ဦး စုစုပေါင်းမြန်မာနိုင်ငံ မှ ဝန်ထမ်းပေါင်း ၇၅၉ ဦး တက်ရောက် ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံစီးပွားရေးသံမှူးရုံးမှ မွမ်းမံ သင်တန်းတာဝန်ခံအရာရှိ ဒုတိယအတွင်း ဝန် Ms. Zhao Jin က သင်တန်းကာလ မှာ ရက်ပေါင်း ၂၀ မှ ၉၀ အတွင်းဖြစ် ကြောင်း၊ နောင်တွင်လည်း မွမ်းမံ သင်တန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွင့်လှစ်ကာ မြန်မာနိုင်ငံ၏ လူမှုစွမ်းအားတည်ဆောက်ရေး လုပ်ငန်း မြှင့်တင်မှုအပေါ် ကူညီပေးသွားမည်ဖြစ် ကြောင်း ပြောကြားသည်။

၂၀၁၆ ခုနှစ် တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာနမှ သင်တန်းပေးခဲ့သော သင်တန်းသားဦးရေသည် အာရှဒေသ တွင် စတုတ္ထအများဆုံးရှိပြီး တစ်ကမ္ဘာ လုံးတွင် အဋ္ဌမနေရာတွင် ရပ်တည်နေ သည်ဟု သိရသည်။

ကာလတို သင်တန်းများအပြင် တရုတ်နိုင်ငံအစိုးရက ထောက်ပံ့သော Chinese Government Scholar- ship၊ တရုတ်ကုန်သွယ်ရေးဝန်ကြီး ဌာနက ထောက်ပံ့သော MOFCOM Scholarship နှင့်အခြားသော ပညာ သင်ဆုအမျိုးမျိုးဖြင့် မြန်မာနိုင်ငံမှ သင်တန်းသားများကို တရုတ်နိုင်ငံတွင် ပညာသင်ယူနိုင်ရန် စီစဉ်ပေးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် သင်တန်းသားဦးရေ ၁၀၈ ဦးကို B.A , Master, Ph.D ဘွဲ့ဒီဂရီများအတွက် တရုတ်နိုင်ငံရှိ တက္ကသိုလ်များ၌ တက်ရောက်နိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံမှ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေး၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တော၊ ဆက်သွယ်ရေး၊ လေကြောင်း၊ စွမ်းအင်၊ မီဒီယာ၊ ရဲဘက်ဆိုင်ရာ၊ ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့တော်အုပ်ချုပ်ရေး၊ တရုတ်ဘာသာစကား၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး စသည့် နယ်ပယ်အသီးသီးနှင့် ဆက်နွှယ် သော မွမ်းမံသင်တန်းများ စီစဉ်ပေးခဲ့ ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**
နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

(မိုး/ဇလ)

# နိုင်ငံခြားငွေ လဲလှယ်နှုန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ရုံးအမှတ် (၂၆) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတကာတွင် စက်သုံးဆီဈေးနှုန်းများ ကျဆင်းနေသော်လည်း ပြည်တွင်းတွင် စက်သုံးဆီဈေးနှုန်းများ မကျဆင်းသည့်အပြင် မြင့်တက်မှုများရှိနေသည့်ကိစ္စအပေါ် သက်ဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး၍ အကြောင်းရင်းကို ဖော်ထုတ်သုံးသပ်ရေး၊ ပညာရေးဝန်ထမ်းများ လစာထုတ်ယူရာတွင် Card စနစ်၊ Mobile Payment စနစ်များ ယခုထက်ပိုမို၍ အသုံးပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ တင်ပြလာမှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညှိနှိုင်းဆောင်ရွက်ပေးရေး၊ ကုန်သွယ်မှုကဏ္ဍတွင် Trade Financing ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်တွင်းဘဏ်များက နိုင်ငံတကာဘဏ်



လုပ်ထုံးလုပ်နည်းများ၊ ပြည်တွင်းဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရေး စသည်တို့အပေါ် အကျယ်တဝင့် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

❒ *ကျောဖုံးမှ*

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲလိုက်သည့်အပေါ် ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်းလေ့လာစဉ် မီဒီယာများအား ပြောကြားခြင်းဖြစ်သည်။

ဖြစ်စေချင်တဲ့အခြေအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ စနစ်တစ်ခုကိုပေါ်အောင် ပေါင်းစပ်ပေးမှာဖြစ်ပါတယ်” ဟု ပြောသည်။

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့၏ ကြုံတွေ့နေရယာဉ်လိုင်းနံပါတ်များ ပြောင်းလဲသွားခြင်း၊ စတင်ပြေးဆွဲသည့်နေ့တွင် ယာဉ်အစီးရေနည်းပါးခြင်းတို့ကြောင့် ပြည်သူတချို့ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ယနေ့ ကြုံတွေ့ရမှုအပေါ် သခင်မြပန်းခြံမှတ်တိုင်တွင် ခရီးသွားပြည်သူများကို ကူညီပေးနေသည့်




ခရီးသွားများ အဆင်ပြေစေရန် အီလိုက်ယာဉ်လိုင်းက အခမဲ့ပြေးဆွဲ ကူညီဆောင်ရွက်ပေးစဉ်

ဆက်လက်၍ “အဆင့်ဆင့်စီးရတဲ့ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ သေသေချာချာ လေ့လာဆန်းစစ်မှုတွေ လုပ်နေပါတယ်၊ ဆွေးနွေးပြီးဆုံးဖြတ်ချက်တစ်ခုပေးလိုက်ရင် လမ်းကြောင်းတစ်ခုထည့်လို့ရပါတယ်၊ တစ်ချိန်တုန်းက လမ်းကြောင်းတွေထပ်ပြီး လမ်းကြောင်းတူယာဉ်လိုင်းတွေ အလုအယက်မောင်းနှင်တာမျိုးတွေဖြစ်ကြတယ်၊ အဲဒီအခြေအနေမျိုးမဖြစ်အောင် သေချာလေ့လာဆန်းစစ်မှုတွေ လုပ်သွားမယ်၊ ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲမှုက ဒါပဲလုပ်ရမယ်ဆိုတာမျိုး မဟုတ်ပါဘူး၊ ပြင်လွယ် ပြောင်းလွယ်တဲ့ ပြုပြင်ပြောင်းလဲရေးပဲဖြစ်ပါတယ်၊ လူထုကသည့် အခက်အခဲများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်အကူတို့၏ အခြေအနေများကိုသိရှိနိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလုံမြို့နယ် သခင်မြပန်းခြံအနီး ကားမှတ်တိုင်၌ ခရီးသည်များနှင့်အတူ ဘတ်စ်ကားစီးနင်းပြီး ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခရီးသည်တို့ လက်တွေ့ကြုံတွေ့နေရသည့်အခြေအနေကို ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲပြေးဆွဲလိုက်သည့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ပြည်သူတို့အနေဖြင့် ဘတ်စ်ကားလိုင်းပြေးဆွဲပေးမှု အစီးရေနှင့် စီးနင်းသူအရေအတွက်မမျှတခြင်း၊ စေတနာ့ဝန်ထမ်း မမြင့်မြင့်ကြည်က “မနေ့က ကားအရေအတွက်ကလည်း နည်းတဲ့အပြင် ခရီးသည်တွေက ဘယ်ကားစီးရမှန်းမသိတဲ့အတွက် အခက်အခဲတွေရှိခဲ့တယ်၊ ဒီနေ့ကတော့ ကားအရေအတွက်လည်း များလာတယ်၊ ကျွန်မတို့ကိုယ်တိုင်ကလည်း လမ်းညွှန်ပေးတဲ့အခါမှာ ပိုပြီးတော့ ကူညီပေးလာနိုင်တယ်၊ ဒီနေ့တော့ မနေ့ကထက်ပိုပြီး အဆင်ပြေလာတာကိုတွေ့ရပါတယ်” ဟု ပြောသည်။

ခရီးသွားပြည်သူတို့ အနေဖြင့် အခက်အခဲတချို့ ကြုံတွေ့မှုများကို မှတ်တိုင်များတွင် စေတနာ့ဝန်ထမ်းများက လမ်းညွှန်ကူညီမှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက အခမဲ့ကြိုပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ခရီးသည်တင်ယာဉ်များ၊ အခမဲ့ပို့ဆောင်ပေးသည့်ယာဉ်များ ပိုမိုများပြားလာသည့်အတွက် ခရီးသည်များ ကြုံတွေ့နေရသော အခက်အခဲများ လျော့နည်းလာကြောင်း သိရသည်။

“အခု လောလောဆယ်ကတော့ အပြောင်းအလဲရဲ့ အစပိုင်းဖြစ်နေတဲ့အတွက် ခရီးသည်တွေအခက်အခဲဖြစ်နေလို့ ကျွန်တော်တို့အနေနဲ့ ကူညီပေးနေတာပါ၊ မနေ့ကလည်း တစ်နေကုန် အခမဲ့ပို့ပေးခဲ့ပါတယ်၊ မြို့ပြင်ကနေလာတဲ့သူတွေအတွက် ယာဉ်လမ်းကြောင်းအရောက်နည်းတဲ့ မြို့ထဲကို အဓိကထားပြီး ပို့ပေးနေပါတယ်၊ မနေ့ကတော့ မှတ်တိုင်မှာ ခရီးသည်တွေစုပုံနေတာ ပိုများတယ်၊ ဒီနေ့ကတော့ ပရဟိတ (အခမဲ့) ယာဉ်တွေလည်းပိုများလာသလို မှတ်တိုင်မှာ ခရီးသည်စုပုံနေတာမျိုးလည်း နည်းသွားပါတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ ပြည်သူတွေသွားလာမှု အဆင်ပြေတဲ့အထိ ဆွဲပေးသွားဖို့ စီစဉ်ထားပါတယ်” ဟု ခရီးသည်များအား အခမဲ့လိုက်လံပို့ဆောင်ပေးနေသူ စေတနာရှင် ကိုသိန်းဇော်ဦးက ပြောသည်။

ယနေ့ ခရီးသွားလာမှု အဆင်ပြေလာမှုအပေါ် ခရီးသွားတစ်ဦးဖြစ်သူ မသူဇာကလည်း “မနေ့ကတော့ အခက်အခဲတွေ အများကြီးရှိခဲ့တယ်၊ ဒီနေ့တော့ ကိုယ်စီးရမယ့် ယာဉ်လိုင်းနံပါတ်တွေကို သိလာတော့ မနေ့ကလောက် အခက်အခဲမဖြစ်ပါဘူး၊ ဒါတွေကလည်းနောက်ပိုင်းမှာ အဆင်ပြေသွားမှာပါ၊ ကားစီးရတဲ့အခါမှာတော့ အရင်တုန်းကထက် လမ်းကြောပိုမြန်လာပါတယ်”ဟု သူ၏ကြုံတွေ့မှုကို ပြောသည်။

ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲပြေးဆွဲမှုအပေါ် ပြည်သူတို့ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရန် ပရဟိတအဖွဲ့များ၊ စေတနာရှင်များက အခမဲ့ကြိုပို့ယာဉ်များဖြင့် ပို့ဆောင်ပေးနေသကဲ့သို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့်လည်း ယနေ့ညနေပိုင်းက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိရာ ပြည်သူများသွားလာမှု အခက်အခဲတချို့ပြေလျော့လာကြောင်း သိရသည်။

“ကျွန်တော်တို့ အခုလုပ်ထားတဲ့ အခြေအနေက စနစ်လေးပဲပြောင်းနိုင်ပါသေးတယ်၊ အဆင့်မြှင့်တင်ဖို့လုပ်ပါမယ်၊ အချိန်သိပ်မယူပါဘူး၊ အမြန်ဆုံးဆောင်ရွက်နိုင်ဖို့အတွက် ဖေဖော်ဝါရီလနဲ့ မတ်လလောက်မှာတစ်ဆင့်တက်မယ်၊ အဲဒီကနေနောက်ထပ်သုံးလမှာ နောက်ထပ်တစ်ဆင့်တက်မယ်၊ ဒီလိုမျိုးလုပ်သွားခြင်းအားဖြင့် အားလုံးပါဝင်လာနိုင်တဲ့ အပြောင်းအလဲမျိုးဖြစ်အောင် ကြိုးစားနေပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆိုသည်။

ပြည်သူတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့ထံမှ ထွက်ပေါ်လာသည့် အသံများအပေါ် ဆန်းစစ်လေ့လာမှုများပြုလုပ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည့်အပြင် အဆင့်မြှင့်တင်မှုများကိုလည်း အဆင့်အလိုက် ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရ အဖွဲ့ထံမှ သိရသည်။




မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးအသင်းက အခမဲ့ ကူညီပြေးဆွဲပေးစဉ်

---

## ရေကြောင်းသတိပေးချက် အသိပေးကြေညာ

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE LTD သည် ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-2 တို့တွင် Sea Floor Sampling Survey လုပ်ငန်းများကို MV FUGRO SUPPORTER ဖြင့် တိုင်းတာဆောင်ရွက်သွားမည့် ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၃ ဒသမ ၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၈ မိနစ် ၅၁ ဒသမ ၆၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၃ ဒသမ ၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၄၁ ဒသမ ၉၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၃ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၃ မိနစ် ၁၈ ဒသမ ၂၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၃ ဒသမ ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၈ မိနစ် ၅၁ ဒသမ ၆၉ စက္ကန့်အတွင်းတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ် A-4 နှင့် AD-2 တို့တွင် Sea Floor Sampling Survery လုပ်ငန်း များကို တိုင်းတာရေးရေယာဉ် MV FUGRO SUPPORTER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners ) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

---

## သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား သေနတ်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်အထိ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ၁၀ မီတာ လေပစ္စတို၊ ၁၀ မီတာလေရိုင်ဖယ်၊ အမျိုးသားအမျိုးသမီးပစ်ခတ်စဉ် လေးမျိုးအား ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးလျှင် ပြိုင်ပွဲနှစ်မျိုး ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းကြရန် ဖုန်း၀၁-၈၀၁၁၀၇၅၊ ၀၉-၇၉၆၆၂၅၂၅၆ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ခေတ်အဆက်ဆက် ဘတ်စ်ကားပို့ဆောင်ရေးနှင့် စနစ်ဟောင်းတော်လှန်ရေး

ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ပြောင်းလဲပြေးဆွဲလိုက်သည့် ဘတ်စ်ကားစနစ်သစ်ကြောင့် အဆင်ပြေမှုများရှိသလို အဆင်မပြေအခက်ကြုံရသည့် ခရီးသွားပြည်သူများစွာတို့ ရှိခဲ့သည်။ ပထမဦးဆုံးနေ့ စတင်အပြောင်းအလဲတွင် ရန်ကုန်မြို့၌ စာရင်းရှိ ဘတ်စ်ကားစီးရေထက် အတော်လျော့နည်းကာ ပြေးဆွဲခဲ့သည့်အတွက်ကြောင့်လည်း ခရီးသည်နှင့် ယာဉ်အစီးရေ မမျှမတဖြစ်ကာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းပိုင် မော်တော်ယာဉ်များ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းပိုင်ယာဉ်များက အခမဲ့လိုက်လံပို့ဆောင်မှုများ ရှိခဲ့သော်လည်း ညပိုင်းအချိန်အထိ အိမ်ပြန်ချိန်များစွာ ခက်ခဲခဲ့သည်ကို သိရှိရသည်။

သတင်းဆောင်းပါး - ဆုနှင်းလဲ့
ဓာတ်ပုံ - ဇော်မင်းလတ်



ရန်ကုန် ဘတ်စ်ကားလိုင်းသစ်ပြောင်းလဲမှု ဒုတိယနေ့တွင် ရန်ကုန်မြို့တော်ခန်းမရှိ ဆူးလေကားမှတ်တိုင်၌ ခရီးသွားပြည်သူများ မိမိတို့စီးနင်းမည့် ဘတ်စ်ကားများအလာကို စောင့်ဆိုင်းနေစဉ်

ဘတ်စ်ကားစနစ် မပြောင်းလဲမီကပင် မြို့နေလူထု၏ အဓိကအခက်အခဲမှာ နေ့စဉ် ဘတ်စ်ကားစီးရသည့် ဒုက္ခများဖြစ်သည့်အပြင် နံနက်ရုံးတက်ချိန်နှင့် ညနေရုံးဆင်းချိန်များတွင် မှတ်တိုင်များ၌ ခရီးသည်များ စုပြုံနေတတ်လေ့ရှိပြီး ယာဉ်အစီးရေနှင့် ခရီးသည်မလုံလောက်မှုမှာ ယခင်ကတည်းကပင် ဖြစ်သည်ဟု သိရသည်။ အလားတူ ယာဉ်လုပ်သားများ၏ ပြစ်တင်ဝေဖန်မှု၊ ဆဲဆိုကြိမ်းမောင်းမှုများကြားတွင် လိုရာခရီးကို ရောက်ရှိဖို့ရာ စိတ်ရှည်သည်းခံကာ စီးနင်းလာခဲ့ကြသည်မှာလည်း ကြာပြီပင်ဖြစ်သောကြောင့် ဘတ်စ်ကားစနစ်သစ် အပြောင်းအလဲတွင် ဝေဖန်မှုများရှိသော်လည်း နေ့စဉ်ဘတ်စ်ကားစီး ခရီးသည်များကမူ အဆင်မပြေမှုများကို နားလည်မှုပေးကာ ပူးပေါင်းဆောင်ရွက်ပေးကြသည်ဟု သိရသည်။

### ခြေလှမ်းအစပင်ဖြစ်

ဘတ်စ်ကားစနစ်သစ် စတင်မှု၏ ဒုတိယနေ့တွင်မူ ပထမနေ့လောက် အခက်အခဲ မကြုံတွေ့ရသော်လည်း လိုအပ်ချက်များက ရှိနေဆဲဖြစ်သည်ဟု သိရသည်။ ဒုတိယနေ့တွင် ကားအရေအတွက် တိုးမြှင့်ပြေးဆွဲလာမှုကြောင့် ယခင်နေ့ကထက် ပိုမိုအဆင်ပြေလာသည်ဟု ခရီးသွားများ၏ ပြောကြားချက်အရ သိရသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများကလည်း စနစ်သစ်ပြောင်းလဲမှုတွင် အချိန်အနည်းငယ်ယူရမည်ဖြစ်ပြီး ယင်းမှာ ရေရှည်ကောင်းမွန်သော ဘတ်စ်ကားစနစ်အတွက် ခြေလှမ်းအစပင်ဖြစ်သည်ဟု အသိပေးပြောကြားထားသည်။

### အဆင့်ဆင့်ပြောင်းလဲသွား

"ဘတ်စ်ကားစနစ် အပြောင်းအလဲက လိုင်းအသစ်၊ လမ်းကြောင်းအသစ်၊ စီမံအုပ်ချုပ်မှုပုံစံအသစ်ကို ဆောင်ရွက်တာပါ။ ကားဟောင်းတွေ အားလုံးရပ်ပြီး ကားသစ်တွေနဲ့ အစားထိုးပြေးဆွဲတာ မဟုတ်ပါဘူး။ ဒါပေမယ့် ကားအသစ်တွေနဲ့ နောက်ပိုင်းမှာလည်း ကတ်စနစ်နဲ့ ငွေပေးတဲ့စနစ်ကို အဆင့်ဆင့်ပြောင်းလဲသွားမှာပါ။ လက်ရှိမှာ ကားဟောင်းပိုင်ရှင်တွေလည်း မနစ်နာရအောင်၊ ကြံ့ခိုင်မှုလည်းကောင်းသေးတဲ့ကားတွေကို ဆက်လက်ပြေးဆွဲ ခွင့်ပြုတာဖြစ်ပါတယ်။ လိုင်းတွေထပ်နေတာ၊ တူနေတာတွေကို စနစ်တကျနဲ့ လမ်းကြောင်းသတ်မှတ်ပြီး ပြေးဆွဲစေတာပါ။ စနစ်တစ်ခု အပြောင်းအလဲမှာ အခက်အခဲတွေ အများကြီးကြုံရမှာဖြစ်တဲ့အတွက် ဒါတွေကို အများပြည်သူနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာပါ။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ စတင်ဖွဲ့စည်းကတည်းက အဓိကထား လုပ်ဆောင်မှာက ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးပါ"ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော ဘတ်စ်ကားအရေအတွက်သည် စာရင်းရှိ ၆၀၀၀ ကျော်ခန့် ဖြစ်သော်လည်း နေ့စဉ်ပုံမှန်ပြေးဆွဲနေသည့် ယာဉ်အစီးရေသည် ပျမ်းမျှအားဖြင့် ၄၀၀၀ ကျော်ခန့်သာရှိသည်ဟု သိရသည်။ နေ့စဉ်နှင့်အမျှ မြို့ပြတွင် လုပ်ရှားသွားလာနေသည့် လူဦးရေမှာ မြို့နေလူဦးရေ၏ ထက်ဝက်ခန့် ၂ ဒသမ ၅ သန်းကျော်ခန့်ဖြစ်ပြီး စာရင်းရှိ ဘတ်စ်ကားစီးရေနှင့်လုံလောက်မျှတစွာ သယ်ယူပို့ဆောင်ပေးနိုင်ခြင်းမှာ ယခင်ကတည်းက မရှိခဲ့ကြောင်း သိရသည်။ မြို့နေလူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်မှာ ဘတ်စ်ကားများကိုသာ အားထားစီးနင်းနေရပြီး အခြားသောပို့ဆောင်ရေးများကို စီးနင်းနေသူများ ရာခိုင်နှုန်းအားဖြင့် အင်မတန်နည်းပါးလျက်ရှိသည်။ ယင်းကြောင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၊ ထပ်မံတိုးပွားလာမည့် လူဦးရေနှင့်အညီ လုံလောက်မျှတသော သယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်ရန် မဖြစ်မနေ လုပ်ဆောင်ရတော့မည်ဖြစ်ပြီး မြို့ပတ်ရထားကဲ့သို့သော အခြားသယ်ယူပို့ဆောင်ရေးစနစ်များကိုလည်း အဆင့်မြှင့်တင်ရန် မဖြစ်မနေလိုအပ်လာပြီဟု ပညာရှင်များက ဝေဖန်အကြံပြုထားကြသည်။ ယခင်က အဆင်ပြေသလို ဖြေရှင်းကာ ပြေးဆွဲခဲ့သည့် ယာဉ်လမ်းကြောင်းများ၊ တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များကို စုစည်းကွပ်ကဲအုပ်ချုပ်နေသည့် စီမံမှုပုံစံများ၊ လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသည့် ယာဉ်လိုင်းများ၊ ပြိုင်မောင်းလုမောင်း၊ ဝင်ငွေအပြိုင်အဆိုင်ရှာဖွေနေသောပုံစံမှ စနစ်တကျ လမ်းကြောင်းများ သတ်မှတ်ကာ ပြည်သူကို ဝန်ဆောင်မှုပေးနိုင်မည့် ဘတ်စ်ကားစနစ်သစ်ကို စတင်ပြောင်းလဲနိုင်ရန် စတင်ဆောင်ရွက်လိုက်ခြင်းဖြစ်သည်ဟု သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယင်းသို့ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ဘတ်စ်ကားစနစ်ဟောင်း တော်လှန်ရေး၊ စနစ်သစ် စတင်နိုင်ရေးတွင် အများပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျပြီး ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၏ ပါဝင်မှုသည်လည်း အရေးကြီးကြောင်း ကျွမ်းကျင်သူများကဆိုသည်။

### အပြောင်းအလဲကို လက်ခံတာတွေ့ရ

"စနစ်အဟောင်းကနေ စနစ်သစ်ပြောင်းတော့ အခက်အခဲတွေက အများကြီးပါပဲ။ အရင်ကလည်း ဒီလိုပဲ စနစ်တစ်ခုပြောင်းတိုင်း အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ရေရှည်ကောင်းအောင် မလုပ်နိုင်ဘဲ အဖျားရှူးသွားပြီး ဒုံရင်း ဒုံရင်း ပြန်ဖြစ်သွားတယ်။ ဒီတစ်ကြိမ်ကတော့ ပြည်သူ့ဆန္ဒနဲ့ရွေးထားတဲ့ အစိုးရလည်းဖြစ်တယ်။ အပြောင်းအလဲကို ပြည်သူကလည်း ကြိုဆိုတယ်။ အရင် ဘတ်စ်ကားစနစ်ကို ပြည်သူက လုံးဝကိုမလိုချင်တော့ဘူး။ မလိုလားတော့ဘူး။ ဒါကြောင့် မဖြစ်မနေ ပြောင်းကိုပြောင်းရတော့မယ်။ ရေရှည်ကောင်းတဲ့စနစ် ဖြစ်မဖြစ်ကိုတော့ စောင့်ကြည့်ရမယ်။ အဓိကက ပြည်သူတွေရဲ့ ပါဝင်မှုပဲ။ တကယ်ဘတ်စ်ကားကို စီးနေသူ

*စာမျက်နှာ ၇ သို့*



ရန်ကုန် ဘတ်စ်ကားလိုင်းသစ်ပြောင်းလဲမှု ဒုတိယနေ့တွင် ရန်ကုန်မြို့တော်ခန်းမရှိ ဆူးလေမှတ်တိုင် လူကူးမျဉ်းကြားတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်စေရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမေများ ကူညီဆောင်ရွက်ပေးနေစဉ်

# နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ၊ Save the Children Australia မှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Mr. Nicholas Coppel လည်း ပါဝင်တက်ရောက်ခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဩစတြေးလျနိုင်ငံတို့အပေါ် ထားရှိသည့် ဆက်ဆံရေး၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဩစတြေးလျလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ဆက်လက်ထောက်ခံသွားမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် သတ်မှတ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့စာတိုက်လုပ်ငန်းဖွံ့ဖြိုးရေး ဂျပန်အစွမ်းကုန်ကူညီပေးမည်




**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာ့စာတိုက်လုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရအနေဖြင့် အစွမ်းကုန် ဆက်လက်ပူးပေါင်းကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Megumi Kaneko က ပြောသည်။

"ဂျပန်နိုင်ငံက စာတိုက်လုပ်ငန်းဟာ အောင်မြင်မှုရလဒ်ကောင်းတွေ ရရှိထားတဲ့ စာတိုက်လုပ်ငန်းဖြစ်ပါတယ်။ ပို့ချင်တဲ့နေရာတွေကို မြန်မြန်ဆန်ဆန်နဲ့ တိတိကျကျလုပ်ဆောင်နိုင်တဲ့ စာတိုက်လုပ်ငန်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံက စာတိုက်လုပ်ငန်း အောင်မြင်မှုတွေကို မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးမှုအတွက် အစွမ်းကုန် ကူညီပေးသွားမှာဖြစ်ပါတယ်" ဟု ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဗဟိုစာတိုက်ကြီးသို့ လာရောက်လည်ပတ်ကြည့်ရှုအပြီး သတင်းထောက်များသို့ ပြောကြားသည်။ အဆိုပါ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်ဗဟိုစာတိုက်ကြီးသို့ လာရောက်ကြည့်ရှုရာ မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်နှင့် ဝန်ထမ်းများက စာတိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းက မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နည်းပညာများ အကူအညီပေးလျက်ရှိကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းသည် ဖွံ့ဖြိုးမှု အလားအလာကောင်းများစွာ ရှိနေသော စာတိုက်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူများအနေဖြင့် စာတိုက်ကို ယုံကြည်စိတ်ချစွာ အသုံးပြုစေလိုကြောင်းဖြင့်လည်း ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်ဗဟိုစာတိုက်ကြီးမှ အမြန်ချောပို့လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံပေါင်း ၁၀၂ နိုင်ငံနှင့် အမြန်ချောပို့လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်အပြင် ရိုးရိုးချောပို့ လုပ်ငန်းမှာ ၃၂ နိုင်ငံရှိကြောင်း၊ ပြည်တွင်းအနေဖြင့် ရန်ကုန်မြို့အပါအဝင် မြို့ပေါင်း ၁၉၃ မြို့နှင့် ဆက်သွယ်၍ အမြန်ချောပို့လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

*စာမျက်နှာ ၆ မှ*

တွေက အဆင်မပြေတာတွေကို ညည်းတွားကြပေမယ့် ဒီအပြောင်းအလဲကို လက်ခံတာ တွေ့ရတယ်။ ဒါ အောင်မြင်နိုင်ပါတယ်။ ဘတ်စ်ကားပိုင်ရှင်တွေအနေနဲ့ကလည်း အရင်ကကားကို ဒီအတိုင်း ယာဉ်မောင်း၊ စပယ်ယာကို ပေးထားရတာ။ တစ်နေ့ ဘယ်လောက်နှုန်းအပ်ဆိုပြီး ပေးထားရပေမယ့် ယာဉ်မောင်း၊ စပယ်ယာကလည်း အုံနာကြေးကိုက်အောင်၊ နေ့တွက်ကိုက်အောင် ကားကိုခိုင်းမှာပဲ။ အပြိုင်လုမောင်း၊ ခရီးသည် လုရှာရမှာပဲ။ အခု စနစ်အပြောင်းအလဲမှာ စိတ်အေးချမ်းသာစွာနဲ့ မောင်းရပြီးတော့ ပုံမှန်ဝင်ငွေတစ်ခု ရနိုင်တယ်၊ မရှုံးဘူးဆိုရင် ကုသိုလ်လည်းရ ဝမ်းလည်းဝနိုင်တဲ့ အလုပ်တစ်ခုပါ" ဟု ရန်ကုန်မြို့ခံတစ်ဦးဖြစ်သူ ဦးစိန်လှိုင်က ပြောသည်။

### အားထားစီးနင်းနေရဆဲ

ရန်ကုန်မြို့၏ မြို့ပြသယ်ယူပို့ဆောင်ရေးတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ဘတ်စ်ကားကို အားထားခဲ့ကြပြီး ခေတ်အဆက်ဆက် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင် ပြောင်းလဲနိုင်ခဲ့ခြင်းမရှိခဲ့ဟု သိရသည်။ ဗန်ကောက်၊ စင်ကာပူ စသော မြို့ကြီးများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားခဲ့သော်လည်း ရန်ကုန်မြို့တွင်မူ ယနေ့ထက်တိုင် ပြောင်းလဲနိုင်ခြင်းမရှိသေးဘဲ ဘတ်စ်ကားများကိုသာ အားထားစီးနင်းနေရဆဲပင်ဖြစ်သည်။

"အဘတို့ ငယ်ငယ်တုန်းက ရန်ကုန်မှာ လိုင်းကားတွေက တံဆိပ်တွေနဲ့ ပြေးဆွဲကြတာ။ ဥပမာ ရွှက်လှေတံဆိပ်နဲ့ ဘတ်စ်ကားဆိုရင် ဒါ ရန်ကုန်ဆိပ်ကမ်းကိုရောက်တယ်။ လေယာဉ်ပျံတံဆိပ်ဆိုရင် လေယာဉ်ကွင်းပေါ့။ မေးနေစရာမလိုဘူး။ တက်စီးသွားရုံပဲ။ နောက်တော့ နံပါတ်တွေနဲ့ ဖြစ်သွားတယ်။ နံပါတ်တွေတိုးလာတာရှိသလို တချို့ပျောက်တဲ့နံပါတ်တွေ ပျောက်သွားတယ်။ နောက်တစ်ခါ ယောက်ျားသက်သက်၊ မိန်းမသက်သက် စီးရတဲ့ကားတွေ၊ နှစ်စီးတွဲယာဉ်တွေဆိုတာ ဖြစ်လာပြန်ရော၊ အဲဒါ ဆိုရှယ်လစ်ခေတ်ပေါ့။ နောက်တော့ အဲဒါတွေပျောက်သွားပြီး နဝတခေတ်ဦး ၁၉၉၀ ဝန်းကျင်မှာ ကိုရီးယားက ကားကြီးတွေရောက်လာပြီး မြို့ပတ်ယာဉ်ဆိုတာ ပေါ်လာတယ်။ အဲဒါလည်း ပျောက်သွားပြန်ပြီး ဒီဘက်ခေတ်ကလေးတွေ တော်တော်များများ မီကြမယ်ထင်တယ်။ အဲကွန်းဘတ်စ်ဆိုတာတွေ၊ အဲဒါလည်း ပိုက်ဆံတောင်းကောင်းအောင် လုပ်တာပဲထင်တယ်။ မအောင်မြင်ပြန်ဘူး။ နောက်တော့ အထူးကားတဲ့။ ဒါလည်း ထူးမခြားနားပဲ ဖြစ်သွားတယ်။ ဆိုလိုချင်တာကတော့ လုပ်တော့လုပ်နေတာပဲ။ အနှောင်းမသေချာတော့ ဒုံရင်းက ဒုံရင်းပဲဖြစ်ခဲ့တာ"ဟု တရားလွှတ်တော်ရှေ့နေကြီး ဦးအေးချိုက ခေတ်အဆက်ဆက် ရန်ကုန်မြို့ပြ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်၏ အဆင့်ဆင့် အပြောင်းအလဲများကို ပြောသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် ရန်ကုန်မြို့နေ လူဦးရေသည် ခြောက်သိန်းခန့် ရှိသည်ဟု သိရပြီး နေ့စဉ်နှင့်အမျှ သွားလာမှုများအတွက် စစ်ကျန်ဘတ်စ်ကားများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ပြလူဦးရေမှာ ၁ ဒသမ ၅ သန်းသို့ ရောက်ရှိလာသည်ဟု သိရပြီး သာကေတ၊ သုဝဏ္ဏ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ စသည့် မြို့သစ်များ တိုးချဲ့ခဲ့ခြင်းနှင့်အတူ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးတို့တွင် လိုအပ်ချက်များ၊ အခက်အခဲများ ရှိလာခဲ့သည်ဟု သိရသည်။ ထိုကာလများတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပုဂ္ဂလိကယာဉ်ပိုင်ရှင်တွေကသာ ဦးစီးလုပ်ကိုင်ခဲ့ကြပြီး ယုန်၊ ကြံ့၊ ပုစွန်၊ ရွက်လှေ၊ လေယာဉ်ပျံ စသည်ဖြင့် အရုပ်တံဆိပ်များဖြင့် ခွဲခြားသတ်မှတ်ပြေးဆွဲခဲ့ရာမှတစ်ဆင့် နံပါတ်များကို ပြောင်းလဲသတ်မှတ်ခဲ့ကြပြန်ရာ ၁၉၆၂ ခုနှစ်တွင် ခရီးသည် သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်လိုင်းအမှတ် ၁ မှ ၁၆ အထိ၊ ယာဉ်အစီးရေအားဖြင့် ၁၅၀၀ ဝန်းကျင်ဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ထိုကာလ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စစ်ကျန်ဘတ်စ်ကားများဖြစ်သည့် ချက်ပလက်၊ ဖို့ဒ်၊ ဂျီအမ်စီ၊ ဒေါ့ဂ်ျယာဉ်များဖြစ်သည်ဟု သိရသည်။

### ဝေဖန်သုံးသပ်ကြ

ယင်းသို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ ခရီးသည်တင်ယာဉ်အစီး ၃၆၀၊ မ.ထ.သ ခရီးသည်တင်ယာဉ်အစီး ၃၇၆ စီးတို့ဖြင့် ရန်ကုန်မြို့ခရီးသည်ပို့ဆောင်ရေးကို ဆောင်ရွက်ခဲ့သည်။ ထိုကာလအထိ စစ်ကျန်ဘတ်စ်များသာ အားထားနေရဆဲပင်ဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြို့နယ်များ၊ ရွှေပေါက်ကံ၊ ပုလဲမြို့သစ်၊ ပတ္တမြားမြို့သစ် စသည့် မြို့သစ်များကို တိုးချဲ့တည်ဆောက်လာရာတွင် လူဦးရေသည်လည်း ပိုမိုထူထပ်များပြားလာရာ ယခင်က သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် လုံလောက်မှုမရှိတော့ဘဲ ယာဉ်လိုအပ်ချက်များ ရှိလာခဲ့သည်ဟု သိရပြီး စစ်ကျန်ဘတ်စ်များအပြင် ဘီအမ်ဟီးနိုးများ၊ ကေအမ်ဟီးနိုး(ရိန်းဂျား)များ၊ ကုန်တင်ယာဉ်အငယ်စားများဖြစ်သည့် ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များဖြင့်ပါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်လာခဲ့ကြရသည်။ အများပြည်သူဝန်ဆောင်မှုပေးသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိဘဲ လိုအပ်ချက်အပေါ် လိုအပ်သလို ရေတိုနည်းလမ်းဖြင့်သာ ဖြေရှင်းခဲ့ကြသောကြောင့် မြို့ပြသယ်ယူပို့ဆောင်ရေးသည် ဝန်ဆောင်မှုအသွင်ဖြစ်ပေါ်မလာဘဲ ဝင်ငွေရရှိရန် စီးပွားရှာဖွေသည့် နည်းလမ်းတစ်ခုဖြစ်လာခဲ့သည်ဟု မြို့ပြရေးရာကျွမ်းကျင်သူ သုတေသီများက ဝေဖန်သုံးသပ်ကြသည်။

"တစ်ချိန်က ရန်ကုန်လူဦးရေ နည်းသေးတာရယ်၊ ကားတွေ နည်းသေးတာရယ် အဆင်ပြေပေမယ့် ရန်ကုန်ကို ရွှေ့ပြောင်းအခြေချလာသူတွေ များလာတာရယ်၊ မြို့ပြဖွံ့ဖြိုးမှုနဲ့ မြို့ပြဧရိယာချဲ့ထွင်လာမှုတွေက သယ်ယူပို့ဆောင်ရေးမှာ လိုအပ်ချက်တွေ ရှိလာတယ်။ မြို့ပတ်ရထားဆိုတာကလည်း အင်္ဂလိပ်က စနစ်တကျဖော်ဆောင်ခဲ့ပေမယ့် နောက်ပိုင်း မြို့ပြချဲ့ထွင်လာမှုမှာကျတော့ မြို့ပြဧရိယာအနှံ့ လွှမ်းခြုံမရောက်ရှိဘူး။ မြို့ပတ်ရထားလမ်းကြောင်းတွေဟာ တချို့လူနေရပ်ကွက်တွေ အိမ်တွေရဲ့ နောက်ဖေးလမ်းကြားတွေ၊ အမြင်မတော်တာတွေ ဖြစ်ကုန်ရော။ ဘတ်စ်ကားလိုင်းတွေကိုလည်း သက်ဆိုင်ရာက တာဝန်ယူဆောင်ရွက်ပေးတာမျိုး မဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်ပိုင်ရှင်တွေကို စုစည်းပြီး ပြေးဆွဲလာတာဆိုတော့ ဝင်ငွေရတဲ့ လမ်းပိုင်းကို ပြေးဆွဲချင်တဲ့သူတွေနဲ့ လိုင်းတွေများ၊ ကားလမ်းကြောင်းတွေထပ်ပြီး လမ်းကြောင်းရှုပ်ထွေးလာတယ်။ အဲဒီလိုကနေ ယနေ့ ပြုပြင်ဖို့ တော်တော်ခက်သွားတဲ့ မြို့ပြပို့ဆောင်ရေးအခြေအနေတွေ ဖြစ်လာတာပဲ။ ဒါတွေကို စနစ်တကျနဲ့ ရေရှည်စီမံကိန်းနဲ့ ဆောင်ရွက်ဖို့ဆိုတာမှာ အများပြည်သူရဲ့ စည်းကမ်းတကျ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါတယ်"ဟု ရန်ကုန်မြို့ပြပို့ဆောင်ရေးဆိုင်ရာ သုတေသနစာတမ်းပြုစုခဲ့သူတစ်ဦးက သုံးသပ်သည်။

ရန်ကုန်မြို့ပြ ပို့ဆောင်ရေးတွင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတွင် အသုံးပြုပြီးသော တစ်ပတ်ရစ် စီးတီးဘတ်စ်များကို တင်သွင်းလာခဲ့ပြီး အသုံးပြုလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ နစ်ဆန်း၊ ဟီးနိုး၊ ဖူဆို၊ အီဆူဇူး၊ ဟွန်ဒိုင်း၊ ဒေဝူး စသည်ဖြင့် နှစ်အလိုက် ယာဉ်များကိုတင်သွင်းခဲ့ကြသလို ဒိုင်နာ၊ ဟိုင်းလပ်၊ စစ်ကျန်ဘတ်စ်များကိုလည်း အားထားနေရဆဲပင်ဖြစ်သည်။ ယင်းနောက် စစ်ကျန်ဘတ်စ်၊ ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များကို မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်တော့၊ ပြေးဆွဲရန်မသင့်တော့ဟုဆိုကာ ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ယာဉ်ကြီးများ၊ မီနီဘတ်စ်များနှင့်အစားထိုးပြေးဆွဲစေခဲ့ပြန်သည်။ အဲကွန်းဘတ်စ်၊ အထူးကားဟူ၍ အမည်အမျိုးမျိုးတပ် ပြေးဆွဲခဲ့ကြသော်လည်း ယနေ့အချိန်အထိ ခရီးသည်လိုအပ်ချက်နှင့်အညီ ပြည့်မီအောင် ပြေးဆွဲပေးနိုင်ခြင်းမရှိသေးသလို၊ အများပြည်သူကို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဘေးကင်းလုံခြုံမှုရှိသော သွားလာရေးစနစ်များ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်သည်။

### စနစ်တကျ ဆောင်ရွက်ရန်လိုအပ်

ယင်းသို့ အဆင့်ဆင့်ကြုံတွေ့ခဲ့ရသည့် မြို့ပြပို့ဆောင်ရေးတွင် ပြုပြင်ရန်ခက်ခဲသော အခြေအနေမှ ယနေ့တွင် မ.ထ.သ အဖွဲ့အစည်းကို ဖျက်သိမ်းကာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို စတင်လိုက်ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာအရိုးစွဲခဲ့သည့် စနစ်ဟောင်းတော်လှန်ရေးသည် အချိန်ကာလ မည်မျှကြာမြင့်မည်ကို မသိရှိသေးသော်လည်း ရန်ကုန်မြို့နေ လူထုအနေဖြင့် ယခင်က ပြည်သူလူထုကို ဗဟိုမပြုသော စနစ်ကို မကြိုက်နှစ်သက်သောကြောင့် ယခုအပြောင်းအလဲကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဖြေကြားကြသည်။ ယင်းသို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် ကောင်းမွန်သော အပြောင်းအလဲများသို့ ဦးတည်ရာတွင် အဓိကကျသောကြောင့် အစိုးရအနေဖြင့် ယင်းကို အခွင့်ကောင်းယူကာ စနစ်တကျ ဆောင်ရွက်သွားနိုင်ရန်လိုအပ်ကြောင်း မြို့ပြရေးရာကျွမ်းကျင်သူများက ဇန်နဝါရီ ၁၆ ရက်တွင် ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့၏ ဘတ်စ်ကားစနစ်သစ် အပြောင်းအလဲနှင့် အတွေ့အကြုံများအပေါ် သုံးသပ်ပြောကြားလျက်ရှိသည်။

# ရန်ကုန်မြို့နေ ပြည်သူများအတွက် ရှမ်းယူနိုက်တက်အသင်းပိုင်ကားဖြင့် အခမဲ့ပြေးဆွဲပေး



ရန်ကုန် ဇန်နဝါရီ ၁၇
ရန်ကုန်မြို့နေ ပြည်သူများသွားလာရလွယ်ကူစေရန်အတွက် မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် အသင်းပိုင်ကားဖြင့် ယနေ့နံနက်ပိုင်းက အခမဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် လက်ထောက်နည်းပြ ဦးဟန်ဝင်းအောင် လိုက်ပါ၍ စံပြဈေးမှ သမိုင်းလမ်းဆုံ (ယခင် ပါရမီ ၁၇၄ လမ်းကြောင်းအတိုင်း) ယင်းမှတစ်ဆင့် ကမ္ဘာအေးဘုရားလမ်းအတိုင်းသွားကာ ဆူးလေဘုရားအထိ ပြေးဆွဲပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရက်ပိုင်းအတွင်း ခရီးသွားပြည်သူများအတွက် ထပ်မံပြေးဆွဲပေးရန် စီစဉ်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဘောလုံးအသင်း တည်ထောင်ကာ MNL ပြိုင်ပွဲတွင်ယှဉ်ပြိုင်လျက်ရှိသကဲ့သို့ ရန်ကုန်မြို့နေပြည်သူများ သွားလာရေးအခက်မတွေ့ဘဲ အဆင်ပြေစေရန် တစ်ဖက်တစ်လမ်းမှ အခမဲ့ပြေးဆွဲကာ ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ရှမ်းယူနိုက်တက်**



# လိုရာခရီးရောက်ရှိဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**ရန်ကုန် ဇန်နဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်စာတိုက်မှတ်တိုင်၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅မိနစ်က ခရီးသွားမည့် ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး၏ စီစဉ်ချက်အရ ရဲအုပ်ဝင်းထွန်းနှင့်အဖွဲ့၊ တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့်အဖွဲ့၊ လမ်းညွှန်ကူညီပေးရေးအဖွဲ့များ စုစုပေါင်း ၂၅ ဦးခန့်က ခရီးသွားပြည်သူများအတွက် "လိုရာခရီးရောက်ရှိဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့" ဆောင်ပုဒ်ပါ ခရီးလမ်းညွှန်လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး လမ်းညွှန်ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များနှင့် ဒေသခံများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု၊ ကျီးကန်းပြင်အုပ်စုနှင့် ငါးခုရကျေးရွာအုပ်စုများအတွက် မေတ္တာအာရိယန်ဖောင်ဒေးရှင်းက လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက ကြိမ်ချောင်းကျေးရွာ အထကခန်းမ၌ ဒေသခံများအား ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားကာ မေတ္တာအာရိယန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစံကျော်က ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ ကျေးရွာအုပ်စုသုံးစုအတွက် ဆန်အိတ် ၃၀၀၊ ဆီပိဿာ ၃၀၀ နှင့် ပဲခြမ်းအလေးချိန် ပိဿာ ၃၀ ပါ ၄၅ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ကျီးကန်းပြင်အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ ညနေ ၅ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းခြင်းနှင့် မေတ္တာအာရိယန်ဖောင်ဒေးရှင်းက လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ရှေ့တန်းအမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ အရာရှိစစ်သည်များ၊ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက်




ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်း ဆန်အိတ် ၃၀၀၊ ဆီ တစ်လီတာဘူး ၁၀၀၊ ပဲအိတ် ၁၀၀နှင့် ကလေးငယ်များအတွက် စားစရာများကိုလည်းကောင်း၊ မေတ္တာအာရိယန် ဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ ကိုမင်း**
**ဓာတ်ပုံ - သီဟစည်သူ**

# မူဆယ်မြို့အနီး၌ လက်နက်သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြို့အနီးမှ ကာဘိုင်သေနတ်တစ်လက်နှင့် လက်ပစ်ဗုံးတစ်လုံးကို ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က မူဆယ်မြို့၏ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ တောင်ယာတဲအနီး ငှက်ပျောပင်များကြားမှ ကာဘိုင်သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် လက်ပစ်ဗုံးတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါနေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပျောက်ဆုံးနေသည့် ရာအိမ်မှူးဟောင်း ပြန်လည်တွေ့ရှိ သတင်းပေးဟု စွပ်စွဲကာ နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း သိရှိရ

**နေပြည်တော် ဇန်နဝါရီ ၁၇**
မောင်တောမြို့နယ် ရဲအောင်ချောင်းကျေးရွာမှ ဇန်နဝါရီ ၁၄ ရက် ညက လူလေးဦး ဖမ်းဆီးခေါ်ဆောင်သွားသည့် ရာအိမ်မှူးဟောင်း ဖွေယာ(ခ)ဖွေယာဇူဟောက်ကို ဇန်နဝါရီ ၁၅ ရက် သန်းခေါင်ယံက ဖာရီကျေးရွာမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ရဲအောင်ချောင်းကျေးရွာ၌ ပုစွန်ကန်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး ဇန်နဝါရီ ၁၄ ရက် ည ၁၁ နာရီခန့်က လူလေးဦးကခေါ်ဆောင်သွားရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက် ည ၁၁ နာရီခွဲခန့်တွင် ကျေးရွာတာဝန်ခံ ဦးလှသိန်းက ၎င်းသည် ဖာရီကျေးရွာရှိ ဆွေယော့တူဆင်း၏နေအိမ်သို့ ရောက်ရှိနေသည်ဟု အကြောင်းကြားလာသဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရုံးသို့ ခေါ်ယူခဲ့ကြောင်း။

ဖွေယာ၏ ပြောကြားချက်အရ ၎င်းအား ရဲအောင်ချောင်းရွာ၏ အရှေ့တောင်ဘက် မဲဒီကျေးရွာအနီးရှိ တောလမ်းအတိုင်း ခေါ်ဆောင်သွားခဲ့ပြီး ကျွန်းပေါက်ပြုစုမြောက်ရွာ အဝင်လမ်း၌ မျက်နှာကို ပဝါစည်း၍ နေအိမ်တစ်လုံးသို့ ခေါ်ဆောင်သွားကြောင်း၊ ယင်းနောက် လူ ၁၀ ဦးခန့်က ထိုးနှက်ကန်ကျောက်ရိုက်နှက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များဖြင့် ပူးပေါင်းကာ တာဝန်ရှိသူများအား သတင်းပေးနေသည့်အတွက် အပြစ်ပေးခြင်းဖြစ်ကြောင်းနှင့် ငွေမည်မျှပေးနိုင်မလဲဟု မေးမြန်းခဲ့ကြောင်း၊ ညပိုင်းတွင် မျက်နှာကိုပဝါစည်း၍ ကျောက်ချောင်းကျေးရွာလမ်းခွဲအထိ လူလေးဦးက ပြန်ပို့ခဲ့ပြီး လူစုခွဲထွက်ခွာသွားကြောင်း သိရသည်။

၎င်းကို စစ်ဆေးရာ ကျောအလယ်တွင် ဓားဦးချွန်ဖြင့် ထိုးစိုက်ထားသည့် ဒဏ်ရာတစ်ခုတွေ့ရှိရပြီး ဖမ်းဆီးခေါ်ဆောင်သွားသူများကို တရားဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူနှစ်ဦး ထပ်မံဖမ်းဆီးရမိ





**နေပြည်တော် ဇန်နဝါရီ ၁၇**
မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့သူနှစ်ဦးကို ယနေ့နံနက်ပိုင်းက ဘဒကားကျေးရွာလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီခန့်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ပြီး တိမ်းရှောင်နေသည့် ကျေးနှုတ်သီးရွာနေ အဘ မာမော့ဟူဆောင်း၏ သား ဂျာမာဟူးဆင်းနှင့် အဘ အဒူဆူရီ၏ သား ရာဟတ်တို့နှစ်ဦးကို ဘဒကားကျေးရွာလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး မောင်တောမြို့ရှိ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်(၇၀) ပြည့် ပြည်ထောင်စုနေ့နှင့် (၁၀၂) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ စည်ကားစွာကျင်းပနိုင်ရေး ငွေကျပ်သိန်း ၆၀၀ လှူဒါန်း

**တောင်ကြီး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့နှင့် (၁၀၂)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ပင်လုံညီလာခံကျင်းပရေး တာဝန်ရှိသူများထံ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)က လှူဒါန်း ငွေကျပ်သိန်း ၆၀၀ ကို ဖောင်ဒေးရှင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၆ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) သည် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် မြန်မာပြည်အနှံ့အပြားရှိ ပြည်သူများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စသည်ဖြင့် ကဏ္ဍစုံတွင် လူအားငွေအားဖြင့် တက်ကြွစွာပံ့ပိုး ကူညီလှူဒါန်းလျက်ရှိရာ ပြည်နယ် တစ်ဝန်းလုံး၌ သောက်သုံးရေရှားပါးသောနေရာများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်း၊ ရေတွင်းရေကန်များ ပြန်လည်တူးဖော်တည်ဆောက်ပေးခြင်း၊ ရေသယ်ယာဉ်များ လှူဒါန်းခြင်း၊ ဓီဝိတဒါနသံဃာ့ဆေးရုံ လှူဒါန်းခြင်းနှင့် အေးသာယာအခမဲ့ဆေးခန်းဖွင့်လှစ်၍ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဘော်ဆိုင်း၌ ပြည်သူ့ဆေးရုံ ဆောက်လုပ်လှူဒါန်းခြင်း၊ ဗုဒ္ဓတက္ကသိုလ် ဆောက်လုပ်လှူဒါန်းခြင်း၊ အားကစားနှင့်လူမှုရေး အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများနှင့် အအေးလွန်ကဲသောဒေသများမှ ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည်များ လှူဒါန်းလျက်ရှိပြီး ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော မီးဘေးအန္တရာယ် ကျရောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကူညီလှူဒါန်းပေးနိုင်ခဲ့သည့်အပြင် ရှမ်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်တားဆီး ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကိုလည်း ပေးအပ်လှူဒါန်းခဲ့ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စီမံချက်ချရှင်းလင်းသည့်ပထမနေ့ အဆင်ပြေမှုရှိ



**ရန်ကုန် ဇန်နဝါရီ ၁၇**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသောလုပ်ငန်းများ ဖယ်ရှားရှင်းလင်းသည့် စီမံချက်ကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိပြုလုပ်မည်ဖြစ်ရာ ပထမနေ့ဖြစ်သော ဇန်နဝါရီ ၁၆ ရက် မတိုင်မီ ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် ကိုယ်ပိုင်အစီအစဉ်ဖြင့် စုပုံထားရှိမှုများကို ကြိုတင်ရှင်းလင်းမှုများရှိနေကြောင်း သိရသည်။

လုပ်ငန်းလိုင်စင်မရှိဘဲ ပွဲရုံရှေ့ မြေနေရာများ၌ ယာဉ်အပိုပစ္စည်းများ အစုအပုံကြီးထားရှိမှုတွင် သက်ဆိုင်ရာက ရှင်းလင်းပေးရန် ကြိုတင်အသိပေးမှုကြောင့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ရှင်းလင်းနေသည်ကိုတွေ့မြင်ရသည်။

ဆန်၊ မြေဆီ အပုံကြီးများ၊ ပျံကျဈေးပစ္စည်းအပုံများ၊ ကျူးကျော်အမိုးအကာဈေးဆိုင်ခန်းများ ဖျက်သိမ်း ပြောင်းရွှေ့ထားသည်များကို မြင်တွေ့ရသည်။ ခတ္တာလမ်းအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအရောင်းဆိုင်များတွင်လည်း ပြောင်းရွှေ့ဖယ်ရှားနေကြောင်း သိရသည်။

ပွဲရုံဝင်းအတွင်းရှိ ယာဉ်ရပ်နားကွင်းအတွင်း၌လည်း ရှင်းလင်းမှုနှင့်အတူ အနေးယာဉ်များကို စည်းကမ်းနှင့်အညီ စစ်ဆေးအရေးယူမှုရှိသည်ဟု ပါဝင်လုပ်ဆောင်ပေးနေသည့် NGO အဖွဲ့မှ တာဝန်ရှိသူ ကိုစိန်ဝင်းမြင့်က ပြောသည်။

စီမံချက်ကာလ သုံးရက်သာမက ဖယ်ရှားရှင်းလင်းပြီးနောက် ပြန်လည်ပြုလုပ်ခြင်းမရှိရန် ဆက်လက်စောင့်ကြည့်အရေးယူမှုများ ပြုလုပ်သွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၁၉၉၃ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့သော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယခုကဲ့သို့ စီမံချက်ဖြင့် ရှင်းလင်းပေးမှုကို ပထမဦးဆုံး မြင်တွေ့ရခြင်းဖြစ်ပြီး ယခုအခါ ယာဉ်များ ရပ်နားမောင်းနှင်ရာတွင် လွယ်ကူလာ၍ ယခင် ဖြစ်လေ့ဖြစ်ထရှိသော ယာဉ်ပိတ်ဆို့မှုများ လျော့နည်းလာနိုင်ကြောင်း ကုန်သည် ဦးသက်လွင်က ပြောကြားသည်။

**ခင်ဆိုင်**

# ကျောက်စိမ်းနှင့် သဘာဝဓာတ်ငွေ့ပါဝင်သည့် သဘာဝသယံဇာတဆိုင်ရာ မူဝါဒအကြံပေးချက်၊ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် အကျိုးသက်ရောက်မှု အလုပ်ရုံဆွေးနွေး



**ရန်ကုန် ဇန်နဝါရီ ၁၇**

တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲအနိုင်ရနိုင်ငံရေးပါတီများပါဝင်သည့် ကျောက်စိမ်းနှင့် သဘာဝဓာတ်ငွေ့အပါအဝင် သဘာဝသယံဇာတဆိုင်ရာ မူဝါဒအကြံပေးချက်၊ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် အကျိုးသက်ရောက်မှု အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ ကျင်းပသည်။

နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသည် တိုင်းရင်းသားလူမျိုးရေးရာစင်တာ (Ethnic National Affairs Center-ENAC) သုတေသနဌာနအဖွဲ့မှ သဘာဝသယံဇာတနှင့် ဆက်စပ်သော ကျောက်စိမ်းနှင့် သဘာဝဓာတ်ငွေ့ကို ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်သို့ သွားရောက်ကွင်းဆင်းလေ့လာတွေ့ရှိချက်အပေါ်အခြေခံပြီး အနာဂတ်ဖက်ဒရယ်တည်ဆောက်ရာတွင် အခြေခံသင့်သော သဘာဝသယံဇာတဆိုင်ရာ မူဝါဒအကြံပြုချက်စာတမ်း(မူကြမ်း) ပြုစုလျက်ရှိသည်။ အဆိုပါစာတမ်းအပေါ်အကြံပြုချက်များ ဆက်လက်ရယူရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြစ်သည်။

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီဒုဥက္ကဋ္ဌ မန်းအောင်ပြည်စိုးက "ဖေဖော်ဝါရီလထဲမှာလုပ်မယ့် (၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေးမတိုင်ခင်မှာတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ တစ်ခုပြီးတစ်ခုလုပ်နေတယ်။ ကရင်ဆိုရင် ချမှတ်ထားတဲ့ ခေါင်းစဉ်ငါးခုထဲက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနဲ့သယံဇာတလေးခုစလုံးကို ၁၂ ရက်နေ့မှာ တစ်ပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားတွေကိုခေါ်ပြီးလုပ်တယ်။ ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀ ကရင်ပြည်နယ်မှာ နောက်ဆုံးအဆင့်အဖြစ်လုပ်မယ့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာတော့ ဆန္ဒတွေ တစ်သံတည်းဖြစ်ဖို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ လူ ၇၀၀ လောက်ကို ဖိတ်ထားတယ်။ ကရင်နိုင်ငံရေးပါတီတွေနဲ့ ကရင်လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့ကနေ ကြီးကြပ်ပြီးလုပ်တာပါ။ ကရင်ပြည်နယ်အစိုးရကလည်း ကူညီပါတယ်။ အခုဆွေးနွေးပွဲက ခြောက်လတစ်ကြိမ်ကျင်းပမယ့် ပင်လုံညီလာခံအတွက် အများကြီးအထောက်အကူပြုပါတယ်။ အခု အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ကရင်ပြည်နယ်၊ တနင်္သာရီနဲ့ နေပြည်တော်မှာလုပ်မယ်။ ကျန်တဲ့ တိုင်းရင်းသားတွေလည်း ဆက်လက်ဆောင်ရွက်ကြပါ။ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့အောင်မြင်မှုနဲ့ အားနည်းချက် ချို့ယွင်းချက်တွေ ဘယ်လိုရှိသလဲဆိုတာ ဆက်လက်နားထောင်ရင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ချီတက်ကြပါစို့" ဟု နိဂုံးချုပ်အမှာစကားတွင် ပြောကြားသည်။

နှစ်ရက်တာဆွေးနွေးပွဲသည် ဆုံးဖြတ်ချက်ချ ဆွေးနွေးခြင်းမဟုတ်ဘဲမတူညီသည့် ရှုထောင့်ပုံစံအမျိုးမျိုးဖြင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆွေးနွေးချက်မှ ရရှိသည့်အချက်များကို အနာဂတ်ဖက်ဒရယ်တည်ဆောက်ရာတွင် အခြေခံသင့်သော သဘာဝသယံဇာတဆိုင်ရာ မူဝါဒအကြံပြုချက် စာတမ်း(မူကြမ်း)တွင် ထည့်သွင်းမည်ဖြစ်ကြောင်း၊ အစိုးရဘက်မှ ပြင်ဆင်ထားတာရှိမည်ဖြစ်သလို တိုင်းရင်းသားများဘက်ကလည်းစဉ်းစားချက်အမျိုးမျိုးနှင့် စဉ်းစားသည့် ပုံစံများရှိကြောင်း၊ ပြန်ညှိနှိုင်းပြီး တိုင်းပြည်အတွက် အကောင်းဆုံးအခြေအနေအဖြစ် သဘာဝသယံဇာတနှင့်ပတ်သက်၍ ရှေ့လျှောက်မည်သို့ ဆောင်ရွက်မည်ကို ဆက်လက်ညှိနှိုင်းမည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်က ဖြေကြားသည်။

စိုင်းညွန့်လွင်က "ဒီအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ချင်းမိုင်မှာလည်း နှစ်ရက်လုပ်ခဲ့ပြီးပါပြီ။ အပြင်မှာရှိနေတဲ့ လက်နက်ကိုင်အဖွဲ့တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ လုပ်ခဲ့တယ်။ အခုက ပြည်တွင်းမှာရှိနေတဲ့ နိုင်ငံရေးပါတီတွေနဲ့ ဆက်လုပ်တယ်။ မြန်မာပြည်မှာ အရေးကြီးဆုံးက အခြေခံဥပဒေပြင်ဆင်ရေးတွေ လုပ်ဖို့ရှိတယ်။ ဖက်ဒရယ်ပြည်ထောင်စုလည်းထူထောင်မယ် စသည်ဖြင့်ပေါ့။ ဖက်ဒရယ်ပြည်ထောင်စုမှာ အရေးကြီးဆုံးက အာဏာခွဲဝေရေးနဲ့ ငွေကြေးဆိုင်ရာခွဲဝေမှုပေါ့။ အဲ့ဒီမှာမှ သဘာဝအရင်းအမြစ်တွေ ခွဲဝေတာဝန်ယူရတဲ့ အပိုင်းတွေရှိတယ်။ သဘာဝသယံဇာတနဲ့ပတ်သက်လို့ အရေးကြီးတဲ့အရာတွေ ဆောင်ရွက်ဖို့လိုတယ်။ ဒါက ကြိုတင်ပြင်ဆင်တဲ့သဘောပါပဲ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တင်သွင်းချင်မှလည်း တင်သွင်းနိုင်ဦးမယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထပ်ပြီးဆွေးနွေးဖြစ်ဦးမလားတော့ မသိဘူး" ဟု ပြောသည်။

နှစ်ရက်တာပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် သဘာဝသယံဇာတဆိုင်ရာ မူဝါဒအကြံပေးချက်၊ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနဲ့ အကျိုးသက်ရောက်မှု အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့(UNA)၊ တိုင်းရင်းသားပါတီများဖြင့် ဖွဲ့စည်းထားသော ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF)နှင့် အနိုင်ရပါတီများ တက်ရောက်ကြသည်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာက "ကျောက်စိမ်းက ကျွန်တော်တို့ ကချင်ပြည်နယ်ကထွက်တဲ့ သယံဇာတ နောက်ပြီးတော့ အဲ့ဒါက တော်တော်လည်းအရေးကြီးတဲ့ဟာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာက ကျောက်စိမ်းတူးဖော်ရောင်းချမှုအနေအထားက စနစ်မကျဘူး။ အဲ့ဒါကို စနစ်တကျ တူးဖော်ရောင်းချစေချင်တယ်။ ဒါကြောင့် လာမယ့်အချိန်အခါမှာ ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်ကြတဲ့အခါမှာ ကျွန်တော်တို့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားဖို့ဆိုပြီး သဘောတူညီချက်၊ ပြည်ထောင်စုသဘောတူညီချက်ရရှိပြီဆိုရင် အဲ့ဒီသဘောတူညီချက်နဲ့ ကိုက်ညီတဲ့ အခြေခံဥပဒေရေးဆွဲရမယ်။ အဲ့ဒီအခြေခံဥပဒေက ဖက်ဒရယ်အခြေခံမူတွေဖြစ်မယ်။ ကျွန်တော်တို့က သယံဇာတပေါင်းစုံ ကျောက်စိမ်းအပါအဝင်ပေါ့လေ၊ စနစ်တကျ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်သွားနိုင်ဖို့ ဒီနေ့ စုဝေးညှိနှိုင်းကြတာဖြစ်တယ်။ ပြောရရင်တော့ စနစ်တကျ တူးဖော်ရောင်းချစေချင်တယ်။ ဒီသယံဇာတထဲမှာမှ ကျောက်စိမ်းက အဓိကကျတာဖြစ်တယ်၊ ဒီဆွေးနွေးပွဲမှာ အဲ့ဒီကိစ္စက သေချာဆွေးနွေးဖြစ်ခဲ့တယ်" ဟု ဆွေးနွေးပွဲအပြီးတွင် မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ဥရောပဈေးကွက်မှ ထွက်ခွာကြောင်း ဗြိတိန်ဝန်ကြီးချုပ်အတည်ပြုပြောကြား

**လန်ဒန် ဇန်နဝါရီ ၁၇**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂမှဗြိတိန် အပြီးထွက်ခွာရေးလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ မေသည် အီးယူမှ ဗြိတိန်ထွက်ခွာရေးဆိုင်ရာ မိန့်ခွန်းတွင် ဥရောပသမဂ္ဂမှ ထွက်ခွာမည့် အစိုးရအဖွဲ့၏ နည်းဗျူဟာများကို ပုံကြမ်းချပြခဲ့သည်။ ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ အဓိကအချက် ၁၂ ခုကိုလည်း ၎င်းက ထည့်သွင်းခဲ့သည်။

ဝန်ကြီးချုပ် ထရီဆာမေသည် ၎င်းအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ထွက်ခွာရာတွင် ဗြိတိန်ကို မပြတ်မသားဖြစ်စေမည့် အဖွဲ့ဝင်များကို အလိုမရှိကြောင်း ပြောကြားခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်တင်းကျပ်ရေး လုပ်ဆောင်နေစဉ်အတွင်း ဈေးကွက်ဝင်ရောက်ခွင့် ထိန်းချုပ်ရေးလုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း မေက ပြောကြားခဲ့သည်။

သို့သော်လည်း ဥရောပခေါင်းဆောင်များကမူ ဗြိတိန်အနေဖြင့် ဈေးကွက်ထိန်းချုပ်ရေးကို ဆက်လက်လုပ်ဆောင်လိုခဲ့လျှင် ဗြိတိန်အား ဥရောပသမဂ္ဂဈေးကွက် အုပ်စုများထဲမှ အကောင်းဆုံးကို ရွေးထုတ်ခွင့်ပြုမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဈေးကွက်မှ ဗြိတိန်ထွက်ခွာမှုသည် ဗြိတိန်၌ အခြေစိုက်ထားသည့် ပြည်ပတင်ပို့သူများနှင့် ငွေကြေးထည့်ဝင်သည့် အဖွဲ့အစည်းများကို ထိခိုက်စေနိုင်ကြောင်း ပညာရှင်အချို့က သုံးသပ်ခဲ့ကြသည်။ **(အင်န်အိတ်ခ်ျကေ)**

# ယူအေအီးတွင် မိုးပျံဘောလုံးတစ်စင်းပျက်ကျ ကမ္ဘာလှည့်ခရီးသည်များ ဒဏ်ရာရ

**ဒူဘိုင်း ဇန်နဝါရီ ၁၇**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရှိ ရှာဂျာသဲကန္တာရပေါ်တွင် ပျံသန်းနေသည့် မိုးပျံဘောလုံးတစ်စင်း ပျက်ကျခဲ့သောကြောင့် ကမ္ဘာလှည့်ခရီးသည်ခြောက်ဦးနှင့် မိုးပျံဘောလုံးမောင်းနှင်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရှာဂျာရဲတပ်ဖွဲ့က ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။




ဒဏ်ရာရရှိသူများသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း မသိရသေးသော်လည်း ၎င်းတို့သည် ဥရောပနှင့် အာရှမှ ကမ္ဘာလှည့်ခရီးသည်များ ဖြစ်နိုင်ကြောင်း ရှာဂျာရဲတပ်ဖွဲ့၏ပြောကြားမှုကို ယူအေအီး နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

လေတိုက်နှုန်း သို့မဟုတ် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် မတော်တဆ ဖြစ်ပွားနိုင်ခြေရှိသော်လည်း ပျက်ကျသည့် အကြောင်းရင်းအတိအကျကို သိရှိရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့တစ်ဦး၏ ပြောကြားချက်ကို ကိုးကားကာ အဆိုပါသတင်းတွင် ဖော်ပြခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် မိုးပျံဘောလုံးခရီးစဉ်များသည် ကမ္ဘာလှည့်ခရီးသွားများနှင့် ဒေသခံများကြား ထင်ရှားကျော်ကြားသော ခရီးစဉ်များဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# နိုက်ကလပ်တိုက်ခိုက်ခဲ့သူအား အစ္စတန်ဘူလ်၌ ဖမ်းဆီးနိုင်ခဲ့

**အန်ကာရာ ဇန်နဝါရီ ၁၇**

တူရကီရှိ နိုက်ကလပ်တစ်ခုကို နှစ်သစ်ကူးညက တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် သေနတ်သမားအား နှစ်ပတ်ကြာအောင် စုံစမ်းရှာဖွေမှုများ လုပ်ဆောင်ခဲ့ပြီးနောက်တွင် အစ္စတန်ဘူလ်မြို့စွန်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း ပုန်းခိုနေရာမှ ရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အစ္စတန်ဘူလ်မြို့ အုပ်ချုပ်ရေးအာဏာပိုင်ဗားဆစ်ရှာဟင်က တရားခံ၏ အမည်မှာ အဗ္ဗဒူလ်ဂါဒါမာရှရီပေါ့ဖြစ်ပြီး ဥဇ္ဗဘက်ကစ္စတန်၌ ၁၉၈၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အာဖဂန်၌ လေ့ကျင့်ခဲ့ကြောင်း ပြောကြားခဲ့သည်။ မာရှရီပေါ့အား ညသန်းခေါင် အချိန်တွင် အပေါင်းအပါလေးဦးနှင့်အတူ ဖမ်းဆီးခဲ့သည်။ ၎င်း၏ လက်ဗွေမှာလည်း အခင်းဖြစ်ပွားသည့်နေ့က လက်ဗွေရာများနှင့် တစ်ထပ်တည်းကျနေပြီး ပြစ်မှုကျူးလွန်ကြောင်းကို မာရှရီပေါ့က ဝန်ခံခဲ့သည်ဟု ရှာဟင်က ပြောကြားခဲ့သည်။

အကြမ်းဖက်မှုကျူးလွန်ခဲ့သူသည် ဘာသာစကားလေးမျိုးတတ်ကျွမ်းသည့် ပညာတတ်တစ်ဦးဖြစ်ကြောင်း ရှာဟင်ကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် ဂျီဟတ်စစ်သွေးကြွအုပ်စုများသည် ဆီးရီးယားစစ်ပွဲအတွင်း တူရကီတပ်ဖွဲ့ဝင်များ၏ ပါဝင်ခဲ့မှုအတွက် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပြီးဖြစ်သည်။ **(ရိုက်တာ)**

# အော်လန်ဒိုနိုက်ကလပ် တိုက်ခိုက်ခဲ့သူ၏ဇနီးကို ဖမ်းဆီး

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

၂၀၁၆ ခုနှစ် ဇွန်လကဖြစ်ပွားခဲ့သော အော်လန်ဒိုမြို့နိုက်ကလပ်တစ်ခုအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် သေနတ်သမား အိုမာမာတီးန်၏ ဇနီးဖြစ်သူကိုလည်း အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က ယမန်နေ့က ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အမေရိကန်သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံး သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ခဲ့သော အော်လန်ဒိုနိုက်ကလပ်ပစ်ခတ်မှုတွင် ပြစ်မှုကျူးလွန်သူ ခင်ပွန်းအား အားပေးကူညီမှုဖြင့် နော်ဆယ်မန်ကို ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း စီဘီအက်စ်သတင်းဌာနက ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုအတွင်း ခင်ပွန်းဖြစ်သူ မာတီးန်က အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို သစ္စာခံကြောင်း ပြောခဲ့သည်။ မာတီးန်၏ဇနီးအား ဇန်နဝါရီ ၁၇ ရက်တွင် ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာဖဂန်လုံခြုံရေးတပ်ဖွဲ့ မောင်းသူမဲ့ယာဉ်တစ်စီးပျက်ကျ

**ဂျာလာလာဘတ် ဇန်နဝါရီ ၁၇**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ်တစ်စင်း အာဖဂန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ် ဘာတီကော့တ်ခရိုင်တွင် စစ်သွေးကြွများကို တိုက်ခိုက်နေစဉ် ပျက်ကျခဲ့ကြောင်း ဒေသခံတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၇ ရက်တွင် ပြောခဲ့သည်။

စစ်သွေးကြွများရှိရာ နေရာများကို တိုက်ခိုက်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျခြင်းမှာ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း နန်ဂါဟာပြည်နယ်ဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ အတူလာကို ဂီယာနီက ပြောကြားခဲ့သည်။

သို့သော်လည်း တာလီဘန် စစ်သွေးကြွတို့က ယမန်နေ့က အဆိုပါလေယာဉ်အား ပစ်ချခဲ့ခြင်းဖြစ်ကြောင်း သတင်းဖော်ပြမှုများ ရှိခဲ့သည်။

အာဖဂန်နစ္စတန်တွင် မောင်းသူမဲ့လေယာဉ်များကို စစ်သွေးကြွများအား နှိမ်နင်းရာတွင် ကျယ်ပြန့်စွာအသုံးပြုလျက်ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးစားလုပ်ဆောင်သွားမည်ဟု အာဘေး ကတိပြု

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အာရှပစိဖိတ်ဒေသ၏တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖိလစ်ပိုင်၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများသို့ သွားရောက်သည့်ခရီးစဉ်များ အဆုံးသတ်ချိန်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဘေးက အလည်အပတ်သွားရောက်ခဲ့သည့်နိုင်ငံတိုင်းသည် အရေးပါသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ လေးနိုင်ငံခေါင်းဆောင်များက လေကြောင်း၊ ရေကြောင်းသွားလာမှုလွတ်လပ်ခွင့်သည် အလွန်အရေးပါကြောင်းကို အပြည့်အဝ သဘောတူညီထောက်ခံခဲ့ကြကြောင်းနှင့် အဆိုပါရေကြောင်း၊ လေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လုံခြုံမှုရှိစေရန်အတွက် ဥပဒေဆိုင်ရာ စည်းမျဉ်းများကို အခိုင်အမာထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်အာဘေးသည် ဂျပန်နှင့်အမေရိကန်တို့၏ မဟာမိတ်အဖြစ်ပူးပေါင်းမှုမှတစ်ဆင့် အာရှပစိဖိတ်ဒေသနှင့်အိန္ဒိယသမုဒ္ဒရာအထိ ဖြန့်ကြက်လျက်ရှိသည့် ဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် အကျိုးစီးပွားတိုးတက်ရေးကို အားစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသတွင်း အေးချမ်းတည်ငြိမ်မှုရရှိရေးအတွက် အမေရိကန်၏ကတိကဝတ်ပြုမှုသည် မဖြစ်မနေလိုအပ်သည်ဟု ယူဆကြောင်း၊ ဂျပန်နိုင်ငံနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးရှိသည့် အရှေ့တောင်အာရှနိုင်ငံများ၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံများနှင့်အတူ ပူးပေါင်းလက်တွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ခ်ျကေ)**



# ယခင်ကထက် ပိုမိုပြေပြစ်လာတဲ့ အမေရိကန်-ကျူးဘား ဆက်ဆံရေး

**ချိုးစန္ဒီနွေး**



အမေရိကန်နဲ့ ကျူးဘားဆိုတာ တစ်ခါတုန်းက တကယ့်ရန်ဘက်နိုင်ငံတွေပါ။ ကျူးဘားနိုင်ငံကနေ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခိုလှုံဖို့ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေလည်း ရှိပါတယ်။ အမေရိကန်နိုင်ငံအတွင်းမှာ အမြဲတမ်းနေထိုင်ခွင့်ရဖို့ထွက်ပြေးလာတဲ့ ကျူးဘားဒုက္ခသည်တွေဟာ အမေရိကန်နဲ့ ကျူးဘားနှစ်နိုင်ငံအကြား ရေပိုင်နက်အတွင်းမှာ ဖမ်းဆီးခံရမယ်ဆိုရင် ၎င်းကို ကျူးဘားနိုင်ငံအတွင်း ပြန်ပို့တာပဲဖြစ်ဖြစ် ဒါမှမဟုတ် တတိယနိုင်ငံတစ်ခုခုကို ပို့ဆောင်ခြင်းခံရမှာပဲဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေဟာ အမေရိကန်ကမ်းခြေအထိ ရောက်အောင်လာနိုင်ခဲ့မယ်ဆိုရင်တော့ အမေရိကန်နိုင်ငံအတွင်းမှာ နေထိုင်ဖို့ အခွင့်အရေးရမှာပဲဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ဗီဇာမလိုဘဲ အမေရိကန်နိုင်ငံအတွင်း တရားဝင်နေထိုင်ခွင့်ရမယ့် နည်းလမ်းပဲဖြစ်ပါတယ်။ ဒီမူဝါဒဟာ ဆယ်စုနှစ်နှစ်ခုကျော်အကြာ ကျင့်သုံးခဲ့တဲ့ နည်းလမ်းပဲဖြစ်ပါတယ်။ အခုချိန်မှာတော့ ဒီမူဝါဒကို အဆုံးသတ်တော့မယ်လို့ အိုဘားမားရဲ့အစိုးရအဖွဲ့က ကြေညာခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံအတွင်းကို တရားမဝင်တဲ့နည်းလမ်းနဲ့ ဝင်ရောက်လာတဲ့ ကျူးဘားဒုက္ခသည်တွေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရည်အချင်းတွေနဲ့ ပြည့်မီမှုမရှိဘူးဆိုရင်တော့ အမေရိကန်နိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့်ရမှာ မဟုတ်တော့ပါဘူး။ ကျူးဘားဒုက္ခသည်တွေဟာ အခြားနိုင်ငံက ဒုက္ခသည်တွေနဲ့ အခွင့်အရေးတန်းတူဖြစ်သွားပါပြီ။

ဒီအပြောင်းအလဲကို လုပ်ဖို့အတွက် အမေရိကန်နဲ့ ကျူးဘားအစိုးရဟာ လပေါင်းများစွာကြာအောင် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ အမေရိကန်မှာနေထိုင်ဖို့ သတ်မှတ်ချက်တွေနဲ့မပြည့်တဲ့ ဒုက္ခသည်တွေကို ကျူးဘားနိုင်ငံကို ပြန်လွှတ်မှာဖြစ်ပြီး ကျူးဘားဘက်ကလည်း ကြည်ကြည်ဖြူဖြူနဲ့ လက်ခံပေးဖို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ဖလော်ရီဒါကို ဝင်ရောက်ဖို့ ကြိုးစားတဲ့ ကျူးဘားလူမျိုး ထောင်ပေါင်းများစွာကို နှစ်စဉ်နှစ်တိုင်း ပင်လယ်ပြင်မှာပဲ ဖမ်းမိပေမယ့် ကမ်းခြေကို ရောက်အောင်လာနိုင်တဲ့ ဒုက္ခသည်အရေအတွက်ဟာလည်း ထောင်ပေါင်းများစွာ ရှိပါတယ်။ ကမ်းခြေကို ရောက်လာတဲ့အခါမှာတော့ အခြားနိုင်ငံက ဒုက္ခသည်တွေဆိုရင် မူလတိုင်းပြည်ကို ပြန်လည်ပို့ဆောင်ပေးတယ်။ကျူးဘားတွေကိုတော့ ဆက်လက်နေထိုင်ခွင့်ပေးခဲ့ပါတယ်။ အခုတော့ ဒါတွေအားလုံးဟာ အဆုံးသတ်သွားပါပြီ။ မူဝါဒအပြောင်းအလဲတစ်ခုအောက်မှာ ဒုက္ခသည်တွေအားလုံးဟာ အခွင့်အရေးတန်းတူဖြစ်သွားပါပြီ။ ကျူးဘားဘက်ကတော့ မူဝါဒအပြောင်းအလဲကို ကြိုဆိုပါတယ်။ ဘာလို့လဲဆိုရင် ဒီလိုပြောင်းလဲလိုက်ခြင်းကြောင့် လူကုန်ကူးတာတွေနဲ့ အန္တရာယ်တွေရောပြွမ်းနေတဲ့ ခရီးကြမ်းကို စွန့်စားကျော်ဖြတ်တာတွေကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ သက်ရောက်မှုရှိစေနိုင်လို့ပါပဲ။



အမေရိကန်မှာရောက်ရှိနေတဲ့ ကျူးဘားလူမျိုးတွေကတော့ ဒီမူဝါဒအပြောင်းအလဲနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ ကြပါတယ်။ သူတို့ထဲက တချို့ကတော့ ဒီလိုမျိုးပြောင်းလဲလိုက်တာဟာ မကောင်းဘူးလို့ ရှုမြင်ကြပါတယ်။ တချို့ကတော့ ကျွန်းနိုင်ငံတစ်ခုအတွက် ကောင်းလာနိုင်တယ်လို့လည်း မြင်ကြပြန်ပါတယ်။ ကျူးဘားနိုင်ငံကနေ မိသားစုအလိုက်ထွက်ပြေးလာပြီး အမေရိကန်မှာ အခြေချနေတဲ့ ဆရာဝန်တစ်ဦးဖြစ်သူ အော်လန်ဒိုဆေးလ်မားကတော့ ဒီပြောင်းလဲမှုဟာ ကွန်မြူနစ်ကို ထောက်ခံထားတာနဲ့အတူတူပဲလို့ ဝေဖန်ခဲ့ပါတယ်။

သူ့လိုပဲ တခြားမကျေနပ်တဲ့ လူတွေလည်းရှိပါသေးတယ်။ ကျူးဘားလူမျိုး မက္ကင်းနစ်တစ်ဦးဖြစ်တဲ့ မာရီယိုဂါဆီယာကတော့ ဒီပြောင်းလဲမှုကို လုံးဝသဘောမတူဘူးလို့ ပြောခဲ့ ပါတယ်။ “ ကွန်မြူနစ်ဝါဒဟာ ကျူးဘားမှာ ဆက်လက်ကျင့်သုံးနေဦးမှာပဲ။ ဒါကြောင့် လူတွေရဲ့ဘဝကို ကယ်တင်ဖို့ ဘာကြောင့်ရပ်တန့်ပစ်ရတာလဲ” လို့ ပြောခဲ့ပါတယ်။

ဒါပေမယ့်လည်း ကျူးဘားနဲ့ အမေရိကန်တို့ သဘောတူညီထားမှုအရ သတ်မှတ်ချက်နဲ့ ပြည့်မီမှုမရှိတဲ့ ဒုက္ခသည်တွေဟာ နေရပ်ကို ပြန်လည်ပို့ဆောင်ခြင်းခံရမှာပဲ ဖြစ်ပါတယ်။ ယနေ့ခေတ်အခါမှာတော့ ပြောင်းရွှေ့အခြေချနေထိုင်ခြင်းဆိုတာ လူအများကြားမှာ ပေါ်ပေါက်နေတဲ့ အရာတစ်ခုပါပဲ။ ထိန်းချုပ်ဖို့လည်း ခက်ခဲလှပါတယ်။ ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ဖို့ရာ ပြောင်းရွှေ့အခြေခံနေထိုင်ဖို့ကို လူတွေ စိတ်ဝင်စားလာကြပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းမှာ အမေရိကန်ကို ရောက်ရှိလာတဲ့ ကျူးဘားလူမျိုး ၄၀၀၀၀ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှာတော့ ၅၄၀၀၀ အထိ ရှိလာခဲ့ပါတယ်။

အမေရိကန်နဲ့ ကျူးဘားဆိုတာကလည်း တစ်ချိန်တုန်းက ညှိနှိုင်းဖို့ခက်ခဲတဲ့ ရန်ဘက်နိုင်ငံတွေပါ။ နှစ်နိုင်ငံဆက်ဆံရေးဟာ ကာလအတန်ကြာ အတော်လေး တင်းမာခဲ့ပါတယ်။ အမေရိကန်သမ္မတ အိုဘားမားလက်ထက်မှာတော့ နှစ်နိုင်ငံဆက်ဆံရေးပြေပြစ်ဖို့ ကြိုးစားလာခဲ့ပါတယ်။ မနှစ်တုန်းက သမ္မတအိုဘားမားဟာ ကျူးဘားနိုင်ငံ ဟာဗားနားမြို့ကို တရားဝင်အလည်ပတ်ခရီး သွားရောက်ခဲ့ပါတယ်။ ဒါဟာဆိုရင် နှစ်ပေါင်း ၉၀ အတွင်းမှာ ပထမဦးဆုံး ရာထူးလက်ကိုင်ရှိတဲ့ အမေရိကန်သမ္မတတစ်ဦးအနေနဲ့ ကျူးဘားနိုင်ငံကို သွားရောက်ခဲ့တာပါ။

၂၀၁၄ ဒီဇင်ဘာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာပြီလို့ သမ္မတအိုဘားမားနဲ့ ကျူးဘားသမ္မတ ရာအူးလ်ကက်ထစရိုတို့ ကြေညာခဲ့ချိန်ကစပြီး နှစ်နိုင်ငံကြားမှာ ပုံမှန်ဆက်ဆံရေးရှိဖို့ အိုဘားမားက ကြိုးပမ်းလုပ်ဆောင်ခဲ့တာပါပဲ။ လွန်ခဲ့တဲ့နှစ်က သမ္မတအိုဘားမား ကျူးဘားကို မသွားခင်ကတော့ သတ်မှတ်ချက်နဲ့ မပြည့်စုံတဲ့ ဒုက္ခသည်အချို့ကို ပြန်ပို့မယ်ဆိုတဲ့ မူဝါဒကို အကောင်အထည်ဖော်ဖို့ လုပ်ဆောင်ခြင်းမရှိသေးပါဘူး။

နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်အတိုင်းဖြစ်စေဖို့ အမေရိကန်ရဲ့လုပ်ဆောင်ချက်အချို့ဟာ အသုံးဝင်သလားဆိုတာ စဉ်းစားစရာဖြစ်လာခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ ကျူးဘားနိုင်ငံရဲ့ သက်တမ်းရှည် ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဖီဒယ်ကက်စထရိုဟာ ကွယ်လွန်ခဲ့ပါတယ်။ သမ္မတ အိုဘားမားဟာလည်း သူ့ရဲ့ရာထူးသက်တမ်းနောက်ဆုံးအချိန်အတွင်းမှာ ကျူးဘားနဲ့ဆက်ဆံရေး ပြေလည်ဖို့ ကြိုးစားနေပါတယ်။ မကြာမီအချိန်အတွင်း အမေရိကန်မှာ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်ဟာ သမ္မတအဖြစ် တာဝန်ယူရတော့မှာပါ။

သမ္မတသစ်ရဲ့ လက်ထက်မှာရော အမေရိကန်-ကျူးဘားဆက်ဆံရေးဟာ ဘယ်လိုအခြေအနေမျိုးဖြစ်လာမှာလဲ။ အရင်ထက်ပိုပြီးတော့ ကောင်းလာမှာလား။ ဒါမှမဟုတ် အခြေအနေတွေ ပိုပြီးတင်းမာလာမှာလား ဆိုတာကတော့ ခန့်မှန်းလို့ မရသေးပါဘူး။ သဘောထားတင်းမာတဲ့ သမ္မတသစ်ရဲ့လက်ထက်မှာတော့ အရင်သမ္မတလုပ်ဆောင်ခဲ့တဲ့ အပြောင်းအလဲတွေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမလား ဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။

၂၀၁၃ ခုနှစ် စာရင်းအရ အမေရိကန်ပြည်ထောင်စုမှာ ကျူးဘားအနွယ် လူဦးရေ နှစ်သန်းကျော်ရှိပြီး အဲဒီထဲက ၆၈ ရာခိုင်နှုန်းမှာ ဖလော်ရီဒါမှာနေထိုင်ကြတယ်လို့ ဆိုပါတယ်။ လတ်တလောပြောင်းရွှေ့လာသူတွေနဲ့ အမေရိကန်ရောက်မှ မွေးဖွားလာတဲ့ ကျူးဘားအနွယ်ဝင်တွေကတော့ နှစ်နိုင်ငံဆက်ဆံရေးကို အရင်ထက်ပိုပြီးအဆင်ပြေစေချင်မှာအမှန်ပါပဲ။ အသစ်ချမှတ်လိုက်တဲ့ မူဝါဒအသစ်ကြောင့် လူကုန်ကူးမှုတွေ လျော့ကျလာပြီး နှစ်နိုင်ငံဆက်ဆံရေးပိုကောင်းလာရင်တော့ ဝမ်းသာစရာပါ။

**ကိုးကား-ရိုက်တာ၊ စီအင်န်အင်န်(၁၂.၁.၂၀၁၇)**

# ကျောင်းရေရှည်တည်တံ့ရေးနှင့် ပညာသင်ကြားမှုအဆင်ပြေစေရေး ဂန်ချောင်းရွာနှင့်ထုံးဝရွာအကြား ကျောင်းဆောက်ပေးရန်ဆန္ဒဖော်ထုတ်

**ညောင်တုန်း ဇန်နဝါရီ ၁၇**

၁၉၅၃ ခုနှစ်ကစတင်၍ တည်ရှိခဲ့သော ဂန်ချောင်းအလက ကျောင်းကို ဂန်ချောင်း-ထုံးဝနှစ်ရွာအကြား လျာထားသော မြေကွက်၌ ကျောင်းဆောက်လုပ်ရေး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်စီတန်းလှည့်လည်ပွဲကို ဇန်နဝါရီ ၁၆ ရက်နံနက် ၁၀ နာရီက ညောင်တုန်းမြို့ မိုးဟုတ်ဘုရားကြီးမှစတင်၍ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဂန်ချောင်းရွာမှ ကျေးလက်ပြည်သူ ၁၀၀ တို့သည် မိုးဟုတ်ဘုရားမှ ပိုလ်ချုပ်လမ်း၊ လမ်းမတော်၊ သွန်းဘုရားကြီးလမ်း၊ ခိုင်ရွှေဝါလမ်း၊ အာဇာနည်လမ်းတစ်လျှောက် မိုးဟုတ် ဘုရားကြီးအထိ ဆန္ဒဖော်ထုတ်ပွဲနဖူးစည်းစာတန်း၊ လက်ကိုင်ဗီနိုင်းနှင့် ပိုစတာများကို ကိုင်ဆောင်ပြီး ကြွေးကြော်ကာဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ညောင်တုန်းမြို့နယ် ဂန်ချောင်းအထကကျောင်း၌ ကမ်းပြိုမှုကြောင့် ပျက်ခဲ့ရသောကျောင်းကို ထုံးဝကျေးရွာ၌ ကျောင်းဆောက်လုပ်ခြင်းကို ကန့်ကွက်ခြင်းဖြစ်ပြီး ထုံးဝရွာနှင့် ဂန်ချောင်းရွာအကြား လျာထားသော မြေကွက်၌ ကျောင်းဆောက်လုပ်ရေးအတွက် ဂန်ချောင်းရွာမှ ဦးဆောင်သူ ဦးမြသောင်းနှင့် ကျေးလက်ပြည်သူ ၁၀၀ ခန့်တို့က ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြခြင်းဖြစ်သည်။

“လွန်ခဲ့တဲ့နှစ် ၅၀ ခန့်ကတည်းက ဂန်ချောင်းရွာမှာတည်ရှိခဲ့တဲ့ကျောင်းပါ။ ဂန်ချောင်းရွာသားတွေ ဆန္ဒမပါဘဲ ထုံးဝရွာသားတွေက အာဏာပိုင်တွေနဲ့ပေါင်းပြီး ၁၂-၃-၂၀၀၂ နေ့က ဖျက်ပြီး ရွှေ့ပြောင်းခဲ့ကြတာပါ။ ထုံးဝရွာမှာ ၂၀၁၅ ခုနှစ်က ကျောင်းဆောင်သစ် အုတ်မြစ်ချထားရာမှာလည်း ကမ်းပြိုသွားလို့ ဆုံးရှုံးနစ်နာမှုတွေရှိခဲ့ပါတယ်။ ကျောင်းရေရှည် တည်တံ့ခိုင်မြဲရေး၊ နှစ်ရွာစလုံးက ကျောင်းသားငယ်တွေ အဆင်ပြေစွာ ကျောင်းတက်နိုင်ရေးတို့အတွက် နှစ်ရွာကြားမှာ ကျောင်းဆောက်ဖို့ တောင်းဆိုဆန္ဒဖော်ထုတ်ရတာပါ”ဟု ဦးဆောင်ကျင်းပသူ ဦးမြသောင်းက ပြောသည်။ **နေလင်း(ညောင်တုန်း)**



# စာအုပ်လမ်းလေး သို့ တစ်ခေါက်

## ဒေါက်တာခင်မောင်လွင် (FAME)

မြန်မာပြည်သူပြည်သားများ စာပေဗဟုသုတ တိုးပွားစေရန် အလို့ငှာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းက ဦးဆောင်ပြီး သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းမပေါ်တွင် ကျင်းပလျက်ရှိသော အပတ်စဉ် "စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း" ကို ဇန်နဝါရီ ၇ ရက်မှ စတင်ပြီး ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ရောင်းချလျက်ရှိရာ စာပေများကို ချစ်မြတ်နိုးသော စာဖတ်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

ဒီ "စာအုပ်လမ်းလေး" မှာ စာအုပ်ဆိုင်များမှ အားတက်သရောပါဝင်ခဲ့ကြပြီး စာဖတ်သူများ အဆင်ပြေပြေ ဝယ်ယူဖတ်ရှုနိုင်ရန်အတွက် လျှော့ဈေးတွေဖြင့် ရောင်းချပေးနေတာကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့ခဲ့ရပါတယ်။ ဒီပွဲမှာ စာပေ ချစ်မြတ်နိုးသူတွေ၊ လူကြီး/လူငယ်တွေ၊ ကလေးငယ်တွေသာမက နိုင်ငံခြားသားများပါ စိတ်ပါဝင်စားစွာ လာရောက်လေ့လာနေတာကို တွေ့ရတဲ့အတွက် မြန်မာနိုင်ငံရဲ့စာပေပြန်လည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အစဟုပင် ဆိုနိုင်ပါတယ်။

ကျွန်တော်တို့ FAME စာပေအနေနဲ့ ဇန်နဝါရီ ၁၄ ရက် စနေနေ့မှ စတင်ကာ ကျန်းမာသုတစာအုပ်တွေကို ပါဝင်ပြသရောင်းချပေးလျက်ရှိပါတယ်။ ယခုလိုရောင်းချနိုင်ရန်အတွက် ဆိုင်ခန်းကြီးကြပ်ရေးကော်မတီမှ စည်းမျဉ်းစည်းကမ်းတွေဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်ပေးထားတာကို တွေ့ရပါတယ်။ စာအုပ်ဆိုင်တွေဘက်ကလည်း ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း စနစ်တကျလိုက်နာပြီး ရောင်းချနေကြတာကို တွေ့မြင်ခဲ့ရပါတယ်။ စာရေးသူကိုယ်တိုင်လည်း စိတ်ပါဝင်စားစွာ စာအုပ်ဆိုင်များကို လွတ်လပ်စွာလေ့လာရင်း ကြိုက်နှစ်သက်သည့် စာအုပ်တွေကို ဝယ်ယူဖြစ်ခဲ့ပါတယ်။ ဒီ "စာအုပ်လမ်းလေး" မှာ ရှေးဟောင်းစာအုပ်တွေ၊ ရှားပါးစာအုပ်တွေ၊ သုတရသစာအုပ်တွေ၊ ကလေးတွေအတွက် ယဉ်ကျေးလိမ္မာစာအုပ်မျိုးစုံအပြင် နိုင်ငံခြားစာပေ အမျိုးမျိုးကိုပါ တစ်နေရာတည်းမှာပဲ စုံစုံလင်လင်တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် စာဖတ်ပရိသတ်များနှင့်လည်း ရင်းနှီးစွာ တွေ့ဆုံခွင့်ရခဲ့တဲ့အတွက်ကြောင့် ဒီပွဲလေးဟာ စာရေးသူနှင့် စာဖတ်ပရိသတ်အကြား ဆက်သွယ်ပေးထားတဲ့ ပေါင်းကူးတံတားလေးလို့ပြောရင်လည်း မမှားပါဘူး။ ယခုလိုပွဲလေးပြုလုပ်ပေးခြင်းဟာ စာဖတ်တဲ့ အလေ့အကျင့်ကို တိုးမြှင့်ပေးသလိုဖြစ်တာကြောင့် စာပေချစ်မြတ်နိုးသူတွေလည်း များပြားလာကာ စာအုပ်စာပေတွေက နေရရှိတဲ့ အသိပညာဗဟုသုတတွေကို မိမိဘဝတိုးတက်ရေးအတွက် ကောင်းမွန်စွာ အသုံးချပြီး မိမိ၏ မိသားစု၊ ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက်ပါ တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါတယ်။

ဒါ့ကြောင့် အမြော်အမြင်ရှိရှိ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဒီလို "စာအုပ်လမ်းလေး" ပြုလုပ်ပေးတဲ့အတွက်ကြောင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်မိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတွင်သာမကဘဲ အခြားနှင့် တိုင်းပြည်နယ်ဒေသကြီးများတွင်ပါ ကျင်းပပေးနိုင်ရင် ပြည်သူများအတွက် ပိုမိုအဆင်ပြေလိမ့်မည်ဟု စာဖတ်သူတစ်ယောက်အနေနဲ့ ထင်မြင်မိပါတယ်။ ဒီ "စာအုပ်လမ်းလေး" ရေရှည်တည်တံ့နိုင်ဖို့ အားလုံးပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးဖို့လည်း အရေးကြီးပါတယ်။ တာဝန်ရှိသူများဘက်ကလည်း အတတ်နိုင်ဆုံး လိုအပ်ချက်မရှိအောင်၊ ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးထားတာကို တွေ့ခဲ့ရပါတယ်။ ပိုမိုပြည့်စုံစေရန်အတွက် စာရေးသူအနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်၍ အကြံပြုချက်တစ်ခုကို ပြောကြားလိုပါတယ်။ အဲ့ဒါကတော့ ကျန်းမာရေးအတွက် အပေါ့အပါးသွားရန် စီစဉ်ပြုလုပ်ပေးထားတဲ့ ယာယီအများသုံးအိမ်သာများမှာ သန့်ရှင်းမှုအားနည်းတာ၊ ရေအလုံအလောက် မရရှိတာတွေကို ကြားသိခဲ့ရတဲ့အပြင် ကိုယ်တိုင်လည်း မြင်တွေ့ခဲ့ရပါတယ်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲအထိ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ရောင်းချလျက်ရှိရာတွင် ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုကြောင်း မေတ္တာဖြင့် အကြံပြုတင်ပြလိုက်ရပေသည်။





## ကွမ်းလုံမြို့နယ်၌ ကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ် ကွမ်းလုံနှင့် နားတီးကြား၌ လမ်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းက ကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ယနေ့မွန်းလွဲပိုင်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွမ်းလုံနှင့်နားတီးအကြား၌ လမ်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ယနေ့ညနေ ၃ နာရီခွဲခန့်တွင် မသင်္ကာဖွယ် Harrier အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံရှင်းလင်းခဲ့ရာ မိုင်တိုင်အမှတ် ၃၇ နေရာ၌ ယာဉ်မောင်းမှာ မော်တော်ယာဉ်ကိုရပ်တန့်ပြီး ထွက်ပြေးသွားသဖြင့် ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်မှ အိုက်စ် တစ်ထုပ်လျှင် တစ်ကီလိုဂရမ်ပါ ၁၈ ထုပ်နှင့် တစ်ထုပ်လျှင် ဒသမ ၇ ကီလိုဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း ၁၉ ထုပ် စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၃၇၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိယာဉ်နှင့် မူးယစ်ဆေးဝါးများအား ကွမ်းလုံမြို့နယ်ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# စိုက်ပျိုးရေးဘွဲ့ရကျောင်းဆင်းများမှ စိုက်ပျိုးရေးတက္ကသိုလ်သို့ စာသင်ခုံများလှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၁၇**
စိုက်ပျိုးရေးဘွဲ့ရ (၁၉၈၄-၁၉၉၂) ကျောင်းဆင်းများမှ စိုက်ပျိုးရေးတက္ကသိုလ်အတွက် လိုအပ်သောစာသင်ခုံများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က စိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ(၆)၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ပါမောက္ခများ၊ ၁၉၈၄-၁၉၉၂ စိုက်ပျိုးရေးဘွဲ့ရကျောင်းဆင်း ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဘွဲ့ရကျောင်းဆင်း ကျောင်းသားဟောင်း (၁၉၈၄-၁၉၉၂) စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တက္ကသိုလ်အတွက် မိမိတို့တတ်စွမ်းသမျှ ဆောင်ရွက်ပေးရန် ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဆွေးနွေးတိုင်ပင်ပြီး တက္ကသိုလ်အတွက် လိုအပ်သော စာသင်ခုံများ လှူဒါန်းရန် တိုင်ပင် ဆုံးဖြတ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး စိုက်ပျိုးရေးဘွဲ့ရ ကျောင်းဆင်း ကျောင်းသားဟောင်းများကိုယ်စား ငွေကျပ် ၈၈ သိန်း တန်ဖိုးရှိ စာသင်ခုံ အစုံ ၁၀၀ အား စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ရန်ကုန်တိုင်းဒေသကြီး၏ တရားဥပဒေစိုးမိုးရေး လေ့လာတွေ့ရှိချက် အစီရင်ခံစာ စတုတ္ထအကြိမ် လွှတ်တော်အစည်းအဝေး၌ တင်သွင်းသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**
ပြည်သူလူထုအကြား တရားဥပဒေစိုးမိုးကာ လုံခြုံသော လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်နိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ၊ ဥပဒေရုံးများနှင့် ရဲတပ်ဖွဲ့များအား ကွင်းဆင်းလေ့လာ ဆောင်ရွက်လျက်ရှိသော တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ၏ လေ့လာတွေ့ရှိချက် အကြံပြုအစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော်စတုတ္ထအကြိမ် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိုစိစစ်ရေးကော်မတီမှ သိရသည်။

"တရားဥပဒေ စိုးမိုးမှုမရှိဘူး၊ ပြည်သူလူထု လုံခြုံမှုမရှိဘူးဆိုရင် ဒီမိုကရေစီဖော်ဆောင်တဲ့ နိုင်ငံက အားနည်းချက်ဖြစ်သွားမှာပါ။ဒီအတွက် ပြည်သူတွေအနေနဲ့ ဘက်လိုက်မှုကင်းတဲ့ မှန်ကန်တဲ့ တရားစီရင်ရေးအရသာကိုရရှိဖို့ လွတ်လပ်စွာ၊ လုံခြုံစွာ၊ အေးချမ်းစွာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် တရားဥပဒေ စိုးမိုးရေးကို အဓိကဆောင်ရွက်နေတဲ့ တရားရုံးတွေ၊ ရဲတပ်ဖွဲ့တွေ၊ ဥပဒေရုံးတွေကို လိုက်လံကွင်းဆင်းလေ့လာပြီး ဌာနတာဝန်ခံတွေနဲ့ အကြံပြု ဆွေးနွေးဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်သူတွေ တရားစီရင်ရေး မဏ္ဍိုင်ကို အမြင်ရှင်းစေဖို့ ဆောင်ရွက်တာပါ။ ရုံးဌာနတွေ၊ ရဲစခန်းတွေမှာ လေ့လာတွေ့ရှိချက်တွေကို အကြံပြုစာရေးပြီး လာမယ့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထအကြိမ်လွှတ်တော် အစည်းအဝေးမှာ တင်သွင်းသွားမှာပါ။ လွှတ်တော်ကတစ်ဆင့် ဝန်ကြီးချုပ်ကိုပေးပို့ပြီး တရားစီရင်ရေး မဏ္ဍိုင်ယိမ်းယိုင်နေမှုတွေ၊ အဂတိလိုက်စားမှုတွေ၊ မမျှတမှုတွေ၊ ဘက်လိုက်မှုတွေ ပေါ်ပေါက်လာရင် ကြားနာစစ်ဆေးမှုတွေလုပ်မယ်။ ဝန်ကြီးချုပ်ကတစ်ဆင့် သက်ဆိုင်ရာဌာနတွေကို စာပို့ပြီး အရေးယူမှုတွေ အဆင့်ဆင့်ဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ ကော်မတီက အရေးယူလို့မရပါဘူး။ အကြံပြုမယ်၊ လေ့လာမယ် စောင့်နေရင် တည့်မတ်ပေးမယ်"ဟု တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောသည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းဖွဲ့စည်းထားသော တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ တရားရုံး၊ ဥပဒေရုံးများနှင့် ရဲစခန်းများသို့ စိစစ်လေ့လာ အကြံပြုချက်များဆောင်ရွက်လျက်ရှိကြောင်း။ မြို့နယ် ၄၅ ခု တွင် ကိုကိုးကျွန်းမြို့နယ်မပါ ၄၄ မြို့နယ်တွင် မြို့နယ်ပေါင်း ၄၀ ထိ စိစစ်လေ့လာပြီးဖြစ်သည်။ ဆက်လက်၍ ရန်ကင်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်မြို့နယ်များအပြင် ခရိုင်လေးခု ကွင်းဆင်းလေ့လာအကြံပြုမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ လေ့လာတွေ့ရှိသော တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများ၏ မြို့နယ်ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်ချက်၊ အားသာချက်များအား အသေးစိတ် သုံးသပ် စိစစ်ကာ အကြံပြုသွားမည်ဖြစ်ကြောင်း စိစစ်ရေးကော်မတီမှ သိရသည်။

ကော်မတီ၏ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်း ၄၀ လေ့လာမှုအရ တရားရေးမဏ္ဍိုင်ကို ပြည်သူများအနေဖြင့် အမြင်မရှင်းကြောင်း သိရသည်။ "အဂတိလိုက်စားမှုတွေ အမှုပွဲစားလုပ်နေတာတွေ တရားရုံးဝန်ထမ်းငယ်များရဲ့ဖောက်ဖျက်မှုတွေ၊ ရှေ့နေတွေ၊ ကျင့်ဝတ်မညီဘဲ အမှုပွဲစားလုပ်နေတာတွေအပြင် တရားရုံးနဲ့တရားသူကြီးတွေအကြားမှာ ပူးပေါင်းပြီး အမှန်တရား ပေါ်ပေါက်အောင်မလုပ်ဘဲ ဆောင်ရွက်နေတာတွေကိုမဖြစ်ဖို့ ကွင်းဆင်းစဉ်ကာလမှာ ဆွေးနွေးအကြံပြုထားပါတယ်။"ဟု ၎င်းက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကြက်သွန်၊ အာလူးစိုက်ပျိုးရာတွင် ပိုက်များသွယ်တန်း၍ ရေဖျန်းသည့်နည်းစနစ်အသုံးပြုလာ

**ပေါက် ဇန်နဝါရီ ၁၇**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နတ်အင်းချောင်း မြေနုကျွန်းဘေးအနီး တစ်လျှောက်ရှိ ကျေးရွာများဖြစ်သော ညောင်ပင်လုကျေးရွာ၊ မင်းနန်းတော၊ ပုတီးတွင်း၊ ဥယျာဉ်မြောက်၊ ဥယျာဉ်တောင်စု၊ မန်ကျည်းစု၊တောင်စု၊ ရွာသစ်ကျေးရွာများမှ ဆောင်းသီးနှံဖြစ်သည့် ကြက်သွန်၊ အာလူးစိုက်ခင်းများတွင် ယခင်က ရေထမ်းလောင်းစနစ်အစား ပိုက်များသွယ်တန်း၍ စက်ကန်ပလာရေလည် စနစ်နှင့် ရေတံခွန်အစက်ကျ ရေဖျန်းသည့်နည်းစနစ် နှစ်မျိုးကို စတင်ပြောင်းလဲ အသုံးပြုစိုက်ပျိုးလာကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အရင်က ရေသွင်းမြောင်း၊ ရေဖျန်းလမ်းများ ပြုလုပ်ရတော့ မြေအလေအလွင့်ရှိတယ်။ အခုစနစ်က နေရာအလပ်မရှိ စိုက်ပျိုးနိုင်တော့ အပင်စိုက်ကွက်တိုးတယ်။ ရေမွှားစနစ်ကြောင့် မြေပွလွယ်ပြီး တူးဖော်ချိန်မှာလည်း ဥတွေ အလေအလွင့်နည်းပြီး အထွက်နှုန်းလည်း သိသိသာသာပိုမို ကောင်းမွန်လာပါတယ်"ဟု မင်းနန်းတောကျေးရွာမှ အာလူးစိုက်တောင်သူ ဦးစိုးကြိုင်က ပြောသည်။



ဆောင်းရာသီ ကြက်သွန်၊ အာလူး စိုက်ပျိုးရန်အတွက် မြေပြင်ခြင်းလုပ်ငန်းများကို တန်ဆောင်မုန်းလထဲတွင် ပြုလုပ်ပြီး နတ်တော်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ရေသွန်ခြင်း၊ ရေထမ်းလောင်းခြင်းစနစ်မှ ပိုက်သွယ်တန်း ရေဖျန်းစနစ်ကို တောင်သူအချို့ပြောင်းလဲစိုက်ပျိုးလာကြပြီး အလုပ်သမားစရိတ် အကုန်အကျသက်သာကာ အမြတ်အစွန်းများ ပိုမိုရှိလာ၍ ပခုက္ကူမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများမှ ဒေသခံတောင်သူများသည် စိုက်ခင်းများကို နှစ်စဉ်ရေပိုက်လိုင်းများသွယ်တန်း၍ ရေဖျန်းနည်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**သီပေါ ဇန်နဝါရီ ၁၇**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းလူငယ်ကွန်ရက်မှ ကြီးမှူးဖွင့်လှစ်သော အခြေခံ အင်္ဂလိပ်ဘာသာစကားပြောသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က မန်ဟဲကျေးရွာအုပ်စု နမ့်ဟူးနွဲ့ ရွှေပြည်အေးရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဦးစိုင်းငို့ကွမ်းက အမှာစကားပြောကြားပြီး ဒေသခံရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မေဝ်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်၊ ခေတ္တမြို့နယ်ပညာရေးမှူး ဦးလူထွန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်တို့က နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းခြင်းဖြင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံရှမ်းတိုင်းရင်းသားခေါင်းဆောင်က ငွေကျပ် ဆယ်သိန်းနှင့် အလှူရှင်များက သင်တန်းအုပ်ချုပ်မှုတာဝန်ခံ ဆရာမကြီး ဒေါ်နန်းယိမ်း သီတာထံသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ အခြေခံအင်္ဂလိပ်ဘာသာစကားပြောသင်တန်းသို့ ရှမ်းနှင့်ကချင်ပြည်နယ်များမှ တိုင်းရင်းသားလူငယ်မောင်မယ် ၁၅၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ကိုယ်အင်္ဂါမသန်စွမ်းသူများ အထောက်အကူပစ္စည်းများ ပေးအပ်

**မော်လမြိုင် ဇန်နဝါရီ ၁၇**
မွန်ပြည်နယ် မုဒုံမြို့၊မြို့မ(၁)ရပ်ကွက်ရှိ မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ဇန်နဝါရီ ၁၃ ရက်က မြို့နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ အထောက်အကူပြုပစ္စည်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အမှာစကားပြောကြားပြီး ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း ဥက္ကဋ္ဌ ဦးဝင်းမျိုးက အထောက်အကူပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းတို့က ကိုယ်အင်္ဂါမသန်စွမ်း သူ ၁၄ ဦးကို ဘီးခဲ့ အကြီး ငါးစီး၊ ဘီးခဲ့ အလတ် တစ်စီး၊ ဘီးခဲ့အသေး ငါးစီး၊ ကလေးပက်လက်လှည်း သုံးစီး၊ ချိုင်းထောက် သုံးမျိုး၊ လက်တုတစ်ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**



# ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာများဆောင်ရွက်

**တောင်ငူ ဇန်နဝါရီ ၁၇**
တောင်ငူမြို့ ကလေးမူကြိုကျောင်းမှ ကလေးငယ် ၄၀နှင့် ကြီးကြပ်သူ ဆရာမ သုံးဦးတို့သည် ဇန်နဝါရီ ၁၂ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ပြီး ပုံပြောပြကာပျော်ရွှင်စွာ ကဗျာရွတ်ဆိုကြသည်။

ထို့နောက် ကလေးစာဖတ်ခန်းရှိ ကစားစရာပစ္စည်းများဖြင့် ကစားကြပြီး စက္ကူအရုပ်ကလေးများလည်း ပြုလုပ်ခဲ့ကြသည်။ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကလေးစာဖတ်ခန်းထားရှိပြီး ကလေးများဉာဏ်ရည်ဖွံ့ဖြိုးရေး၊ တီထွင်ဖန်တီးတတ်စေရေး၊ အသိပညာရှာမှီးနိုင်စေရေးနှင့် အပန်းဖြေစေနိုင်ရေးတို့အတွက် စီစဉ်ပေးထားကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# သမဝါယမမွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၁၇**
မော်လမြိုင်မြို့ သမဝါယမသင်တန်းကျောင်းခန်းမ၌ အမှုထမ်းများသမဝါယမ မွမ်းမံသင်တန်း (၂/ ၂၀၁၆-၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမကုူ သန်း ရောင်းဝယ်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သမဝါယမသင်တန်းကျောင်း၊ မော်လမြိုင်မှ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် တက်ရောက်ခဲ့ပြီး သင်တန်းသို့ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ ဌာနခွဲစာရေးနှင့် အကြီးတန်းစာရေးဝန်ထမ်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မော်လမြိုင်ကိုယ်ပွား)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ" အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဝေဇယန္တာ၊ လှသူဇာနှင့် အိမ်တော်ရာပွဲခင်း

## ဆူးငှက်

ဈေးချိုအနောက်ဘက်၊ ဝက်သားရုံအနားက ရွှေတချောင်းကို မှတ်မိနေသည်မှာ ဖက်ပုပ်နံ့များကြောင့်ပင် ဖြစ်သည်။ ဈေးချိုတစ်ဝိုက်တွင် ကျင်လည်ခဲ့ရသည့် လွန်ခဲ့သော ဆယ့်လေးငါးနှစ် ကာလများတုန်းက ထိုနေရာများတွင် အမှိုက်ပုံများသည် အမြဲဟိန်းထနေတော့သည်။ လူကနင်း၊ မြင်းလှည်းကနင်း၊ ဆိုက်ကားကနင်း၊ စက်ဘီးကနင်း၊ ကားကနင်းနှင့် အမှိုက်ပုံမှာ လမ်းမပေါ်ကျဲပြန့်ကာ စိစိညက်ညက်ကြေနေတော့၏။ ဈေးအမှိုက်များဆိုတော့ ဖက်ရွက်၊ ဟင်းသီးဟင်းရွက် အကြွင်းအကျန်က အများစုဖြစ်သည်။ ကြာတော့ သည်အမှိုက်များက ဖက်ပုပ်နံ့လှိုင်လှိုင် ထွက်နေတော့သည်။

ထိုအမှိုက်ပုံသည် မိုးရွာသောအခါ မိုးရေ၊ ရွံ့ရေ၊ ဗွက်ရေများနှင့် စရနယ်ဖျော်ထားသလို ချွဲပျစ်၍နေလေသည်။ နေပြင်းပြင်းပူသော်လည်း တော်တော်နှင့်မခြောက်၊ ထို စိစိညက်ညက်အမှိုက်ရည်များ ရွှေတချောင်းထဲစီးဆင်းသွားတော့သည်။ တစ်ခါတစ်ရံတော့ ထိုအမှိုက်ပုံများ ရှင်းလင်းသွားတတ်သည်။ ကြိုဆိုထောက်ခံ လုပ်အားပေးပွဲများဖြင့် ထိုအမှိုက်ပုံကို ရှင်းလင်းတတ်သည်။ ထိုအခါ လေးငါးရက်တော့ သန့်ရှင်းသွားသေးတာပေါ့။

ထို့နောက် အရင်အတိုင်းပြန်ဖြစ်တော့သည်။ အခုတော့ အရင်ကလို အမှိုက်ပုံမျိုးမရှိတော့။ ဝက်သားရုံ အနောက်ဘက်မှာ အရင်က ကရဝိက်တေးသံသွင်းရှိ၏။ ကျွန်တော်ကြိုက်နှစ်သက်ခဲ့ဖူးသော သီချင်းတချို့ကို ကရဝိက်မှ ရှားပါးစွာ သွင်းယူခဲ့ဖူးသည်။ ဘယ်သူမှမေးသူမရှိ၍ ဖုန်အလိမ်းလိမ်းတက်နေသော မာစတာခွေကြီးကို သူ၏ ဗြဲ့ခန်းထဲမှ တကူးတကန့် ရှာဖွေလာကာ ကူးယူပေးသော ကရဝိက်ဦးကျော်သိန်းကို သတိရနေမိပါသည်။

သီချင်းများကလည်း ရှားရှားပါးပါး။ မြို့မတင်တင်မာ သီဆိုသော ခင့်အိပ်မက်သီချင်း၊ ဘုရားဈေးသီချင်း၊ ကြွယ်ကြွယ်၏ ပန်းနဲ့ပျား၊ ရှင်တစ်ခုတည်း၊ ယောက်မ၊ မောင့်အရည်အချင်း၊ ဦးဖူးအံ့၏ လက်ဝဲသုန္ဒရ၊ ပဥ္စသိခ်စသည်။ ထို့ပြင် မြို့မက မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ထားသော ယိုးဒယားကန်တော့ခန်း၊ အောင်မင်္ဂလာယိုးဒယား၊ ဝေဇယန္တာယိုးဒယား တီးလုံးများကိုလည်း ကရဝိက်က ကူးယူခဲ့သည်။

ဦးကျော်သိန်းက ကရဝိက်တေးသံသွင်းနှင့်အတူ ရွှေဝါရုပ်ရှင်ဖြန့်ချိရေးကိုပါ ပူးတွဲဖွင့်လှစ်ထား၏။ ကရဝိက်နောက်ကျောမှာ ဆရာညိုပန်းထိမ်ဖိုရှိသည်။ မန္တလေး၏ ကနဦး ပန်းထိမ်ဆရာကြီးဖြစ်သည်။ ဆရာညိုအဆက်အနွယ် သမီး၊ တူမ၊ မြေးမများကား မန္တလေးသင်္ကြန်၏ ပေါ်ပြူလာများ ဖြစ်ခဲ့ဖူး၏။

ကျွန်တော်ကား ပန်းဆိုးတန်းမှ ဆရာညိုပန်းထိမ်လမ်းကြားကိုဖြတ်ကာ ဝက်သားရုံကိုတစ်ပတ်ပတ်ပြီး အိမ်ပြန်သော ကျင့်ဝတ်ကို နေ့စဉ်မပြတ် တစ်နှစ်နီးပါး ပြုလုပ်ခဲ့ဖူးပါသည်။ တက္ကသိုလ်ပထမနှစ် (၁၉၇၅ ခုနှစ်)လောက်ဖြစ်မှာပေါ့။

ဝက်သားရုံမြောက်ဘက်အပေါက် အဆင်းတံခါး၏ အရှေ့ဘက်ကပ်လျက်မှာ ကြက်ဥဆိုင်လေးတစ်ဆိုင်ရှိသည်။ ဗန်းတစ်ချပ်မှာ ကြက်ဥတွေထည့်ရောင်းနေတာပဲ။ ဘာမှ မထူးခြား၊ ထူးခြားတာက ဈေးသည်မလေးပဲဖြစ်ပါသည်။ ဆံပင်ရှည်ရှည်၊ အရပ်သွယ်သွယ်၊ အသားဖြူဖြူ၊ နှာတံစင်းစင်း။ ဝင်းဝါညီညာသော သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းထားပုံရသည်။ ပါးပေါ်မှာ ပါးကွက်ကျားက ဝန်းစက်။ ခေါင်းပေါ်တည့်တည့်မှာ စံပယ်ပန်းတစ်ကုံးကို အဝိုင်းလိုက် ဆံညှပ်နှင့် ကပ်နေအောင်ဖိ၍ ပန်ထားတတ်သူလေး။



**အိမ်တော်ရာ ဆင်တံတားထိပ်က ဆင်ကြီးနှစ်ကောင်**

မိန်းကလေးကို နာမည်မသိ။ သို့သော် ရွှေဝါရုပ်ရှင်ဖြန့်ချိရေးနှင့် မလှမ်းမကမ်းမို့ 'ရွှေဝါ' လို့ပဲ စိတ်ထဲမှတ်ထားမိသည်။

ရွှေဝါကို စကားလည်းမပြောဖူးပါ။ ယုတ်စွအဆုံး ကြက်ဥလေးတစ်လုံးကိုပင် မဝယ်ဖူးပါ။ နံနက်လင်းလျှင် ဆိုင်လေးခင်းသော ရွှေဝါ့ကို တစ်ပတ်ကြည့်ပြီး ပြန်ရုံပဲဖြစ်ပါသည်။ 'သမီးရည်စားလည်း မကျ၊ ဘာမှလည်းမဖြစ်' ဟု ဆိုရမလို။

နောက်တော့ ရွှေဝါဆီ ခြေဦးမလှည့်ဖြစ်တာကလည်း တဖွဲ့တနွဲ့ ပြောရဦးမလိုဖြစ်သည်။ ဒါကလည်း နာရီစင်အနီး မြို့တော်ခန်းမ (၂)အောက်ထပ်မှာ စာ၊ နယ်၊ ဇင်း စာအုပ်အရောင်းခန်းမ ပြောင်းရွှေ့လာခြင်းကစလို့ ဆိုရမည်။ ကဲ… ကြုံမှ ပြောကြသေးတာပေါ့။

ဈေးချိုနှင့် မစိမ်းလှသော်လည်း၊ ထို့ပြင် ဟိုယခင်က ဈေးချိုရုံကြီး ၁၂ ရုံမှာ ဥဒဟိုဝင်ထွက်နေခဲ့သော်လည်း အရောက်အပေါက် နည်းလွန်းလှစွာ ယခုအချိန်အထိ သုံးလေးခေါက်သာ ရောက်ဖူးသော နေရာတစ်နေရာရှိပါသည်။ ထိုနေရာမှာ လင်းရောင်ခြည်ဈေးတန်း၊ အောင်ဈေးတန်းတို့ဖြစ်ပါ၏။ ထိုဈေးတန်းများမှာ ရောင်းချတာက မြန်မာဖြစ် လက်ရက်ထည်ဖျင်ပင်နီစများ၊ အသင့်ချုပ်ဖျင် ပင်နီအင်္ကျီများဖြစ်သည်။ ဈေးတန်းက မှောင်မှောင်၊ လူသူအရောက်အပေါက်က နည်းပါး။ ထိုဈေးတန်းထဲရောက်သွားလျှင် ညောင်ဦးရွှေစည်းခုံ ဘုရားပွဲဈေးတန်းရောက်သလိုလို၊ မုံရွာဘုရားကြီးပွဲဈေးတန်းရောက်သလိုလို။ တစ်ခါကတော့ တောရွာက ဦးကြီးလာပြီး-

" ကိုင်း… ရဲကျော်ရေ၊ ငါနဲ့လိုက်ခဲ့ကွာ၊ ဈေးထဲ "ထမ်းပိုးကျည်း" သွားဝယ်ရအောင်" ဟုခေါ်၏။

ကျွန်တော်က "ထမ်းပိုးကျည်း"ကို ထမ်းပိုးကြီးလို့ပဲ မှတ်ထင်တာမို့ မျက်စိထဲတွင် နွားနှစ်ကောင်ထမ်းထားသည့် အသားတုံးကြီးကိုပဲ မြင်နေမိသည်။ တက္ကသိုလ်ကျောင်းသား လူပျိုပေါက်က ခေါင်းပေါင်းပေါင်းထားသော တောကအဘိုးကြီးနှင့်အတူ ထမ်းပိုးကြီးထမ်းပြီး ဈေးချိုထဲကပြန်လာရမည့်အရေး၊ တွေးကြည့်လျှင်ပင် ဘယ်လောက် မျက်နှာပူဖွယ်ကိစ္စ ဖြစ်ပါမည်နည်း။ သို့သော် မတတ်သာ၊ တွန့်ဆုတ်တွန့်ဆုတ် လိုက်ခဲ့ရသည်။

ရွှေတချောင်း အရှေ့ဘက်ဈေးတန်းက နွားပစ္စည်းတွေရောင်းသောဆိုင်မှ 'ထမ်းပိုးကျည်း'ဆိုသော တစ်တောင်လောက် တုတ်တိုလေးတွေ ဝယ်ပြန်တော့မှ ရှက်ရှက်နှင့် သက်ပြင်းချမိ၏။

ရွှေတချောင်းမြောင်း၏ ၂၇ နှင့် ၂၈ လမ်းကြားမှာတော့ အနောက်ဘက် ပလက်ဖောင်းကို မုန့်စုံတန်းဟုခေါ်သည်။ အရှေ့ဘက်ကလည်း ထန်းလျက်၊ ကြံသကာနှင့် မုန့်ပဲသရေစာပဲဖြစ်ပါသည်။ ၂၇ လမ်းထောင့်မှာတော့ ဒေါ်လှသာ မုန့်တီဖိုရှိပါသည်။ နောက်တော့ ထိုထောင့်မှာ လေဘေးထည်တွေ အပုံလိုက်အပုံလိုက်ချကာ အော်ဟစ်ရောင်းချနေကြတာပေါ့။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကာလတုန်းက ၂၇ လမ်းနှင့် ၈၆ လမ်းထောင့်က ဈေးတန်းမှာ အုန်းသီးသည် ညီအစ်မလည်း လှတာချောတာ နာမည်ကြီးသည်။ ထို့အတူ ဆင်ကြီးနှစ်ကောင်နှင့် မျက်နှာချင်းဆိုင်လောက်မှာ မုန့်စုံရောင်းတဲ့ ဒေါ်ခင်းရိုးဆီဝင်းဘက်က ညီအစ်မလည်း ချောတာ၊ လှတာ နာမည်ကြီး၏။ အစ်မအကြီးဆုံးက အရပ်အမောင်း၊ အသားအရေ၊ ရုပ်ရည်ပြောဖွယ်မရှိ။

သူတို့ဆိုင်နှင့် မျက်နှာချင်းဆိုင်မှာက ဆင်ကြီးနှစ်ကောင်ရှိသည်။ ထိုဆင်ကြီးနှစ်ကောင်က အိမ်တော်ရာဘုရား၏ အရှေ့ဘက် မုခ်တံတားထိပ်မှ ဆင်ရုပ်ကြီးများဖြစ်သည်။ ဆင်တံတား၏ ဒကာက မြန်မာရာဇဝင်တွင် နာမည်အကြီးဆုံး ဆင်ဖြူတော်ကြီးဖြစ်သည်။ ဘိုးတော်မင်းတရားကို လာရောက်ဆက်သသော 'နိဗ္ဗာနပစ္စယနာဂဆဒ္ဒန်ဆင်မင်း'သည် တံတားဒါယကာဖြစ်၏။ ထိုဆင်ကြီးသည် ဘိုးတော်ဘုရားကို ဟံသာဝတီဘက်က ဆက်သသော ဆင်ဖြူကြီးတစ်ကောင်ဖြစ်၏။

၁၁၆၈ ခုနှစ်တွင် ဟံသာဝတီ၏ တောင်ဘက်၊ နိဗ္ဗာန်ရွာ၏ အရှေ့က ကျွန်းသာယာဆိုသော တောကြီးထဲမှ ထိုဆင်ဖြူတော်ကို ရမိခဲ့လေသည်။ ဆင်ကြီးက ကြန်အင်ကောင်းတွေနှင့် ပြည့်စုံလေသော ဆင်ဖြူကြီးဖြစ်သည်မို့ ဟံသာဝတီမှနေ၍ ဘိုးတော်ခေတ္တစံရာ မင်းကွန်းဘက်သို့ ရွှေဖောင်ဖြင့် တင်ဆောင်ခေါ်ယူလာစေသည်။ မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်နေစဉ်ကာလမို့ ဘိုးတော်ခေတ္တစံနေရာ မင်းကွန်းနှင့်တည့်တည့် ရေလယ်ကကျွန်းတွင် ဆင်ကြီးထားရန်အတွက် ဆင်နန်းကို ဆောက်လုပ်ကာ ဘုရင်ကိုယ်တိုင် မိဖုရားများက သားတော် သမီးတော်များနှင့်အတူ ကြည်းကြောင်း၊ ရေကြောင်းချီပြီး ပုဂံထိ စုန်ဆင်းကြိုဆိုခဲ့လေ၏။

စံတော်မူရာ အမရပူရရွှေမြို့တော်၌လည်း ဆင်မင်းနန်းတော်ဆောက်ပေးကာ အထိန်းအသိမ်း၊ အယုအယများနှင့် ထားလေသည်။ ဆင်ကြီးအတွက် လက်ဖွဲ့ထားသော ပစ္စည်းတွေကို လည်း ဆင်ပိုင်အဖြစ်နဲ့ အများကြီးရှိပါသည်။ ဆင်ကြီးက လူလိုနားလည်၏။ သိတတ်၏။ စာနာ၏။ ဆင်းရဲသူများကို ပေးကမ်းစွန့်ကြဲ၏။ ရက်ရော၏။ ပုဂံမင်းက အိမ်တော်ရာ စေတီတည်တော့ စေတီရဲ့ အရှေ့ပေါက်မှာ ဆင်မင်းပိုင်ငွေတော်တွေနဲ့ တံတားကြီးတစ်ခုဆောက်၊ တံတားထိပ်မှာ ဆင်မင်းရုပ်ပုံ ဆင်ရုပ်ကြီးနှစ်ရုပ်ထားပြီး အလှူလုပ်ပေးတယ်လို့ ဆိုကြသည်။ ၁၂၁၀ ပြည့်နှစ်က ဖြစ်၏။

မန္တလေးသုတေသီတစ်ဦးကတော့ ဂျာမနီကပြတိုက်တစ်တိုက်မှာရောက်နေတဲ့ ပုရပိုက်တစ်ဆူထဲမှာ အိမ်တော်ရာအရှေ့မုခ်ဆင်တံတား ဆင်ရုပ်ကြီးက အခုလိုနှစ်ရုပ်မဟုတ်ဘဲ လေးရုပ်ရေးဆွဲထားတာ တွေ့ရသတဲ့။ လက်ရှိနေရာက နှစ်ရုပ်၊ လက်ရှိနေရာရဲ့အရှေ့ဘက်တည့်တည့် ရွှေတချောင်းအရှေ့ဘက်ကမ်းပေါ်က နှစ်ရုပ်တဲ့။ အဲဒီနှစ်ရုပ်ကတော့ မရှိတော့ဘူးပေါ့။ ဒီလေးရုပ်ကြား ရွှေတချောင်းကိုခွပြီး သစ်သားတံတားကြီးလည်းရှိတယ်လို့ဆိုပါတယ်။ ဆက်လက်သုတေသနပြုစရာအစတစ်စဖြစ်ပေ၏။

တကယ်တော့ ဆင်တံတားသည် အုတ်တံတားအမြင့်ဖြစ်သည်။ တံတားဘေးကဆိုင်တွေ၊ အိမ်တွေက တံတားကိုမေးတင်ကာ ခြေတံရှည်ဆောက်ကြရသည်။ သင်္ကန်းပရိက္ခရာကုန်သည်များဖြစ်၏။ အထူးသဖြင့် တစ်ချိန်က နာမည်ကျော်အိမ်တော်ရာထီးကို ရောင်းချသော ဆိုင်များလည်းဖြစ်သည်။

အိမ်တော်ရာထီးက မြန်မာနိုင်ငံရှိ ထီးထုတ်လုပ်ရာ သုံးနေရာအနက်အခိုင်အခံ့ဆုံးနှင့် အကျယ်ပြန့်ဆုံး ရောင်းချခဲ့ရာ လုပ်ငန်းဖြစ်ခဲ့သည်။ အခုတော့အရုပ်ရေးပြရမလိုပင် စုံးစုံးမြုပ်ပျောက်ကွယ်သွားတော့၏။ အိမ်တော်ရာထီးက မိုးသေချာလုံသည်။ နေပူချစ်ချစ်တောက်တွင် အေးမြသော အရိပ်ကို ပေးသည်။

ထိုခေတ်က အိမ်တော်ရာထီးကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံအထိ တင်ပို့ရောင်းချ၏။ အိမ်တော်ရာထီး လုပ်ငန်းကြီးမားလှပုံက ထိုခေတ်က ထီးရိုးပြုလုပ်သော အစုအဝေးအရပ်ကိုပင် ထီးရိုးဝင်းဟုယခုတိုင်အမည်တွင်ဆဲ ဖြစ်သည်။ ၁၅ လမ်းနှင့် ၁၆ လမ်းကြား ကျုံးအနောက်ဘက်တန်းဖြစ်၏။

အခုတော့အိမ်တော်ရာထီးဆိုသော အမည်နာမကိုပင် နောက်လူတို့ကြားဖူးမှာ မဟုတ်တော့။ ကျွန်တော်ကိုယ်၌ပင် အိမ်တော်ရာဘုရား ဦးတိုက်မွေးဖွားခဲ့ရသော်လည်း အိမ်တော်ရာထီးစစ်စစ်ကို အမေလူထုဒေါ်အမာက 'ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့မန္တလေး' စာအုပ်အတွက် သရုပ်ဖော်ဓာတ်ပုံရိုက်ရန် ထုတ်ပြမှမြင်ဖူးရလေသည်။

စင်စစ်အိမ်တော်ရာဘုရားသည် အိမ်ရှေ့စံဘဝက စံနေတော်မူဖူးသော အိမ်တော်နေရာတွင် ပုဂံမင်းက တည်ထားခဲ့သော စေတီတော်ဖြစ်၏။ အချိုးအစားကျနသပ္ပာယ်လှသောစေတီတော်ကြီးဖြစ်သည်။ ဖိနပ်အချင်း သံတောင် ၅၆ တောင် ၂ မိုက်၊ အရပ်သံတောင် ၆၁ တောင် ၂ မိုက် ၅ သစ်မြင့်သည်ဟုကုန်းဘောင်ဆက်တွင်ဖော်ပြထားသည်။ ဘုရားသမိုင်းကျောက်စာမှာတော့ ဖိနပ်တော် ၆၂ တောင် ၂ မိုက်၊ အရပ်ဉာဏ်တော် ၅၉ တောင်ဟုပါရှိ၏။ ၁၂၀၉ ခုနှစ်တွင်တည်ထောင်ခြင်းဖြစ်သည်။

စေတီတော်ကို ကြပ်မတ်တည်သူက အုတ်ဝန်မင်း မင်းလှသီရိကျော်ထင်ဘွဲ့ခံဦးအူဖြစ်သည်။ ရတနာပုံမန္တလေးနေပြည်တော်အတွက် လိုအပ်သော အုတ်များကိုလည်း ဦးအူကကြပ်မတ်ဖုတ်ပေးရ၏။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# စာကြည့်တိုက်နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုနည်းပညာ

**တက်စိုး(ယဉ်ကျေးမှုဗေဒ)**

**မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်တက်လှမ်းဖို့ ကြိုးစားနေတဲ့အချိန်အခါ ဖြစ်ပါတယ်။ ပြည်သူလူထုကလည်း မျှော်လင့်ချက်များစွာနဲ့ မျှော်လင့်နေကြပါတယ်။ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ နည်းပညာမျိုးဆက်တွေရဲ့ပြောင်းလဲမှုကို သိရှိပြီးအသုံးချနိုင်ဖို့ လိုအပ်လာပါတယ်။**

လူသားမျိုးဆက်တွေ ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲမှုတွေကို သမိုင်းခေတ်တွေနဲ့ ကာလပိုင်းခြားမှတ်တမ်းတင်ကြပါတယ်၊ လေ့လာကြပါတယ်။ မြန်မာတွေရဲ့ ပြောင်းလဲတိုးတက်မှုကို ခေတ်ကာလပိုင်းခြားတဲ့အခါ ပုဂံခေတ်၊ ပင်းယခေတ်၊ ညောင်ရမ်းခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်စသဖြင့် မင်းဆက်တွေ၊ မြို့တော်တွေကို အစွဲပြုသုံးစွဲကြပါတယ်။ ဥရောပကျတော့ နိုင်ငံအလိုက်မင်းဆက်တွေနဲ့ ပိုင်းခြားသလို ဥရောပတိုက်တစ်ခုလုံးနဲ့ပြောတဲ့အခါ အမှောင်ခေတ်၊ ဉာဏ်သစ် အရေးတော်ပုံခေတ်၊ ဉာဏ်အလင်းခေတ်၊ စက်မှုခေတ်၊ အီလက်ထရွန်နစ်ခေတ်၊ သတင်းအချက်အလက်ခေတ် စသဖြင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု (နည်းပညာပြောင်းလဲမှု)ကို ပိုင်းခြားလေ့ရှိကြပါတယ်။

နည်းပညာပြောင်းလဲမှုဟာ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုပြောင်းလဲတာဖြစ်ပါတယ်။ လူမှုပုံစံတွေလည်း ပြောင်းလဲစေပါတယ်။ ဒါကြောင့် နည်းပညာပြောင်းလဲမှု နည်းပညာမျိုးဆက်တွေကို သတိထားစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ၂၀ ရာစုနှောင်းပိုင်းဟာ သတင်းအချက်အလက်ခေတ်လို့ ဆိုပါတယ်။ တစ်ကိုယ်ရေသုံး ကွန်ပျူတာကြောင့် ကမ္ဘာကြီးပြောင်းလဲလာသလို အင်တာနက်ကြောင့် သတင်းအချက်အလက်ခေတ်ကို ရောက်ရှိလာပါတယ်။ နည်းပညာများပြောင်းလဲတိုးတက်လာသလို နည်းပညာများအဖွဲ့အစည်းများကို စီမံခန့်ခွဲတဲ့ပညာရပ်ဟာလည်း ထိပ်တန်းရောက်လာပါတယ်။

သတင်းအချက်အလက်ခေတ်မှာ သတင်းအချက်အလက် စီမံခန့်ခွဲမှုပညာဟာ အရေးကြီးပါတယ်။ ပညာဘဏ်တိုက်လို့ခေါ်ကြတဲ့ စာကြည့်တိုက်တွေနဲ့ တွဲဖက်ပြီး အရေးပါလာခဲ့ပါတယ်။ မူလက စာကြည့်တိုက်တွေကို သမားရိုးကျ စာကြည့်တိုက်လို့ ခေါ်ဝေါ်ခဲ့ပါတယ်။ ပညာရပ်များဗဟုသုတ အတွေးအခေါ် တွေပါဝင်တဲ့ စာအုပ်တွေကို စနစ်တကျသိမ်းဆည်းပြီး ပြန်လည်ဖြန့်ဝေရာဌာနများ ဖြစ်ကြပါတယ်။ စာကြည့်တိုက်ရဲ့ ပထမမျိုးဆက်လို့ဆိုရမှာပေါ့။ (Traditional Library) ခေါ်ပါတယ်။ နောက်အင်တာနက် ပေါ်လာတဲ့အခါ ဒုတိယမျိုးဆက် စာကြည့်တိုက်နဲ့ သတင်းအချက်အလက်နည်းပညာ (Library and Information Science) ဖြစ်လာပါတယ်။

စာအုပ်တွေနဲ့အတူသတင်းအချက်အလက်တွေကို ပြန်လည်ဖြန့်ဝေခြင်းအားကောင်းလာပါတယ်။ တတိယမျိုးဆက်မှာတော့ သတင်းနဲ့အချက်အလက် စီမံခန့်ခွဲမှုပညာက (Information Management) ရှေ့တန်းရောက်လာပါတယ်။ အပြည်ပြည်ဆိုင်ရာစာကြည့်တိုက်များ ဖက်ဒရေးရှင်းရဲ့ ၂၀၀၇ ခုနှစ် ဂျာနယ်မှာ စာကြည့်တိုက်နဲ့ သတင်းအချက်အလက်ကျောင်းများဟာ သတင်းအချက်အလက် စီမံခန့်ခွဲမှုကျောင်းအဖြစ် အမည်ပြောင်းသွားတာများပြားပါတယ်တဲ့။ ဒါကြောင့် သမားရိုးကျစာကြည့်တိုက်ပညာပြန့်ပွားအောင် ဆောင်ရွက်ဖို့ ဆွေးနွေးထားတာ တွေ့ရပါတယ်။

စာကြည့်တိုက် ပထမမျိုးဆက်ရဲ့လုပ်ငန်းက စာကြည့်တိုက်မှူးများဟာ စာပေဗဟုသုတကြွယ်ဝပြီး စာဖတ်သူတွေ သုတေသနပြုသူတွေကို လမ်းညွှန်ကူညီပါတယ်။ ဒုတိယမျိုးဆက်မှာတော့ သမားရိုးကျ စာကြည့်တိုက်ပညာနဲ့ ကွန်ပျူတာပါဝင်လာပြီး သတင်းအချက်အလက်တွေကိုစီမံခန့်ခွဲလာပါတယ်။ တတိယမျိုးဆက်ရောက်ရှိလာတဲ့အခါ သတင်းအချက်အလက် နည်းပညာကို အသားပေးကာ စာကြည့်တိုက်ပညာဟာ ပညာရပ်ခွဲတစ်ခုအဖြစ် ပါဝင်လာပြန်ပါတယ်။ ဒါဟာ သမားရိုးကျစာကြည့်တိုက်ပညာနဲ့ သတင်းအချက်အလက်ပညာ အားပြိုင်မှုဖြစ်ပါတယ်။

တကယ့်လက်တွေ့နယ်ပယ်မှာ ပြည်သူအများစုနဲ့ သုတေသနပြုသူ အများစုအတွက် လိုအပ်ချက်က အချက်အလက်တွေပဲဖြစ်ပါတယ်။ စာပေသက်သက်ဖတ်ရှုတဲ့ အချိုးအစားကနည်းပါးပါတယ်။ ပြည်သူတွေရဲ့ သတင်းအချက်အလက် အသုံးချမှု စိတ်ပညာကိုနားလည်ပြီး ကြိုတင်ပြင်ဆင်ဖို့လိုအပ်လာပါတယ်။ မြန်မာနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံများသံတမန်ဆက်ဆံရေး မြန်မာနိုင်ငံနယ်စပ်ဒေသ တိုင်းရင်းသားများအကြောင်း စတာတွေကို မြန်မာနိုင်ငံ သတင်းအချက်အလက် စနစ်မှာ ရှာဖွေကြည့်ရှုနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ နယ်စပ်တိုင်းရင်းသားများအကြောင်းကို အိမ်နီးချင်းနိုင်ငံ သတင်းအချက်အလက်စနစ်မှ ရှာဖွေကြည့်ရှုနိုင်ကြပါတယ်။

နိုင်ငံအနှံ့စာကြည့်တိုက်တွေဖွင့်လှစ်တာထက် ဗဟိုသတင်းအချက်အလက်ဌာနမှ အင်တာနက်အသုံးပြု သတင်းအချက်အလက်ဖြန့်ဝေခြင်းက ပိုမိုထိရောက်ပါတယ်။ စာကြည့်တိုက်ကြီးတွေမှာ သတင်းစာ၊ ဂျာနယ်၊ ပြန်တမ်းအထောက်အထားအများအပြား သိုမှီးထားတဲ့အတွက် သတင်းအချက်အလက်အဖြစ် ဖြန့်ဝေဖို့ အကောင်းဆုံးဌာနများဖြစ်ပါတယ်။ စာကြည့်တိုက်သဘောတရားတွင် သတင်းအချက် အလက်ပြန်လည်အသုံးချခြင်းဆိုတာလည်းပါဝင်ပြီးဖြစ်ပါတယ်။ နည်းပညာ မတိုးတက်မီက အညွှန်းကတ်တွေ ၊ ကက်တလောက်တွေနဲ့ပဲ ဆောင်ရွက်ခဲ့ရပြီး ကွန်ပျူတာပေါ်ပေါက်လာတဲ့အခါ ကွန်ပျူတာအထောက်အကူနဲ့ ပိုမိုလွယ်ကူလာပါတယ်။

**စာကြည့်တိုက်ကြီးတွေမှာ သတင်းစာ ၊ ဂျာနယ်၊ ပြန်တမ်းအထောက်အထားအများအပြား သိုမှီးထားတဲ့အတွက် သတင်းအချက်အလက်အဖြစ် ဖြန့်ဝေဖို့ အကောင်းဆုံးဌာနများဖြစ်ပါတယ်။ စာကြည့်တိုက်သဘောတရားတွင် သတင်းအချက်အလက် ပြန်လည်အသုံးချခြင်းဆိုတာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ နည်းပညာ မတိုးတက်မီက အညွှန်းကတ်တွေ၊ ကက်တလောက်တွေနဲ့ပဲ ဆောင်ရွက်ခဲ့ရပြီး ကွန်ပျူတာပေါ်ပေါက်လာတဲ့အခါ ကွန်ပျူတာအထောက်အကူနဲ့ ပိုမိုလွယ်ကူလာ**

တတိယမျိုးဆက်ကျတော့ သတင်းအချက်အလက် ပိုမိုမြန်ဆန်ဖို့ လူသားတွေရဲ့ လိုအပ်ချက်တွေကို ကြိုတင်သိရှိဖို့အတွက် သတင်းအချက်အလက်စီမံခန့်ခွဲမှုခေါ်တဲ့ ပညာရပ်ကို ချဲ့ထွင်လာကြတာဖြစ်ပါတယ်။ လူသားတွေရဲ့စိတ်ပညာလိုအပ်ချက်များကို စနစ်တကျလေ့လာပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်လာတာဖြစ်ပါတယ်။ နိုင်ငံတကာစာကြည့်တိုက်များတွင် ခုမေး ခုဖြေ(ask now) ဌာနများ ဖွင့်လှစ်ထားကြပါတယ်။ ချက်ချင်းဖြေဆိုရန် သတင်းစာစာအုပ်စသဖြင့် ပြန်လှန်ရှာဖွေနေရင် အချိန်ကြန့်ကြာနေမှာဖြစ်ပါတယ် ။ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် တည်ဆောက်ထားပါမှ ချက်ချင်းတုံ့ပြန်နိုင်မှာဖြစ်ပါတယ်။ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်ဟာ သုတေသနပြုသူများရဲ့ အချိန်နဲ့ ငွေကုန်ကြေးကျကို လျှော့ချနိုင်တယ်လို့ဆိုထားပါတယ်။

စီမံခန့်ခွဲမှုပညာဟာ မျက်မှောက်ကာလအတွက် အဓိကကျတဲ့ပညာရပ်နယ်ပယ်တစ်ခုဖြစ်ပါတယ် ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီးပွားရေးစီမံခန့်ခွဲမှု စသဖြင့် ထင်ရှားပါတယ်။ သတင်းအချက်အလက်စီမံခန့်ခွဲမှု နည်းပညာဟာလည်း အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီအဖွဲ့အစည်း ပြည်သူ့ဝန်ဆောင်မှု သုတေသနကဏ္ဍများအတွက် အခရာကျတဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ e-government စနစ်မှာလည်း သတင်းအချက်အလက်စီမံခန့်ခွဲမှုကအရေးပါဦးမှာဖြစ်ပါတယ်။

စာရေးသူအနေနဲ့ စာကြည့်တိုက်ပညာနယ်ပယ်က လေ့လာရသလောက် တင်ပြခြင်းဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာ အားကောင်းလာစေဖို့ တိုက်တွန်းတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ။

## ငါးနှစ်ကြာလုပ်ငန်းရပ်နားခဲ့သည့် မကွေးမြို့ စံပြရုပ်ရှင်ရုံနေရာ၌ မင်္ဂလာစံပြရုပ်ရှင်ရုံသစ်ဖွင့်လှစ်


**မကွေး ဇန်နဝါရီ ၁၇**

၂၀၁၂ ခုနှစ်မှစ၍ ငါးနှစ်ခန့်ကြာ ရုပ်ရှင်များနှင့် ဝေးကွာခဲ့ရသော မကွေးမြို့ ရုပ်ရှင်ချစ်ပရိသတ်များအတွက် စံပြရုပ်ရှင်ဟောင်းနေရာ၌ Mingalar Company ၏ ၁၈ ရုံမြောက် မင်္ဂလာစံပြရုပ်ရှင်ရုံသစ်အား ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်များတွင် Free Show ပြသခြင်းဖြင့် စတင်ဖွင့်လှစ်လိုက်ပြီး ဇန်နဝါရီ ၁၄ ရက်မှစ၍ ရုံတင်ဇာတ်ကားများ တစ်နေ့လျှင် လေးပွဲနှုန်းပြသလျက်ရှိကြောင်း သိရသည်။

Digital ဖြင့် ရိုက်ကူးသည့် 2D ဇာတ်ကားများသာမက 3D သုံးဘက်မြင်ရုပ်လုံးကြွ ဇာတ်ကားများကို 2k/4k Resolution DCP စနစ်ဖြင့်ပြသနိုင်သော Christie Digital Cinema Projector ပြစက်၊ 5.1/7.1 Dolby Digital Surround System အသံစနစ်၊ ၃၁ ပေအကျယ် Harkness Silver ပိတ်ကားများ အသုံးပြု၍ နံနက် ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၅ နာရီ၊ ည ၈ နာရီအချိန်များတွင် ပြသသွားမည်ဖြစ်ကြောင်း Marketing and Advertising Department မန်နေဂျာ ကိုမြတ်ခိုင်စိုးက ပြောသည်။

ရုံဝင်ခများကို ငွေကျပ် ၁၀၀၀၊ ၁၃၀၀၊ ၁၅၀၀၊ ၁၈၀၀၊ ၂၀၀၀ ကျပ်ဟူ၍ ခွဲခြားသတ်မှတ်ထားပြီး ပရိသတ် ၄၉၁ ဦး အပန်းဖြေကြည့်ရှုနိုင်ကြောင်း၊ မြန်မာဇာတ်ကားများ၊ ဟောလိဝုဒ်၊ တရုတ်၊ အိန္ဒိယနှင့် အာရှရုပ်ရှင်ဇာတ်လမ်းများပြသနိုင်ရန် စီစဉ်ထားရှိကြောင်း ရုပ်ရှင်ရုံမန်နေဂျာ ကိုသန်းဇော်က ပြောသည်။

**ဇေယျာတု(မကွေး)**




**စာပေမြင့်မှ လူမျိုးတင့်မည်**

## ဆင်ခြေထောက်ရောဂါကင်းဝေးစေရန် ဆေးတိုက်ကျွေးခြင်းဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသော ၂၀၁၆ခုနှစ် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်း အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်က မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က ဆင်ခြေထောက်ရောဂါသည် လတ်တလော သေစေနိုင်သောရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဍာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး၊ ထိခိုက်နစ်နာဆုံးရှုံးမှုရှိသော ရောဂါတစ်ခုဖြစ်သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတ်မှတ်ထားသော အပူပိုင်းဒေသရောဂါ ၁၇ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ၁၄၀၀ သည် ဆင်ခြေထောက်ရောဂါကူးစက်နိုင်ခြေအန္တရာယ်ရှိသော နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် နေထိုင်လျက်ရှိပြီး လူဦးရေသန်း ၁၂၀ မှာ ဆင်ခြေထောက်ရောဂါကူးစက်မှုရှိနေ နိုင်၍ သန်း ၁၂၀ အနက်မှ လူဦးရေသန်း ၄၀ ကျော်သည် ဆင်ခြေထောက်ရောဂါလက္ခဏာတစ်ခုခုကို ခံစားနေကြရကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင်ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိသောခရိုင်ပေါင်း ၃၆ ခရိုင်ရှိ လူများအား ဆေးတိုက်ကျွေးခြင်းကို တစ်နှစ်လျှင်တစ်ကြိမ် ငါးနှစ်ဆက်တိုက်အနည်းဆုံးတိုက်ကျွေးမည်ဖြစ်ပြီး ဆင်ခြေထောက် ရောဂါကင်းဝေးစေရန် ဆေးတိုက်ကျွေးခြင်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ တိုက်ကျွေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ ဆွေးနွေး

**ဆိပ်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာများနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်တွင် ပြုလုပ်ခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် ဓာတုဆေးဝါးအသုံးပြုထားသည့် အစားအသောက်များ၏ အန္တရာယ်များမှ ကင်းဝေးစေရန်၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီသည့် အစားအသောက်များကို ရွေးချယ်စားသောက်နိုင်စေရန်နှင့် အရည်အသွေးမီထုတ်လုပ်ထားသော ကုန်ပစ္စည်းများ၏ အချက်အလက်များကို ကိုယ်တိုင်သတိပြုဝယ်ယူ စားသောက်တတ်စေရန်၊ စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မရှိစေရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများနှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများသိရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက အမှာစကားပြောကြားပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံက လက်ရှိဈေးကွက်အတွင်း၌ စားသောက်ကုန်ပစ္စည်းများ ရောင်းဝယ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော ဒေသတွင်းမှ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများက စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# မှုခင်းကျဆင်းရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**နတ်တလင်း ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ဘက်ခြမ်း ရေမွှေးကျေးရွာတွင် ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီက မှုခင်းကျဆင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တာပွန်နယ်ရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ဇော်မိုးက မှုခင်းမဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရေးဖြစ်ပေါ်လာပါက ကျခံရမည့် ပြစ်ဒဏ်များအကြောင်း သိကောင်းစရာများ ဟောပြောခြင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်က ပွင့်လင်းရာသီတွင် ကျေးလက်ဒေသများ၌ ဖြစ်လေ့ဖြစ်ထရှိသော မီးလောင်မှုများအကြောင်း၊ ကျေးရွာများ လယ်မီး၊ ကိုင်းမီး၊ တောမီးများမှတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းအန္တရာယ် ကြိုတင်ကာကွယ်ထားကြရန်၊ ရွာနောက်ဘက်ရှိခြံစပ်များနေရာ၌ မီးတားလမ်းများ ဝိုင်းဝန်းရှင်းလင်းထားကြရန်နှင့် ကျေးလက်ဒေသမီးငြိမ်းသတ်နည်းများ ဟောပြောခြင်းကျေးရွာများတွင် မီးလောင်မှုဖြစ်ပေါ်ပါက အရေးပေါ်မီးသတ်ကားများ အချိန်မီရောက်ရှိရေးအတွက် လမ်းတံတားများ စုပေါင်းပြုပြင်ဆောင်ရွက်ထားကြစေလိုကြောင်း ဟောပြောသည်။

**တင်မြင့် (နတ်တလင်း)**



# ဆောင်းသီးနှံများ ယခင်နှစ်များထက် ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ဘားအံ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကိုင်းကျွန်းများ၌ ဆောင်းသီးနှံများဖြစ်သော ပဲပုပ်၊ ဆောင်းမြေပဲ၊ နှမ်းနှင့် ဖူးစားပြောင်းများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် သီးနှံများ ယခင်နှစ်ကထက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သီးနှံပင်များတွင် ရောဂါ ကျရောက်မှုမှ ကာကွယ်ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဈေးကွက်ဝင်ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် ဖာပွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြတ်အောင်နှင့်အတူ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှရွှေနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဆောင်းသီးနှံစိုက်တောင်သူများအား တွေ့ဆုံကာ စိုက်ခင်းများတွင်ကျရောက်တတ်သော ပိုး၊ ရောဂါကျရောက်မှုကို စနစ်တကျ ကာကွယ်နိုင်ရေးနှင့် ခေတ်မီနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ပညာပေးပြီး တောင်သူများလိုအပ်ချက်များကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဖာပွန်ဒေသတွင် အခွံပါမြေပဲတောင့် တစ်တင်းလျှင် ၁၂၅၀၀ ကျပ်၊ မြေပဲအဆန် တစ်ပိဿာလျှင် ၁၉၅၀ ကျပ်နှုန်း၊ နှမ်းတစ်တင်းလျှင် ၁၈၀၀၀ ကျပ်နှုန်း ရှိပြီး ဒေသတွင်းတွင် ဆီကြိတ်ခြင်းဖြင့် ဈေးကွက်ဖြန့်ကြောင်း၊ ပဲပုပ်မှာ ပဲပြားထုတ်လုပ်ခြင်းလုပ်ငန်းတွင် ဈေးကွက်ရှိကြောင်း၊ သီးနှံစိုက်ပျိုးသည့်ဧကနှင့် အထွက်နှုန်းများလာပါက တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကိုလည်းကောင်း၊ သီးနှံများ ဈေးကွက်ဝင်သည်အထိလည်းကောင်း စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးရန် လိုလားကြောင်း အဆိုပါကျေးရွာများရှိ တောင်သူများက ပြောသည်။

လက်ရှိအချိန်တွင် ဒေသတွင်း၌ ပဲပုပ် ဧက ၂၅၀၊ မြေပဲ ၁၄၅၂ ဧက၊ နှမ်း ၆၅၂ ဧကနှင့် ဖူးစားပြောင်း ၂၄၆ဧက စိုက်ပျိုးထားပြီး ယခင်နှစ်များကထက်စိုက်ပျိုးမှုတိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးမှုများဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်က ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှိ နက္ခတ်တာရာပြခန်းရှေ့၌ မှုခင်းကျဆင်းရေး အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာပေးပြသရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း၊ လှိုင်မြို့နယ် အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းနှင့် ရန်ကင်းပညာရေးကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက ကဏ္ဍအလိုက် ရှင်းလင်းပြသကာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ပြည်သူများ သိရှိစေရန်၊ ပြစ်မှုကျူးလွန်ခြင်း မခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရည်ရွယ်ချက်များဖြင့် မှုခင်းအသိပညာပေးယာဉ်များဖြင့် အသိပညာပေးခြင်းကို ၂၀၁၆ စက်တင်ဘာ ၃ ရက်မှ စတင်ကာ မြို့နယ်များတွင် လှည့်လည်ပြသ ဆောင်ရွက်နေခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# ဝက်လက်မြို့နယ်၌ ကလေးများအတွက် ပုံဆွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ဝက်လက် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူလေးများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မူလတန်းအဆင့် ပုံဆွဲပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲတွင် ဝက်လက်မြို့ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၅ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးစိုးမောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းမြင့်၊ မြို့နယ်စာရေးဆရာများအသင်းအဖွဲ့ဝင် ဦးထွန်းဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ဝက်လက်မြို့၌ ကလေးများအတွက် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို လာမည့် အပတ်စဉ်စနေနေ့တိုင်းတွင် ဆက်လက်ကျင်းပပေးသွားမည်ဖြစ်သဖြင့် မြို့နယ်အတွင်းရှိ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

**ငါန်းဇွန် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလည်သောင်ကျေးရွာအုပ်စု ဘေးသောင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ဆရာတော်ဘဒ္ဒန္တဝိသုတညာဏ(ရန်ကုန်မြို့အလယ်တောရစံပြစာသင်တိုက်)၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရွာဦးကျောင်းဆရာတော်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# Exim Bank မှ ချေးငွေများကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးလျက်ရှိ

**ငါ့သရောက် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများမှ အခြေခံသမဝါယမအသင်းသားများအတွက် တရုတ်နိုင်ငံ Exim Bank မှ သမဝါယမချေးငွေများကို ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနက အသင်းသားတောင်သူများလက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးချစ်သိန်း၊ မြို့နယ်သမဝါယမမန်နေဂျာ ဒေါ်အေးအေးပြုံးနှင့် ဝန်ထမ်းများက ငါ့သရောက် မြို့နယ်အတွင်းရှိ ဆင်သားမွေး၊ ဆည်၊ ခက်လန်းကန်၊ ကုလားတဲ၊ တမခါး၊ တဲမနှင့် အောင်သာကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး အဆိုပါကျေးရွာများရှိ အခြေခံသမဝါယမအသင်းသား တောင်သူပေါင်း ၈၉၀ အတွက် Exim Bank မှချေးငွေများကို လက်ဝယ်အရောက် သွားရောက်ထုတ်ချေးပေးခဲ့ရာ ချေးငွေ ကျပ် ၂၅၀၇ သိန်းကျော်ကို ထုတ်ချေးပေးခဲ့ကြောင်း၊ ထို့အပြင် အသင်းသားများ၏ စုဆောင်းငွေအပေါ်မှ အတိုးရရှိငွေ ကျပ် ၄၄ သိန်းကျော်ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မတ္တရာ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရေနံ့သာကျေးရွာရှိ သာသနာလင်္ကာရဘုန်းတော်ကြီးသင်ပညာရေး မူလတန်း(လွန်)ကျောင်း၌ ဂျပန်နိုင်ငံ GGP အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဆောက်လုပ်လှူဒါန်းခဲ့သော အာရ်စီ နှစ်ထပ် ကျောင်းဆောင်သစ်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် မစ္စတာယူအိချိရိုဖူနိုင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် မတ္တရာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးပထမအတွင်းဝန်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်ကို တာဝန်ယူဆောက်လုပ်သောကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးက ကျောင်းဆောင် နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်သည် အလျား ၈၂ ပေ၊ အနံ ပေ ၃၀ ရှိပြီး စာသင်ခန်းခြောက်ခန်း ပါဝင်ကာ ကျောင်းဆောင်နှင့်အတူ ကျောင်းသုံးပရိဘောဂများဖြစ်သည့် စာသင်စားပွဲနှင့် ထိုင်ခုံ ၁၃၅ စုံ၊ ကျောက်သင်ပုန်း ခြောက်စုံ၊ စတိတ်ခုံ ခြောက်စုံ၊ ဗီရို ခြောက်လုံး၊ ဆရာ စားပွဲနှင့် ထိုင်ခုံ ခြောက်စုံ၊ ရေလောင်းအိမ်သာနှင့် လက်ဆေးကန်များလည်း ပါဝင်ကြောင်းနှင့် ဂျပန်နိုင်ငံ GGP အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ငွေကျပ် ၁၁၄၀ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**



**ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော အစားအသောက်များတွင် FDA ထောက်ခံချက်မရှိသည့် မှိုဆိပ်ဓာတ် ပါဝင်သော ငရုတ်သီးမှုန့်များ ရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်နှင်းနှင့် တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်းကာ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။** သန်းထွန်းအေး(ပြန်/ဆက်)

# မန်စီးတီးနဲ့ စပါး ထိပ်တိုက်တွေ့မယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)

မိုးမြင့်လင်းလက်



ဒီတစ်ပတ်စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဇန်နဝါရီ ၂၁ ရက်နဲ့ ၂၂ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် (၂၂)ကို ကစားဖို့ ရှိနေပြန်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက အသင်းတွေနဲ့ အားထုတ်မှုကတော့ တဖြည်းဖြည်းပြင်းထန်လာပြီး အမှားအယွင်းလည်း မရှိတော့တာမို့ ကြည့်ကောင်းမယ့်ပွဲတွေဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ စတုတ်ကွင်းမှာ သွားကစားရမယ့် မန်ယူ၊ အိမ်ကွင်းမှာ လက်ခံကစားရမယ့် ချယ်လ်ဆီးနဲ့စပါးတို့ပွဲစဉ်ကလည်း ပရိသတ်တွေကို ရင်ခုန်လှိုက်မောစေဦးမှာဖြစ်ပါတယ်။

**မန်စီးတီးနှင့် စပါး**

ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံတဲ့ပွဲမှာ စပါးတို့က သုံးပွဲနိုင်ပြီး မန်စီးတီးက နှစ်ပွဲနိုင်ထားပါတယ်။ စပါးနဲ့ ဆုံတိုင်း အကြိတ်အနယ်နွှဲရတဲ့ မန်စီးတီးဟာ လောလောဆယ်မှာတော့ နိုင်ပွဲတွေပြန်ရနေပါတယ်။ စပါးတို့ကလည်း တစ်သင်းလုံး ဟန်ချက်ညီအောင် ကစားနိုင်ပြီး ပွဲတိုင်းရလဒ်ကောင်းထွက်အောင် အားထုတ်နိုင်နေပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ဖလားကို အရယူဖို့ ကြိုးစားနေတဲ့ မန်စီးတီးတို့က အခုပွဲကို ခက်ခဲပေမယ့် အနိုင်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ဒီပွဲဟာ ဂိုးမပြတ်ပေမယ့် အိမ်ရှင်ရဲ့ပရိသတ်တွေ အောင်ပွဲခံပါလိမ့်မယ်။

**စတုတ်နှင့် မန်ယူ**

စတုတ်ဟာ မန်ယူကို အမြဲတမ်းအကျပ်အတည်းဖြစ်အောင် လုပ်နိုင်တာမို့ မန်ယူတို့ ဒီပွဲကို သေသေချာချာ ပြင်ဆင်ကစားမှရပါလိမ့်မယ်။ မန်ယူဟာ နိုင်ပွဲဆက်တိုက်ရအောင် ဖော်ဆောင်နေတာမို့ အခုပွဲအဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူရေး ဗျူဟာအခင်းအကျင်းပြောင်းပြီး တိုက်စစ်ဆင်ပါလိမ့်မယ်။ စတုတ်တို့က ပုံမှန်ခြေစွမ်းရရှိနေပြီး မန်ယူကို ခြေရည်တူ ကစားပါလိမ့်မယ်။ စတုတ်တို့ကလည်း နိုင်ပွဲပြန်ရလာတာမို့ ဒီပွဲမှာ အားထည့်ကစားပြီး အနိမ့်ဆုံးတစ်မှတ်ရအောင် ရယူပါလိမ့်မယ်။

**လီဗာပူးနှင့် ဆွမ်ဆီး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် လီဗာပူးက နှစ်ပွဲနိုင်ပြီး ဆွမ်ဆီးက တစ်ပွဲနိုင်ထားပါတယ်။ တန်းဆင်းဇုန်ဖိအားကြောင့် ဆွမ်ဆီးတို့ ခြေကုန်ဖွင့်ကစားဖို့ ရှိမှာဖြစ်ပြီး လီဗာပူးဟာ အိမ်ကွင်းဆိုပေမယ့် အသက်ရှုမှားအောင် ကစားရပါလိမ့်မယ်။ လီဗာပူးတို့က ပွဲတိုင်းအတိမ်းအစောင်းမခံတော့ဘဲ အမှတ်ပြည့်ရယူရေး ကြိုးစားလာမှာမို့ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် လီဗာပူးတို့ နိုင်ပွဲဖြစ်သွားနိုင်ပါတယ်။

**ဘုန်းမောက်နှင့် ဝက်ဖို့ဒ်**

ပရီမီယာလိဂ် အဝေးကွင်းမှာ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဝက်ဖို့ဒ်ဟာ အခုပွဲ ဘုန်းမောက်ကွင်းမှာ သွားကစားရမှာမို့ ခက်ခဲပါဦးမယ်။ ဘုန်းမောက်တို့က အိမ်ကွင်းမှာ ခြေစွမ်းပြိုင်တာမို့ ဒီပွဲမှာတော့ ဝက်ဖို့ဒ်ကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ဝက်ဖို့ဒ်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပွဲတိုင်း ပေးဂိုးများနေတာမို့ ဒီပွဲမှာ ဘုန်းမောက်တိုက်စစ်မှူးတွေကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ဘုန်းမောက်တို့ အမှတ်ပြည့်ရသွားမယ့်ပွဲပါပဲ။

**မစ်ဒယ်ဘရော့နှင့် ဝက်စ်ဟမ်း**

ခြေရည်တူ နှစ်သင်းမို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ မစ်ဒယ်ဘရော့တို့က ခြေစွမ်းပုံမှန်မရသေးလို့ ရလဒ်လည်း အတက်အကျရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဝက်စ်ဟမ်းက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားရခက်ခဲတဲ့ မစ်ဒယ်ဘရော့ကိုပဲ အားပေးတာ မှန်ကန်ပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် အဲဗာတန်**

ဒီပွဲကတော့ ပရိသတ်တွေအကြိုက်ဖြစ်လာမယ့်ပွဲပါပဲ။ ပဲလေ့စ်တို့က အိမ်ကွင်းမှာ အားထုတ်မှုကောင်းသလို အဲဗာတန်တို့ကလည်း အိမ်ကွင်းအဝေးကွင်းခြေစွမ်းပြနိုင်ပါတယ်။ တန်းဆင်းဇုန် ရုန်းအားရှိနေတဲ့ ပဲလေ့စ်ဟာ အဲဗာတန်ကို အပြင်းအထန်တုံ့ပြန်ပြီး အမှတ်ရသမျှယူနိုင်ရေး အားထည့်ကစားပါလိမ့်မယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ပွဲသုံးပွဲရလဒ်ကိုကြည့်ရင် သရေပွဲတွေချည်းဖြစ်ခဲ့တာမို့ အခုပွဲမှာလည်း အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်း**

အဝေးကွင်း ရှုံးပွဲတွေများနေတဲ့ ဆန်းဒါးလန်းတို့ လက်ရှိခြေစွမ်းအရ မျှော်လင့်ချက်ကြီးကြီးထားလို့ မရတဲ့ပွဲပါပဲ။ အသင်းကြီးတွေနဲ့ ဆုံရင် နိုင်ပွဲမရတတ်ပေမယ့် ခြေရည်တူအသင်းတွေနဲ့ဆုံရင်တော့ အနိုင်ရအောင် ကစားတတ်တဲ့ ဝက်စ်ဘရွန်းဟာ အခုပွဲမှာလည်း ဂိုးပြတ်သွင်းနိုင်ရေးသာ ထုတ်ပါလိမ့်မယ်။ ဝက်စ်ဘရွန်းဟာ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူနိုင်ရေး စွမ်းဆောင်နိုင်တာမို့ အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံနိုင်မယ့်ပွဲပါပဲ။ ။




## ရီးရဲမက်ဒရစ်ရဲ့ ရှုံးပွဲမရှိ စံချိန်ကို ရပ်တန့်ပေးခဲ့တဲ့ ဆီဗီလာ

မန်စီးတီးရဲ့ တိုက်စစ်မှူးဟောင်း စတီဗင်ဂျိုဗီတစ်က ဆီဗီလာနဲ့ ရီးရဲမက်ဒရစ်တို့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ လေလွင့်ချိန်ဂိုးနဲ့ ဆီဗီလာကို အနိုင်ရအောင် ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အတွက် ရီးရဲမက်ဒရစ်အသင်းရဲ့ ပွဲပေါင်း ၅၀ ရှုံးပွဲမရှိ စံချိန်မှာ အဆုံးသတ်သွားခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ စီရော်နယ်ဒိုရဲ့ ပယ်နယ်တီဂိုးနဲ့ ဦးဆောင်ခဲ့ပေမယ့် ပွဲပြီးဖို့ ခြောက်မိနစ်အလို ရာမို့စ်ရဲ့ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိတဲ့အတွက် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီးနောက် ဂျိုဗီတစ်က အနိုင်ဂိုးသွင်းယူခဲ့တာပါ။ ဆီဗီလာအသင်းဟာ ဒီပွဲမှာ အနိုင်ရလိုက်တဲ့အတွက် ဘာစီလိုနာကိုကျော်ပြီး ဒုတိယနေရာကို ယူလိုက်ပါတယ်။ သို့ပေမယ့် ရီးရဲမက်ဒရစ်ကတော့ ပွဲစဉ် ၁၈ အပြီး ရမှတ် ၄၀ နဲ့ ထိပ်ဆုံးက ဦးဆောင်နေတာပါ။ ဆီဗီလာက ၃၉၊ ဘာစီလိုနာက ၃၈ မှတ်နဲ့ ရပ်တည်နေပါတယ်။ ဆီဗီလာအသင်းဟာ ထိပ်ဆုံးက ရီးရဲမက်ဒရစ်နဲ့ တစ်မှတ်သာ ကွာခြားမှုရှိတဲ့အတွက် အလားအလာကောင်းနေပါတယ်။ စပိန်လာလီဂါမှာတော့ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနဲ့ ဆီဗီလာတို့ဟာ အားပြိုင်မှု ပိုပြီးကောင်းလာတဲ့ အနေအထား ဖြစ်နေပါတယ်။

## ပရီမီယာလိဂ်မှာ အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရတဲ့ မန်စီးတီး

မန်စီးတီးအသင်းဟာ အဲဗာတန်ကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် အဆိုးရွားဆုံး ရလဒ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ ဒီရှုံးနိမ့်မှုဟာ မန်နေဂျာ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးရှုံးနိမ့်မှုလို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ဇယားထိပ်ဆုံးနေရာကို ဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်းရဲ့ နောက်မှ ၁၀ မှတ်ကွာလိုက်နေရပါတယ်။ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားကို လက်မြှောက် အရှုံးပေးရတော့မယ့် အနေအထားလို့ ဆိုပါတယ်။ ဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးနဲ့ အမှတ်ကွာခြားမှုဟာ ကြီးမားတဲ့ ကွာဟချက်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ မန်စီးတီးအနေနဲ့ ချယ်လ်ဆီးကို အမီလိုက်ဖို့မလွယ်တော့တဲ့ အနေအထားဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နောက်ဆုံး ရှစ်ပွဲကစားရာမှာ လေးပွဲရှုံးနိမ့်ခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း ထိပ်ဆုံးရောက် ချယ်လ်ဆီးနဲ့ အမှတ် အပြတ်အသတ်ကွာသွားခဲ့ပါတယ်။ ရှစ်နှစ်တာကာလအတွင်း ဖလားခုနစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့တဲ့ ဂွာဒီယိုလာဟာ အဆိုးရွားဆုံး ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ အဲဗာတန်ကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်မှုကတော့ ဂွာဒီယိုလာအတွက် အဆိုးရွားဆုံးရလဒ်လို့ ဆိုပါတယ်။





## ပြိုင်ဆိုင်မှု အားကောင်းလာတဲ့ စီးရီးအေ

အီတလီ စီးရီးအေမှ ပွဲစဉ် ၂၀ အပြီး ဂျူဗင်တပ်စ်အသင်းအနေနဲ့ ဇယားထိပ်ဆုံးကို ရောက်နေပေမယ့် ဖီအိုရင်တီးနားကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ဇယားထိပ် အားပြိုင်မှုတွေ ပြင်းထန်လာခဲ့ပါတယ်။ ဒီအတောအတွင်းမှာပဲ ဒုတိယနေရာမှ ရိုးမားက အူဒီးနိစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့အတွက် ထိပ်ဆုံးရောက် ဂျူဗင်တပ်စ်နဲ့ တစ်မှတ်အလို ကပ်လိုက်လာပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ၂၀၁၇ ခုနှစ်ထဲမှာ ပထမဆုံး နှစ်ပွဲသာအနိုင်ရထားပါတယ်။ ဒီပွဲရလဒ် အနေအထားကြောင့် ဂျူဗင်တပ်စ်ကို ရိုးမားက အနီးကပ်စိန်ခေါ်လာနိုင်ပြီ ဖြစ်ပါတယ်။ တတိယနေရာမှာ နာပိုလီကလည်း ရမှတ် ၄၁ မှတ်နဲ့ ထိပ်ဆုံးရောက် ဂျူဗင်တပ်စ်ကို ဖိအားပေးလာပါတယ်။ အီတလီ စီးရီးအေမှာ ပွဲစဉ် ၂၀ ကစားပြီးချိန်မှာတော့ အသင်းတွေရဲ့ပြိုင်ဆိုင်မှုအားပြင်းထန်လာတယ်လို့ ဆိုနိုင်ပါတယ်။ သို့ပေမယ့် ဂျူဗင်တပ်စ်ကတော့ ရမှတ် ၄၅ မှတ်နဲ့ ထိပ်ဆုံးမှာပါ။ ရိုးမားက ၄၄ မှတ်၊ နာပိုလီက ၄၁ မှတ်နဲ့ ရပ်တည်နေပါတယ်။ နာမည်ကြီးအင်တာမီလန်ကတော့ နံပါတ် ၆ နေရာမှ ရမှတ် ၃၆ မှတ်နဲ့ ရပ်တည်နေတာကြောင့် ဒီနှစ်ဖလားလုပွဲမှ မျှော်လင့်ချက် မှေးမှိန်နေတဲ့ အနေအထားဖြစ်ပါတယ်။

▼ ကောင်းမြတ်သူ-စုစည်းသည်။ ▼

# ပဲဈေးကွက်ကောင်းမွန်ရန် ပဲစိုက်ပျိုးသည့်တောင်သူများ မျှော်လင့်နေ

**ရေတာရှည် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စပါးပြီးနောက် အများဆုံးစိုက်ပျိုးသော သီးနှံဖြစ်သည့် ပဲအမျိုးမျိုးကို စိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် ယခုနှစ် ပဲဈေးကွက်အလားအလာကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မတ်ပဲ၊ ပဲတီစိမ်းကို စိုက်ပျိုးသည့်တောင်သူများမှာ ယခုဆောင်းရာသီကာလ၌ နေရာအနှံ့အပြားတွင် ပိုးမျိုးစုံကျရောက်ခဲ့ပြီး သွင်းအားစုကုန်ကျစရိတ်များလည်း မြင့်မားခဲ့သည့်အတွက် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရမှသာ အဆင်ပြေမည်ဖြစ်၍ ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေကြခြင်းဖြစ်သည်။ "ပိုးတွေက တအားကျတော့ ပိုးသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး စုံနေတာပဲ။ တစ်ဧကကို ခုနှစ်သောင်းဝန်းကျင်လောက်ကို ကုန်တယ်"ဟု ပဲစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က မတ်ပဲတစ်တင်းလျှင် ကျပ်ငါးသောင်းကျော်အထိ ဈေးကောင်းရရှိခဲ့ပြီး တောင်သူများအနေဖြင့် ယခုနှစ်တွင်လည်း ထိုဈေးအတိုင်းသာရောင်းချရပါက အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားမှုများလည်း ရှိနေသည်။ ပဲဈေးနှုန်းကောင်းမွန်မှုသည် ပြည်ပဈေးကွက်ဝယ်လိုအားအပေါ်တွင် တည်မှီလျက်ရှိရာ စိုက်ခင်းများတွင် ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲပြီး ပါဝင်သော ဓာတ်ကြွင်း ပမာဏ မြင့်မားပါက ဈေးကွက်သို့တင်ပို့ရောင်းချရာ၌ အခက်အခဲများစွာ ရှိကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**



# မီးဘေးကာကွယ်ရေးအတွက် ကိုယ့်အားကိုယ်ကိုး မီးသတ်စက်ရေတွင်းများ တူးဖော်လျက်ရှိ

**မဒေါက် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ရပ်ကွက်များအတွင်းရှိ နေအိမ်များ၊ ဈေး၊ စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကိုယ့်အားကိုယ်ကိုး မီးသတ် စက်ရေတွင်းများကို တူးဖော်လျက်ရှိကြောင်း သိရသည်။

မီးသတ်စက်ရေတွင်းများ တူးဖော်နေမှုအခြေအနေကို မဒေါက်မြို့အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၊ ရဲကင်းစခန်းမှူး၊ မီးသတ်စခန်းတာဝန်ခံနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့ ဇန်နဝါရီ ၁၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မီးသတ် စက်ရေတွင်းများကို မြို့မ(၁)ရပ်ကွက်တွင် သုံးတွင်း၊ မြို့မ(၂)ရပ်ကွက်တွင် သုံးတွင်း စုစုပေါင်း ခြောက်တွင်း တူးဖော်လျက်ရှိပြီး တစ်တွင်းလျှင် ငွေကျပ် ၃၃၀၀၀၀ ကုန်ကျကာ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ ဦးဆောင်သောအဖွဲ့များက မိမိတို့ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး တူးဖော်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ တူးဖော်ပြီးစီးပါက ရေတွင်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကယားပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ-ထိုင်း ချစ်ကြည်ရေးကုန်စည်ပြပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၇**

(၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် အနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး မယ်ဟောင်ဆောင်ခရိုင်နှင့် ကယားပြည်နယ်တို့ ပူးပေါင်း၍ (OTOP)ကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၄ ရက်က စတင်ကျင်းပခဲ့သည်။



ကုန်စည်ပြပွဲ ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ မယ်ဟောင်ဆောင်ခရိုင်ဝန်နှင့် အဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မယ်ဟောင်ဆောင်ခရိုင် ဖွံ့ဖြိုးရေးဌာန တာဝန်ခံက ကုန်စည်ပြပွဲနှင့်ပတ်သက်၍ အစီရင်ခံတင်ပြပြီး မယ်ဟောင်ဆောင်ခရိုင်ဝန် Mr. Suebsak Eaimvijarn က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် မယ်ဟောင်ဆောင်ခရိုင်ဝန်တို့က(OTOP)ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။ ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် မယ်ဟောင်ဆောင်ခရိုင်ဝန်တို့က ကုန်စည်ပြပွဲအတွင်းရှိ အရောင်းပြခန်းများကိုလည်းကောင်း၊ (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဘီပိုးရှိမရှိ စစ်ဆေးပြီး ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**တိုက်ကြီး ဇန်နဝါရီ ၁၇**

တိုက်ကြီးမြို့ရှိ ဒေသခံပြည်သူများအား အခမဲ့ကုသိုလ်ဖြစ် အသည်းရောင်ဘီပိုးရှိမရှိ စစ်ဆေးပေးခြင်းနှင့် အသည်းရောင်ဘီပိုးကာကွယ်ဆေး ထိုးပေးခြင်းလုပ်ငန်းများကို ရန်ကုန်မြို့ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းက တိုက်ကြီးမြို့ဘူတာရပ်ကွက် အုန်းကုန်းခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့ နိဗ္ဗာန်ချမ်းသာ နာရေးကူညီမှုအသင်းနှင့် အုန်းကုန်းဘုရားကျောင်းဂေါပကအဖွဲ့တို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည် ဦးဆောင်သော ဆရာဝန်များနှင့် တိုက်ကြီးမြို့အထွေထွေကု ဆရာဝန်များ ပူးပေါင်း၍ တိုက်ကြီးမြို့နယ်ရှိ ဆန္ဒရှိသောပုဂ္ဂိုလ်များကို အသည်းရောင်ဘီပိုးရှိမရှိ စစ်ဆေးခြင်းနှင့် အသည်းရောင်ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးနိုင်ရန် ဘီပိုးရှိမရှိ စစ်ဆေးပေးပြီး ပိုးမရှိသောသူများကို ရောဂါကာကွယ်ဆေးများ ထိုးပေးခဲ့ရာ လူဦးရေ ၁၂၀၀ ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ပိုးရှိမရှိ စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ ကာကွယ်ဆေးများကို ထိုးနှံခြင်းကို ၂၀၀၀ အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

# လူထုအခြေပြုလှုပ်ရှားမှုများ ဆောင်ရွက်

**ဒိုက်ဦး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရှမ်းကျွန်းကုန်းကျေးရွာအုပ်စု ရှမ်းကျွန်းကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ မြို့နယ်လူထုအခြေပြုလှုပ်ရှားမှု (Civic community movement)ပွဲကို ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

လူထုအခြေပြုလှုပ်ရှားမှု အစီအစဉ်များအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီဦးဆောင်၍ ဒိုက်ဦးမြို့နယ် မေတ္တာဦးအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းက ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း ကျေးရွာနေပြည်သူများအား ကဏ္ဍအလိုက် အထွေထွေ အကြောင်းအရာများ အသိပညာပေးဟောပြောခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေး ဒေသခံများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**ပေါက် ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကိုင်းလယ်ကျေးရွာ၌ ၂၀၁၆ ခုနှစ်က တည်ဆောက်ခဲ့ပြီးဖြစ်သော (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံများဆွေးနွေးပွဲကို ကိုင်းလယ်ရဲကင်းစခန်း၌ ဇန်နဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုက်နယ်ဆရာဝန် ဒေါက်တာကောင်းထက်ကိုက အမှာစကားပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကြည်နိုင်နှင့် ဒုရဲအုပ်ဝင်းဆွေတို့က ဆေးရုံအတွက်လိုအပ်သော ပစ္စည်းများ၊ ပရိဘောဂများနှင့် စက်ပစ္စည်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆေးရုံပစ္စည်းထူထောင်ရေးကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်ရန် ခွဲဝေသတ်မှတ်ခြင်း၊ အချိန်ကာလသတ်မှတ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ဖွင့်လှစ်နိုင်ပါက ဒေသတွင်းရှိကျေးရွာပေါင်း ၄၀ ကျော်မှ ပြည်သူ ၂၀၀၀၀ ကျော်အနေဖြင့် ၁၅ မိုင်ခန့်ဝေးကွာသော ပေါက်မြို့နယ်ဆေးရုံသို့ သွားလာရန် မလိုတော့ဘဲ ကျန်းမာရေးဆိုင်ရာကိစ္စများကို မိမိတို့ဒေသဆေးရုံ၌ လွယ်လင့်တကူကုသဖြေရှင်းနိုင်တော့မည်ဖြစ်ကြောင်း တပ်ကုန်းကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

**ဖိုးသားလေး(ယောမြေ)**



# ပျော်ဘွယ်မြို့နယ်အတွင်း ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ပျော်ဘွယ် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ၂၀၁၇ ခုနှစ်မှစတင်ကာ လေးနှစ်တာကာလအတွင်း လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ရာ လူထုဗဟိုပြုစီမံကိန်းရုံး ဖွင့်လှစ်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်မည့် အကြံပေးအဖွဲ့များ၊ လူထုစည်းရုံးရေးမှူးများ တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ယာယီဖွင့်လှစ်ထားသည့် လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုတို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်စွာ ပြီးမြောက်စေရေး၊ ပြည်သူများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရေး၊ လုပ်ငန်းစဉ်တစ်လျှောက် အမှားအယွင်းမရှိ အောင်မြင်စေရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှူး ဦးနိုင်နိုင်ဝင်းနှင့် လူထုဗဟိုပြုစီမံကိန်းရုံး၊ မြို့နယ်အကြံပေးအဖွဲ့ခေါင်းဆောင် ဦးလှထူးတို့က မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၁၇ ရွာတွင် လူထုဗဟိုပြုစီမံကိန်းအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# MEGA PROMOTION

## 35% ငွေကျေရင်အခန်းအပ်

AFTER KEY လစဉ် 10 သိန်းခန့်

အတိုးမယူ လ 100 ငွေချေစနစ်

လှိုင်၊ တာမွေ၊
ကမာရွတ်၊ ရန်ကင်း၊
စမ်းချောင်း၊ ငွေဆောင်၊
ကြည့်မြင်တိုင်၊ သင်္ဃန်းကျွန်း၊
စီမံကိန်း 19 ခုမှအခန်းပေါင်း
500 ကျော်ရောင်းမည်

နေ့ရက် ▪ 21,22-Jan-2017

နေရာ ▪ People Park
Myanmar Culture

ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်မုခ်ရှေ့

ဦးဆုံး(30)ခန်းလက်ဆောင်
ပါကေး & AIR-CON

DEVELOPER
i GREEN

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**ဖောင်းကြွပျောက်လျှော့ကျထားခြင်း**

ယာဉ်အမှတ် 1E/1482 LIFAN LFJ3053F1 ယာဉ်အမည်ပေါက်သူ ဦးသိန်းကျော်ဦး ၁၄/ပသန(နိုင်) ၁၅၉၃၄၅ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

▲ အလောင်းတော်ကဿပ၊ မုံရွာအနုံ၊ စစ်ကိုင်း(သီးသန့်) ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနုံ
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုက်ဂူ ဆက်၍-(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး) **အပတ်စဉ်သောကြာ**
▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ဇွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ ဇွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ၊ နွားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (မြဝတီ+မဲဆောက်၊ ဘားအံ)(ဘားအံဂူဘုရားများ၊ ဇင်းကျိုက်ရေတံခွန်)(ဇလွန်)

01-240860/01-372290 ဒေါ်ပံ 09-49282825,09-43202968,09-262784651

**သန်းဒွေးနှင့်ရောင်းရင်းများ မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

✿ မန်းရွှေစက်တော် ပါဒခြေတော်ရာပွဲတော်သို့ ...(30-1-2017) ထွက်မည်
✿ မြတ်မော်တင်စွန်း ဘုရားပွဲတော်သို့ ....(10-2-2017) ထွက်မည်
✿ ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၂/၃)ရက်။
✿ ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ဇွယ်တော်လေးဆူ (၅)ရက်။
✿ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘတောင် (၅)ရက်။
✿ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၇)ရက်။
✿ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
✿ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ (၃)ရက်။
✿ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်ခဲ(၅)ရက်။
✿ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ၊ (ကျိုက်ထီးရိုး)ပါ (၂/၃)ရက်။ **အပတ်စဉ်သောကြာနေ့တိုင်းထွက်မည်**
✿ ဇလွန်ပြည်တော်ပြန် ✿ နေပြည်တော် ✿ ပြည်-အကောက်တောင် ✿ မဲလံဆံတော်ရှင် (စေ့ တနင်္ဂနွေ)

အမှတ်(၄၂၄)၊ရွှေဘုံသာလမ်း၊ Ph: 01-380141, 01-241863, 09-43043109, 09-73251422




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 1E/8964 CHANGHE P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာအောင် ၁၂/မဂတ(နိုင်)၀၁၆၁၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**












# အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့ကြုံတွေ့နေရသည့် အခက်အခဲများပြေလည်စေရန် လေ့လာဆန်းစစ်မှုများပြုလုပ်၍ အမြန်ဆုံး ဆောင်ရွက်သွားမည်

**သတင်းနှင့်ဓာတ်ပုံ ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်သစ်ကိုပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်၍ အမြန်ဆုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"ဒီနေ့ လေ့လာဆန်းစစ်မှု တစ်ခု လုပ်လိုက်တဲ့အခြေအနေမှာ ကျွန်တော်တို့မှာရှိတဲ့ ကားအရေအတွက်နဲ့ ပြည်သူလူထု မညီမျှဘူးလို့မြင်တယ်၊ ရှိတဲ့ကားအရေအတွက် သုံးထောင်ကျော်လုံး အကုန်ထွက်နေပါတယ်၊ ဒါပေမယ့် ဒီလိုမျိုးခရီးသည်တွေ အစုလိုက်ဖြစ်နေတာက အရင်တုန်းကလည်း ရုံးတက်၊ ရုံးဆင်းချိန်မှာ ဆူးလေနဲ့ ပန်းဆိုးတန်းတို့မှာဖြစ်တယ်၊ ဒါမျိုးဖြစ်လို့မရပါဘူး၊ ဒါကိုပြေလည်ဖို့အတွက် ဖေဖော်ဝါရီလမှာ ကားအသစ်တွေရောက်လာဖို့အတွက် ကျွန်တော်တို့ ကြိုးစားသွားပါမယ်" ဟု

*စာမျက်နှာ ၅ ကော်လံ ၁* ❐



ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ဆူးလေကားမှတ်တိုင် လူကူးမျဉ်းကြား၌ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးစဉ်

# MNL-2 ပြိုင်ပွဲတွင် ဖုန်ဂန်နှင့် တက္ကသိုလ်အသင်း နိုင်ပွဲစတင်ရရှိ



မောရဝတီအသင်းနှင့် ဖုန်ဂန်အသင်း ယှဉ်ပြိုင်ကစားနေစဉ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-အောင်ဇေ**

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၇ ရာသီ MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်းနှင့် ပဒုမ္မာကွင်း၌ စတင်ကျင်းပရာ ဖုန်ဂန်နှင့် တက္ကသိုလ်လက်ရွေးစင်အသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဖုန်ဂန်အသင်းက မောရဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း အဆုံးသတ်ဂိုးသွင်းသေချာခဲ့သည့် ဖုန်ဂန်အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖုန်ဂန်အသင်းအတွက် အနိုင်ဂိုးများကို ၂၉ မိနစ်တွင် စိုးမြတ်သူ၊ ၆၄ မိနစ်တွင် နိုင်နိုင်လင်းတို့က သွင်းယူခဲ့သည်။ နှစ်သင်းစလုံးတွင် နိုင်ငံခြားသားကစားသမားများပါဝင်ခဲ့ပြီး မောရဝတီအသင်းမှာ နိုင်ငံခြားသားကစားသမားသုံးဦးစလုံး ထည့်သွင်းကစားခဲ့သော်လည်း ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်လက်ရွေးစင်အသင်းက ငွေကြယ်ပွင့်လေးများအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် အောင်သန့်ဇော်၊ မိနစ် ၆၀ တွင် ခိုင်ရဲဝင်းတို့က သွင်းယူပေးခဲ့သည်။ မူလက ပထမနေ့တွင် သုံးပွဲကျင်းပရန် စီစဉ်ထားသော်လည်း သုဝဏ္ဏကွင်း၌ကျင်းပမည့် စီးတီးစတားအသင်းနှင့် သန်လျင်ယူနိုက်တက်အသင်းတို့ပွဲကို ဇန်နဝါရီ ၂၀ ရက်သို့ ရွှေ့ဆိုင်းခဲ့သောကြောင့် နှစ်ပွဲသာ ကျင်းပခဲ့သည်။ ပွဲစဉ်(၁) ဒုတိယနေ့ကို ဇန်နဝါရီ ၁၈ ရက် (ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ဒဂုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ခေတ်အဆက်ဆက် ဘတ်စ်ကားပို့ဆောင်ရေးနှင့် စနစ်ဟောင်းတော်လှန်ရေး

စာ-၆

## ပျောက်ဆုံးနေသည့် ရာအိမ်မှူးဟောင်း ပြန်လည်တွေ့ရှိ သတင်းပေးဟု စွပ်စွဲကာ နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း သိရှိရ

စာ-၈



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

*(ယမန်နေ့မှအဆက်)*

၂၅၉။ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် ၎င်းတို့၏ တမင်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပုဒ်မ ၂၅၈ ပါသတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ပျက်ကွက်မှုကို ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါပြစ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ပြစ်ဒဏ်ငွေ (၁၅) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၆၀။ **နှစ်စဉ် လက်ကျန်ရှင်းတမ်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံး၏ ဒါရိုက်တာများသည် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၁၈)လအတွင်း ကျင်းပရမည်ဖြစ်ပြီး ယင်းနောက်ပိုင်း၌ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် သတ်မှတ်၍ ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် လက်ကျန်ရှင်းတမ်း (balance sheet)၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်သွယ်ရောင်းဝယ်ခြင်း မပြုသော ကုမ္ပဏီဖြစ်လျှင် သက်ဆိုင်ရာကာလအတွက် ဝင်ငွေနှင့် အသုံးစရိတ်စာရင်း၊ ကုမ္ပဏီအား စတင်ဖွဲ့စည်း တည်ထောင်ပြီးနောက် ပထမဦးဆုံး စာရင်းဖြစ်စေ၊ စာရင်းတစ်ခုအား ပြုစုပြီးနောက် ဖြစ်စေ အစည်းအဝေးကျင်းပသည့် နေ့ရက်မတိုင်မီ (၉)လထက် မစောသော နေ့ရက်အထိ ပြုစုထားသောစာရင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် နိုင်ငံတော်၏ ပြင်ပတွင် အကျိုးခံစားခွင့်များရရှိသော ကုမ္ပဏီတစ်ခု ဖြစ်ပါက (၁၂)လထက် မပိုသောကာလတွင် ပြုစုထားသည့် စာရင်းများ ပါရှိရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် အထူးအကြောင်း ပြချက်ရှိကြောင်း တွေ့ရှိလျှင် (၃)လထက် မပိုသော ကာလတစ်ရပ်ဖြင့် အဆိုပါကာလအား တိုးမြှင့်ပေးနိုင်သည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ဤအခန်း၏ နောက်ပိုင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ် အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့်အတူပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံစာအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် စာရင်းစစ်ဆေးထားပြီးဖြစ်သော အဆိုပါ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူတစ်စောင်ကို စာရင်းစစ် အစီရင်ခံစာမိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်ထားသော လိပ်စာများသို့ အစည်းအဝေးဖိတ်ကြားစာဖြင့် ပူးတွဲလျက်ပေးပို့ရမည်။

ထို့အပြင် ယင်းတို့ ၏ မိတ္တူတစ်စောင်ကို အစည်းအဝေး စတင်ကျင်းပခြင်းမပြုမီ အနည်းဆုံး (၂၁)ရက် ကြိုတင်၍ ကုမ္ပဏီတွင် ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် ထားရှိရမည်။ ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေများကို ထိခိုက်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မအရ ကုမ္ပဏီတွင် ပါဝင်သူများသို့ ငွေကြေးဆိုင်ရာ ရှင်းတမ်းများကို အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

၂၆၁။ **ဒါရိုက်တာများ၏ အစီရင်ခံစာ**

(က) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာများသည် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ အမြတ်ဝေစုအဖြစ်ပေးသင့်သည်ဟုထောက်ခံတင်ပြမည့် ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သီးခြား ဖော်ပြထားသည့်သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့် ငွေစာရင်းတို့တွင် ထားရှိသင့်သည့်ငွေရှိခဲ့လျှင် ယင်းငွေပမာဏသို့မဟုတ် နောက်ဆက်တွဲ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ တင်ပြထားသော နောက်ဆက်တွဲ လက်ကျန်ရှင်းတမ်း (balance sheet) တစ်ရပ်ရပ်တွင် သီးခြား ဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့်ငွေရှိခဲ့လျှင် ယင်းငွေပမာဏတို့နှင့် စပ်လျဉ်းသော အစီရင်ခံစာတစ်စောင်ကို ပြုစုရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ရည်ညွှန်းဖော်ပြပါရှိသည့် အစီရင်ခံစာတွင် ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာဖော်ပြချက်၊ အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာသုံးသပ်ဖော်ပြချက်၊ ကုမ္ပဏီတွင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသောကိစ္စရပ်များဆိုင်ရာ ဖော်ပြချက်နှင့် အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များအပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ လျော်ကန်မျှတသည့် သုံးသပ်တင်ပြချက်တစ်ရပ် ပါရှိရမည်။ အစီရင်ခံစာကို ဒါရိုက်တာများက ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းထားလျှင် ဒါရိုက်တာများ၏ကိုယ်စားအဖြစ် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးနိုင်သည်။

(ဂ) ပုဒ်မ ၂၅၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်မှုကြောင့် အပြစ်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးနှင့် သက်ဆိုင်စေရမည်။

၂၆၂။ **လက်ကျန်ရှင်းတမ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော လက်ကျန်ရှင်းတမ်း (balance sheet) တွင် ကုမ္ပဏီ၏ ပစ္စည်းများ၊ အခြေပစ္စည်းများ၊ မတည်ငွေရင်းနှင့် တာဝန်ရှိမှုများ အကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ တာဝန်ရှိမှုများနှင့် အခြေပစ္စည်းများ၏ ယေဘုယျအခြေအနေ၊ ပုံသေ သတ်မှတ်ထားသည့် အခြေပစ္စည်းများ၏ တန်ဖိုးကို မည်သို့တွက်ချက်ထားသည်ဟူသော ထုတ်ဖော်တင်ပြရမည့် အချက်အလက်များ ပါရှိရမည်။

(ခ) လက်ကျန်ရှင်းတမ်း (balance sheet)ကို စာရင်းအင်းစံနှုန်းများအရ ကျင့်သုံးရသည့်ပုံစံ သို့မဟုတ် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည့် အခြားပုံစံဖြင့် ပြုစုဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော အရှုံးအမြတ်စာရင်းတွင် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် အခကြေးငွေအဖြစ် ဝန်ဆောင်ခများ၊ ရာခိုင်နှုန်းများ သို့မဟုတ် အခြားနည်း တစ်ရပ်ရပ်အနေဖြင့် ပေးချေခဲ့သည့် ငွေပမာဏ စုစုပေါင်းအား ဖော်ပြသည့် အချက်အလက်များ၊ ကုမ္ပဏီတွင် ပါဝင်သူများက ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် လိုအပ်လျှင် အခြားအရာရှိတစ်ဦးဦးသို့ ပေးချေသည့် အခကြေးငွေများနှင့် ပစ္စည်းတန်ဖိုး လျှော့တွက်ငွေအတွက် ပယ်ဖျက်သည့် တန်ဖိုး စုစုပေါင်းတို့ကို ထည့်သွင်း ဖော်ပြရမည်။ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီက အခြားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ခန့်ထားရန် အဆိုပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်လျှင် အဆိုပါ ဒါရိုက်တာအဖြစ်သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အခြားနည်း တစ်ရပ်ရပ်ဖြင့်လည်းကောင်း ၎င်းကိုယ်ပိုင် အသုံးပြုမှုအတွက် ၎င်းမှ ရရှိသော အခကြေးငွေ သို့မဟုတ် အခြားလစာနှင့် စရိတ်များကို စာရင်း၏ အောက်ခြေတွင် သို့မဟုတ် ပူးတွဲတင်ပြသည့် ရှင်းတမ်းတွင် မှတ်ချက်ဖြင့် ဖော်ပြပါရှိရမည်။

၂၆၃။ **လက်အောက်ခံကုမ္ပဏီများနှင့် သက်ဆိုင်သောအချက်အလက်များကို လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြရခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့်အခါ အဆိုပါကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် လက်အောက်ခံကုမ္ပဏီများ၏ ဤဥပဒေအရ ဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေအရဖြစ်စေ ပြုစုတင်ပြရန် လိုအပ်သည့် နောက်ဆုံး စာရင်းစစ်ဆေးထားသည့် လက်ကျန်ရှင်းတမ်း(balance sheet)၊ အရှုံးအမြတ်စာရင်းနှင့် စာရင်းစစ်အစီရင်ခံစာများ၊ ပုဒ်မ ၂၆၄ အရ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) ကို လက်မှတ်ရေးထိုးရမည့်ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးထားသော ထုတ်ပြန်ချက်ကို အဆိုပါ လက်ကျန်ရှင်းတမ်း (balance sheet)တွင် ပူးတွဲဖော်ပြရမည်။ ထို ထုတ်ပြန်ချက်တွင် လက်အောက်ခံကုမ္ပဏီ၏ အရှုံးအမြတ်များကို မည်သို့ဖော်ပြထားသည်၊ သို့မဟုတ် လက်အောက်ခံကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုမို၍ ရှိခဲ့လျှင် ထိုကုမ္ပဏီများ၏ စုစုပေါင်းအရှုံးအမြတ်များကို အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းများတွင် မည်သို့ဆက်စပ်ကြောင်း ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များအတွက် မည်သို့၊ မည်မျှ ဆက်စပ်သည် စသည်တို့ ဖော်ပြပါရှိရမည် -

(၁) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအတွက် အဆိုပါ ကုမ္ပဏီ၏ စာရင်းတွင် သို့မဟုတ် ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီ နှစ်ရပ်လုံး၏ စာရင်းတွင် ဖြည့်စွက်မှုများ ပြုလုပ်ခြင်းနှင့်

(၂) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအား အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်း၌ ဒါရိုက်တာများက ထည့်သွင်းတွက်ချက်ထားခြင်း၊ သို့ရာတွင် လက်အောက်ခံကုမ္ပဏီတစ်ခုခု၏ အမှန်တကယ်ရရှိသည့်အမြတ် သို့မဟုတ် အရှုံးပမာဏကို ဖြစ်စေ၊ အဆိုပါ အမြတ် သို့မဟုတ် အရှုံးများမှ တစ်စိတ်တစ်ဒေသဖြစ်သော ပမာဏဖြစ်စေ အဆိုပါရှင်းတမ်းတွင် ရှင်းလင်းဖော်ပြရန် မလိုအပ်။ သို့သော်လည်း ဤပုဒ်မပါ ကိစ္စရပ်များ အလို့ငှာ အစုရှယ်ယာများ၊ စတော့ ရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို အဓိက စီးပွားရေး လုပ်ငန်းအဖြစ်ရယူ သို့မဟုတ် ပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီတစ်ခုအား ယင်း၏ အခြေပစ္စည်းတွင် အခြားကုမ္ပဏီ၏ အစုရှယ်ယာ ၅၁ % သို့မဟုတ် ထိုပမာဏထက် ပိုများသော အစုရှယ်ယာများ ပါဝင်နေသော အကြောင်းမျှဖြင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေအရဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ ပြုစုရန်လိုအပ်သည့် လက်အောက်ခံကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းနှင့် သက်ဆိုင်သည့် စာရင်းစစ် အစီရင်ခံစာ၌ စာရင်းစစ်များ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များအားလုံး ရရှိကြောင်း၊ စာရင်းစစ်များရရှိသည့် သတင်းအချက်အလက်နှင့် ရှင်းလင်းဖော်ပြချက်များ၊ ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြချက်များအရ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို မှန်ကန်စွာဖော်ပြနိုင်ရန် လက်ကျန်ရှင်းတမ်း (balance sheet)ကို ပြုစုထားကြောင်း ဖော်ပြချက်များ မရှိလျှင် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet)တွင် ပူးတွဲတင်ပြမည့် ထုတ်ပြန်ချက်တွင် အစီရင်ခံစာ အား အသိအမှတ်မပြုနိုင်သည့် အကြောင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်စေရမည်။

(ဂ) ဤပုဒ်မပါကိစ္စရပ်များအလို့ငှာ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အရှုံး သို့မဟုတ် အမြတ်ဆိုသည်မှာ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းများနှင့် သက်ဆိုင်သည့် ကာလအတွင်း နေ့ရက်တစ်ရက်ရက်အထိ ပြုစုထားသော လက်အောက်ခံကုမ္ပဏီ၏ စာရင်းတစ်ရပ်ရပ်တွင် ဖော်ပြထားသည့် အရှုံး သို့မဟုတ် အမြတ်ကို ဆိုလိုသည် သို့မဟုတ် အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းများကို ပြုစုသည့်အချိန်တွင် လက်အောက်ခံကုမ္ပဏီ၏ အဆိုပါ စာရင်းများကို မရရှိပါက အဆိုပါကာလအတွင်း ရရှိနိုင်သည့် လက်အောက်ခံ ကုမ္ပဏီ၏ ယခင်နောက်ဆုံးစာရင်းများတွင် ဖော်ပြထားသောအရှုံး သို့မဟုတ် အမြတ်များကို ဆိုသည်။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ ဒါရိုက်တာများသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ထုတ်ပြန်ချက်အား ပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက လက်ကျန်ရှင်းတမ်း (balance sheet)ကို လက်မှတ်ရေးထိုးသော ဒါရိုက်တာများသည် အဆိုပါ ကိစ္စရပ်အား စာဖြင့်ရေးသား တင်ပြရမည်ဖြစ်ပြီး ၎င်းတို့၏ အစီရင်ခံစာကို အဆိုပါထုတ်ပြန်ချက်အစား လက်ကျန်ရှင်းတမ်း (balance sheet) တွင် ပူးတွဲ ဖော်ပြရမည်။

(င) အစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လျက် လက်အောက်ခံ ကုမ္ပဏီတစ်ခုခုက ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုရန်အတွက် ဆုံးဖြတ်ချက်တွင် အမည်ဖော်ပြပါရှိသော ကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပေးနိုင်သည်။ ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ရုံးလုပ်ငန်းချိန်အတွင်း မည်သည့်အချိန်တွင်မဆို ထိုကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

(စ) ကုမ္ပဏီတွင် ပါဝင်သူများအား ပုဒ်မ ၂၆၈ အရ အပ်နှင်းထားသည့် အခွင့်အရေးများကို အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတွင် ပါဝင်သူများက လက်အောက်ခံကုမ္ပဏီတစ်ခုခုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် အဆိုပါ လက်အောက်ခံ ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်သကဲ့သို့ ကျင့်သုံး ဆောင်ရွက်နိုင်သည်။

၂၆၄။ **လက်ကျန်ရှင်းတမ်း၏ အစစ်အမှန်ဖြစ်မှု**

ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ဒါရိုက်တာနှစ်ဦးက လက်မှတ်ရေးထိုးရမည် သို့မဟုတ် ဒါရိုက်တာ နှစ်ဦးအောက်နည်းသည့် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ တစ်ဦးတည်းသော ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

၂၆၅။ ဤအခန်းအရ လိုအပ်သော လက်ကျန်ရှင်းတမ်း (balance sheet)ကို ကုမ္ပဏီထံ ရှင်းလင်း တင်ပြရာတွင်လည်းကောင်း၊ ထိုရှင်းတမ်းကို ထုတ်ဝေရာတွင်လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက၊ သို့မဟုတ် ဘဏ္ဍာရေးရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် ဝင်ငွေနှင့်အသုံးစရိတ်စာရင်းသို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုဒ်မ ၂၆၀၊ ၂၆၂၊ ၂၆၃ နှင့် ၂၆၄ ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၆၆။ **မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူ**

(က) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ရှင်းလင်းတင်ပြ ပြီးသည့်အခါ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး တစ်ဦးဦးက လက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စုံကို ပုဒ်မ ၉၇ တွင်ဖော်ပြပါရှိသော သတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့် နှစ်စဉ် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာရင်းနှင့် အကျဉ်းချုပ်တို့၏ မိတ္တူများ တင်ပြသည့် အချိန်ကာလတွင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား တင်ပြသည့် အထွေထွေအစည်းအဝေးသည် ယင်းဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအား အတည်မပြုခဲ့လျှင် ထိုသို့ အတည်မပြုသည့် အချက်အလက်နှင့် အကြောင်းပြချက်များအတွက် ရေးသားဖော်ပြချက်တစ်ခုကို ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများတွင် ပူးတွဲထားရှိရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိထံ တင်ပြရမည့် စာရွက်စာတမ်းမိတ္တူတွင်လည်း ပူးတွဲထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၆၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၆၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါကုမ္ပဏီနှင့် ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ပြစ်ဒဏ်ကို ပေးဆောင်ရမည်။

၂၆၈။ **ကုမ္ပဏီတွင် ပါဝင်သူများက ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများ၏ မိတ္တူများကို ရယူပိုင်ခွင့်ရှိခြင်း**

ဤဥပဒေတွင် ပါရှိသော အခြားပြဋ္ဌာန်းချက်များမှတစ်ပါး ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီက ပြုစုရသည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူများကို ရယူခွင့်ရှိသည်။

**မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးခြင်း**

၂၆၉။ **မှတ်ပုံတင်အရာရှိက သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို တောင်းခံခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်းထံသို့ ကုမ္ပဏီတစ်ခုက တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများကို စိစစ်ပြီးနောက် အဆိုပါ စာရွက်စာတမ်းများတွင် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် အချက်အလက်များ ပြည့်စုံမှုရှိစေရန် အလို့ငှာ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များ လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက မှတ်ပုံတင်အရာရှိသည် စာဖြင့် ရေးသားထားသော အကြောင်းကြားစာတစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း ဖော်ပြပါ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့်ရေးသား၍ တင်ပြစေရန် တောင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်ရပ်ကို လက်ခံရရှိသည့်အခါ ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်များသည် အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို အကောင်းဆုံးပြုစု၍ ပေးပို့တင်ပြရန် တာဝန်ရှိသည်။

(ဂ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းထံသို့ တင်ပြထားသော မူလစာရွက်စာတမ်းများတွင် ယင်းတို့အား ပူးတွဲထားနိုင်သည်။ မှတ်ပုံတင်အရာရှိက ပူးတွဲထားရှိသော နောက်ဆက်တွဲ စာရွက်စာတမ်း တစ်ရပ်ရပ်ကို စစ်ဆေးဆောင်ရွက်ခြင်း၊ မိတ္တူများကူးယူခြင်းတို့တွင် မူလစာရွက်စာတမ်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ကဲ့သို့ပင် လိုက်နာဆောင်ရွက်ရမည်။

(ဃ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို သတ်မှတ်ကာလအတွင်း ပြုစုတင်ပြနိုင်ခြင်းမရှိခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိက အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို ဖတ်ရှုပြီးနောက် မေးမြန်းထားသည့် စာရွက်စာတမ်းတွင် သိလိုသော အကြောင်းအရာများကို ပြုစုတင်ပြမှုမှာ ကျေနပ်လက်ခံနိုင်ဖွယ်မရှိကြောင်း၊ သက်ဆိုင်သည့်ကိစ္စရပ်အပေါ် ပြည့်စုံမှန်ကန်သည့် ဖော်ပြချက်များ မပါရှိကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအခြေအနေများကို စာဖြင့်ရေးသား၍ ပြည်ထောင်စုဝန်ကြီးထံ အစီရင်ခံတင်ပြရမည်။

(င) ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသော ကိစ္စရပ်များ၌ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို မြီရှင်များအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီ နှင့် ဆက်သွယ်လုပ်ကိုင်နေသူများအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလာလျှင် မှတ်ပုံတင်အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာဖြင့် ကုမ္ပဏီသို့ ကြားနာဆောင်ရွက်ရန် အခွင့်အရေးပေးပြီးနောက် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း အကြောင်းကြားစာတွင် သတ်မှတ်ပါရှိသည့် ကိစ္စရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းတင်ပြချက်များအတွက် ကုမ္ပဏီအား ခေါ်ယူမေးမြန်းနိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် ပုဒ်မ ၂၇၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် အဆိုပါ အမိန့်နှင့် သက်ဆိုင်စေရမည်။ မှတ်ပုံတင်အရာရှိသည် စုံစမ်း စစ်ဆေးမှုပြုပြီးနောက် ဤပုဒ်မခွဲအရ အရေးယူဆောင်ရွက်ခဲ့သည့် တင်ပြချက်တစ်ရပ်ရပ်သည် အရေးမယူလောက်သောကိစ္စဖြစ်သည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော ကိစ္စဖြစ်သည်ဟု တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ သတင်းပေး တင်ပြသူ၏ အချက်အလက်များကို ကုမ္ပဏီသို့ အသိပေးရမည်။

*စာမျက်နှာ ၂ သို့*

*စာမျက်နှာ ၁ မှ*

(စ) ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ဤဥပဒေအရ တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများနှင့်လည်း အလားတူ သက်ဆိုင်စေရမည်။

၂၇၀။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၆၉ အရ တောင်းဆိုသည့် သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို ပြုစုပေးပို့ရန် ငြင်းဆိုလျှင် သို့မဟုတ် ပျက်ကွက်လျှင် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ငွေ ပမာဏ (၁၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားရုံးသည် မှတ်ပုံတင်အရာရှိက တင်ပြလျှောက်ထားပါက ကုမ္ပဏီသို့ အကြောင်းကြားပြီးနောက် အဆိုပါ စာရွက်စာတမ်းများအား ပြုစုတင်ပြရန်အတွက် ကုမ္ပဏီအပေါ် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးရန်လိုအပ်သည်ဟု တရားရုံးအနေဖြင့် ထင်မြင်ပါက လိုအပ်သည့် စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်အရာရှိအား စုံစမ်းစစ်ဆေးခြင်းကို ခွင့်ပြုနိုင်သည်။

**စစ်ဆေးဆောင်ရွက်ခြင်းများ**

၂၇၁။ **စုံစမ်းစစ်ဆေးသူများက ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးရန်နှင့် ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားသည့် နည်းလမ်းများအတိုင်း စုံစမ်းစစ်ဆေးမှုအား တင်ပြရန်အတွက် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်နိုင်သည်-

(၁) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဆယ်ပုံ တစ်ပုံထက်မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့် ကုမ္ပဏီတွင် ပါဝင်သူများက လျှောက်ထားခြင်း၊

(၂) အစုရှယ်ယာမတည်ငွေရင်း မပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသူ အရေအတွက်၏ ငါးပုံတစ်ပုံထက် မနည်းသောသူများက လျှောက်ထားခြင်း၊

(၃) မည်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆိုစပ်လျဉ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၂၆၉ ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်အရာရှိက အစီရင်ခံတင်ပြခြင်း၊ သို့မဟုတ်

(၄) မည်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆို စပ်လျဉ်းသည့် ကိစ္စရပ်တွင် အများပြည်သူ၏ အကျိုးအလို့ငှာ ယင်းစုံစမ်းစစ်ဆေးမှုကိုပြုလုပ်ရန် မှတ်ပုံတင်အရာရှိက အကျိုးအကြောင်းယုံကြည်စွာ တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိက တောင်းဆိုခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ စုံစမ်းစစ်ဆေးသူတစ်ဦးကို ခန့်အပ်ခြင်းမပြုမီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအကြောင်းအချက်များကို ယုံကြည်လက်ခံပြီး ဖြစ်ရမည်-

(၁) ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးစီသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိခြင်းနှင့်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် (၂)တို့တွင် ဖော်ပြပါရှိသော လျှောက်ထားမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့်ပြုလုပ်ပြီး ကျိုးကြောင်းညီညွတ်မှုရှိခြင်း။

၂၇၂။ **စုံစမ်းစစ်ဆေးဆောင်ရွက်ရန် လမ်းညွှန်နိုင်သည့် ပြည်ထောင်စုဝန်ကြီး၏ အခွင့်အာဏာ**

ပြည်ထောင်စုဝန်ကြီးသည် မည်သည့်အချိန်တွင်မဆို အများပြည်သူအကျိုးငှာ ဤဥပဒေအရခန့်အပ်သော အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများဖြင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၂၇၃။ **စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားခြင်းတွင် သက်သေအထောက်အထားများ တင်ပြရခြင်း**

ပုဒ်မ ၂၇၁ အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြမှုတွင် ကုမ္ပဏီ သို့မဟုတ် ယင်း၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားမှုတစ်ရပ်ရပ်ကို ခိုင်မာသော အကျိုးအကြောင်းရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ထိခိုက်နစ်နာစေလိုသောအကြောင်းဖြင့် တိုက်တွန်းတင်ပြခြင်းမဟုတ်ကြောင်းတို့အား ဖော်ပြနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက လိုအပ်မည်ဟုယူဆသော သက်သေအထောက်အထားများကို တင်ပြရမည်။ ပြည်ထောင်စုဝန်ကြီးသည် စုံစမ်းစစ်ဆေးသူတစ်ဦးအား ခန့်အပ်ခြင်းမပြုမီ လျှောက်ထားတင်ပြသူက စုံစမ်းစစ်ဆေးမှုအတွက် ကုန်ကျမည့်စရိတ်များအား ပေးချေရန် အာမခံထားရှိစေနိုင်သည်။

၂၇၄။ **စာရင်းစာအုပ်များအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အရာရှိများအား စစ်ဆေးမေးမြန်းခြင်း**

(က) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်အားလုံးသည် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံး သို့မဟုတ် ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အခွင့်အာဏာများအားလုံးကို စုံစမ်းစစ်ဆေးသူများထံသို့ပေးအပ်ရန် တာဝန်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးသူသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော သူများကို စစ်ဆေးမေးမြန်းနိုင်သည်။

၂၇၅။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၇၄ ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ တာဝန်ရှိသည်နှင့်အညီ စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ပေးအပ်ရန် သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန်အတွက် ငြင်းဆိုလျှင် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၇၆။ **စုံစမ်းစစ်ဆေးမှု၏ စစ်ဆေးတွေ့ရှိမှုနှင့် အစီရင်ခံတင်ပြမှု**

(က) စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်အခါ စုံစမ်းစစ်ဆေးသူများသည် ၎င်းတို့၏ လေ့လာသုံးသပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးထံသို့တင်ပြသည့် အစီရင်ခံစာမိတ္တူတစ်စုံကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အခြားမိတ္တူတစ်စုံကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ ပေးပို့ရမည်။ ထို့အပြင် အခြားမိတ္တူတစ်စုံကိုလည်း စုံစမ်းစစ်ဆေးပေးရန် တင်ပြလျှောက်ထားသူက တောင်းခံလာလျှင် ၎င်းထံသို့ ပေးအပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များအားလုံးကို ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီမှကျခံစေရန် ညွှန်ကြားနိုင်ပြီး ထိုသို့ညွှန်ကြားမှုမရှိလျှင် လျှောက်ထားတင်ပြသူများက ပေးချေရမည်။ သို့ရာတွင် ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) အပိုဒ်(၃) သို့မဟုတ် (၄)နှင့်အညီ ဆောင်ရွက်သော စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များကို ကုမ္ပဏီ၏ အခြေပစ္စည်းများမှ ထုတ်နုတ်ကျခံရမည်ဖြစ်ပြီး အခွန်ကြွေးကျန်တစ်ရပ်ကဲ့သို့ ပြန်လည်တောင်းခံရယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ၎င်းက ထိန်းသိမ်းထားသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ၎င်းထံပေးပို့လာသော အစီရင်ခံစာမိတ္တူများကို ထိန်းသိမ်းထားရှိရမည်။

၂၇၇။ **တရားစွဲဆိုဆောင်ရွက်ခြင်း**

(က) ပုဒ်မ ၂၇၁ သို့မဟုတ် ၂၇၂ အရ ပြုစုတင်ပြလာသော အစီရင်ခံစာတွင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်အတွက် အပြစ်ရှိကြောင်း ကျိုးကြောင်းညီညွတ်မှုရှိသည်ဟု ပြည်ထောင်စုဝန်ကြီးက တွေ့ရှိလျှင် ဝန်ကြီးဌာနသည် ထိုကိစ္စရပ်အား ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိထံသို့ လွှဲပြောင်းပေးရမည်။

(ခ) အဆိုပါကိစ္စရပ်အား လွှဲပြောင်းလက်ခံရရှိသူသည် တရားစွဲဆိုဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စဖြစ်သည်ဟုယူဆပါက ထိုသူသည် တရားစွဲဆိုဆောင်ရွက်ခြင်းကို ပြုလုပ်ရမည်။ တရားစွဲဆိုမှုတွင် စွပ်စွဲခံရသူမှအပ ယခင်ကဖြစ်စေ၊ ယခုလက်ရှိတွင်ဖြစ်စေ တာဝန်ထမ်းဆောင်နေကြသော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုဆောင်ရွက်မှုနှင့် သက်ဆိုင်သော လိုအပ်သည့်အကူအညီများအားလုံးကို လွှဲပြောင်းလက်ခံရရှိသူသည် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီနှင့် စပ်လျဉ်း၍ "ကိုယ်စားလှယ်များ" ဟူသော စကားရပ်တွင် ဘဏ်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီ၏ ဥပဒေအကြံပေးများ၊ စာရင်းစစ်များအဖြစ် ကုမ္ပဏီမှ ခန့်အပ်ထားသူများပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ၏အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပါဝင်သည်။

(ဃ) ဤပုဒ်မအရ တရားစွဲဆိုဆောင်ရွက်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအား တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ထိုသို့ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်နေ့မှ (၅)နှစ်ကာလအတွင်း မည်သည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သည့်နည်းလမ်းဖြင့် ပါဝင်ခြင်း သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ပေးအပ်ခြင်းမပြုရ။

၂၇၈။ **စုံစမ်းစစ်ဆေးသူများ၏ အစီရင်ခံစာကို သက်သေခံအဖြစ် မှတ်ယူရခြင်း**

ဤဥပဒေအရ ခန့်အပ်သော စုံစမ်းစစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာမိတ္တူတစ်စုံကို စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုမ္ပဏီ၏ရုံးတံဆိပ်ခတ်နှိပ်၍ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးကဖြစ်စေ အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုထားလျှင် အစီရင်ခံစာတွင် ပါဝင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူများ၏ ထင်မြင်ချက်များကို သက်သေခံအဖြစ် မည်သည့်တရားစွဲဆိုဆောင်ရွက်မှုများတွင်မဆို လက်ခံရမည်။

**စာရင်းစစ်များ**

၂၇၉။ **စာရင်းစစ်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ၎င်းတို့အားခန့်အပ်ခြင်း**

(က) သက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာအပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ကပေးအပ်သော ကုမ္ပဏီ၏ စာရင်းစစ်တစ်ဦးအဖြစ် ဆောင်ရွက်ရန်ခွင့်ပြုသည့် လုပ်ကိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်ထားခြင်းမရှိလျှင် မည်သူတစ်ဦး တစ်ယောက်ကိုမျှ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုတို့တွင် စာရင်းစစ်တစ်ဦးအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရ။ သို့ရာတွင် အဆိုပါ လုပ်ကိုင်ခွင့်လက်မှတ်များကို ကိုင်ဆောင်ထားပြီး နိုင်ငံတော်အတွင်း လုပ်ငန်းများဆောင်ရွက်နေသော ဖက်စပ်လုပ်ကိုင်သူများ ပါဝင်သည့် လုပ်ငန်းစုတစ်ရပ်အား ယင်းလုပ်ငန်းစု အမည်ဖြင့် ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အဖြစ် ခန့်အပ်နိုင်ပြီး ယင်းလုပ်ငန်းစု အမည်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် နှစ်စဉ် အထွေထွေ အစည်းအဝေးတစ်ရပ်စီ၌ နောက်တစ်ကြိမ်ကျင်းပမည့် အထွေထွေ အစည်းအဝေးမတိုင်မီအထိ စာရင်းစစ်တစ်ဦး သို့မဟုတ် စာရင်းစစ်များကို ခန့်အပ်ရမည်။

(ဂ) စာရင်းစစ်တစ်ဦးအား ခန့်အပ်ရန်လိုအပ်ပြီး ထိုသို့ခန့်အပ်မှုကိုနှစ်စဉ် အထွေထွေအစည်းအဝေး၌ ပြုလုပ်ခဲ့ခြင်းမရှိလျှင် ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားမှုအရ လက်ရှိခုနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်တစ်ဦးကိုခန့်ထားနိုင်ပြီး အဆိုပါစာရင်းစစ်၏ လုပ်အားအတွက် ကုမ္ပဏီကပေးချေရမည့် အခကြေးငွေကို သတ်မှတ်ပေးနိုင်သည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ စာရင်းစစ်များအဖြစ် ခန့်အပ်ခြင်းမပြုရ-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦး၊

(၂) အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိ၏ ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦး၊

(၃) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ တစ်ခု၏ လက်အောက်ခံကုမ္ပဏီတစ်ခုခုတွင် အဆိုပါဒါရိုက်တာ သို့မဟုတ် အရာရှိက ခန့်အပ်ထားသူတစ်ဦးဦးနှင့်

(၄) ကုမ္ပဏီသို့ အကြွေးတင်ရှိနေသူတစ်ဦးဦး။

ပုဂ္ဂိုလ်တစ်ဦးဦးသည် စာရင်းစစ်အဖြစ်ခန့်အပ်ပြီးနောက် ကုမ္ပဏီတွင် အကြွေးတင်ရှိလာပါက ယင်း၏ခန့်အပ်မှုကိုထိုအချိန်မှစ၍ ရပ်စဲရမည်။

(င) နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့သည့်နေ့မတိုင်မီ (၁၄) ရက်ထက်နောက်မကျစေဘဲ စာရင်းစစ်ရာထူးနေရာတွင် အငြိမ်းစားယူထားသော စာရင်းစစ်မှအပ အခြားသူတစ်ဦးဦးကို ခန့်ထားရန်ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ကုမ္ပဏီသို့ပေးပို့ထားခြင်းမရှိလျှင်၊ ထိုသူကို နှစ်စဉ် အထွေထွေအစည်းအဝေး၌ စာရင်းစစ်အဖြစ် ခန့်ထားခွင့်မရှိစေရ။ ကုမ္ပဏီသည် အငြိမ်းစားယူထားသော စာရင်းစစ်ထံသို့ အဆိုပါ အကြောင်းကြားစာမိတ္တူတစ်စောင်အား ပေးပို့ရမည့်အပြင် အဆိုပါအကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်။ ထို့အပြင်အကြောင်းကြားစာအား ကြေညာတွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းက ခွင့်ပြုသည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီသို့ ပေးပို့ပြီးနောက် နှစ်စဉ် အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာကို အဆိုပါ အကြောင်းကြားစာ ပေးပို့ပြီးနောက် (၁၄)ရက် သို့မဟုတ် ထိုကာလထက်နည်းသည့် ကာလအတွင်းပေးပို့ခဲ့လျှင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာအတွက် အချိန်ကာလ သတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ သတ်မှတ်ချက်များကို လိုက်နာသည်ဟု မှတ်ယူရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားစာကို နှစ်စဉ် အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာပေးပို့သည့် အချိန်ကာလအတိုင်း ပေးပို့ရမည်။

(စ) ဥပဒေအရ လိုက်နာ ကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးမတိုင်မီ ကုမ္ပဏီ၏ ပထမဦးဆုံး စာရင်းစစ်များကို ကုမ္ပဏီ၏ဒါရိုက်တာများက ခန့်အပ်နိုင်သည်။ ထိုသို့ခန့်အပ်ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများက အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဖယ်ရှားခြင်းမပြုခဲ့လျှင် ပထမအကြိမ် နှစ်စဉ် အထွေထွေအစည်းအဝေးအထိ စာရင်းစစ်ရာထူးနေရာတွင် ခန့်အပ်ထား၍ ၎င်းအစည်းအဝေးမတိုင်မီ ဖယ်ရှားခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများက စာရင်းစစ်များကို ခန့်အပ်နိုင်သည်။

(ဆ) ဒါရိုက်တာများသည် ရုတ်တရက် လစ်လပ်သွားသော စာရင်းစစ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ သို့သော် အဆိုပါလစ်လပ်မှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့လျှင် ဆက်လက်ဆောင်ရွက်နေသောစာရင်းစစ် သို့မဟုတ် စာရင်းစစ်များရှိခဲ့လျှင် ၎င်းတို့က လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဇ) ကုမ္ပဏီစာရင်းစစ်များ၏ အခကြေးငွေကို အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီက သတ်မှတ်ပေးရမည်။ သို့သော် ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးမတိုင်မီက ခန့်အပ်ထားသော စာရင်းစစ်များ၏ အခကြေးငွေ သို့မဟုတ် ရုတ်တရက်လစ်လပ်သွားသောနေရာတစ်ခုခုတွင် ဖြည့်စွက်ခန့်ထားသည့် စာရင်းစစ်များ၏ အခကြေးငွေကို ဒါရိုက်တာများက သတ်မှတ်ပေးနိုင်သည်။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

၂၈၀။ **စာရင်းစစ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အားလုံးသည်ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ၊ စာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ ပြေစာများကို မည်သည့်အချိန်တွင်မဆို ရယူနိုင်ခွင့်ရှိပြီး ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများထံမှ စာရင်းစစ်တာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များကို ရယူခွင့်ရှိသည်။

(ခ) စာရင်းစစ်များသည် ၎င်းတို့စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့၏ ရာထူးသက်တမ်းကာလအတွင်း အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီထံသို့ တင်ပြလာသည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစီရင်ခံစာတင်ပြရမည်။ ထိုအစီရင်ခံစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည် -

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ရရှိခြင်းရှိ မရှိ၊

(၂) ၎င်းတို့၏ ထင်မြင်ချက်တွင် အစီရင်ခံစာ၌ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပြုစုထားခြင်း ရှိ မရှိ၊

(၃) ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံ ပေးအပ်သော ပြည့်စုံသည့်သတင်းအချက်အလက်များ၊ ရှင်းလင်းဖော်ပြချက်များနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းတွင် မှန်ကန်ပြည့်စုံစွာဖော်ပြထားခြင်း ရှိ မရှိနှင့်

(၄) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ဤအခန်းတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီက ထိန်းသိမ်းထားရှိခြင်း ရှိ မရှိ။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင် ဖော်ပြပါရှိသော ကိစ္စရပ်တစ်ရပ်ရပ်ကို ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိကြောင်း သို့မဟုတ် အပြည့်အဝမပြုလုပ်ထားကြောင်း ဖြေဆိုလျှင် အစီရင်ခံစာ၌ ဖြေဆိုချက်များအတွက် အကြောင်းပြချက်များကို ဖော်ပြရမည်။

(ဃ) စာရင်းစစ်များသည် စစ်ဆေးအစီရင်ခံထားသော စာရင်းတစ်ရပ်ရပ်ကို ကုမ္ပဏီထံ တင်ပြရန်အတွက် ကုမ္ပဏီ၏အထွေထွေအစည်းအဝေး ကျင်းပရန် အကြောင်းကြားစာကို လက်ခံရရှိခွင့်ရှိသည့်အပြင် ထိုအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။ ထို့အပြင် စာရင်းများနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြချက် သို့မဟုတ် ရှင်းလင်းချက်တစ်စုံတစ်ရာ ပြုလုပ်နိုင်သည်။

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီစာရင်းစစ်တစ်ဦး နုတ်ထွက်လျှင် သို့မဟုတ် အစားထိုးခန့်အပ်ခဲ့လျှင် နုတ်ထွက်သည့် သို့မဟုတ် အစားထိုး ခန့်အပ်ခံရသည့်စာရင်းစစ်သည် ၎င်း၏တာဝန်များ၊ ကျွမ်းကျင်ပညာရှင်၏ တာဝန်ဝတ္တရားများနှင့်ညီညွတ်စွာ သဘောရိုးဖြင့် သင့်လျော်စွာဆောင်ရွက်၍ ကုမ္ပဏီ၏ ငွေရေးကြေးရေးလုပ်ငန်းများနှင့်သက်ဆိုင်သော ရေးသားဖော်ပြချက် သို့မဟုတ် အစီရင်ခံစာကိုလိုအပ်သည်ဟု ထင်မြင်လျှင်ပြုလုပ်နိုင်သည်။ ဒါရိုက်တာများသည် အဆိုပါအစီရင်ခံစာကို လက်ခံရရှိသည့်နေ့မှ (၂၈) ရက်အတွင်း ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ရမည့်အပြင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဒါရိုက်တာများသည် လိုအပ်သည်ဟု ထင်မြင်ပါက စာရင်းစစ်ကတင်ပြလာသည့် အစီရင်ခံစာအပေါ်တွင် သဘောထားမှတ်ချက် ရေးသားဖော်ပြနိုင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

၂၈၁။ စာရင်းစစ်အစီရင်ခံစာတစ်ရပ်ရပ်အား ပုဒ်မ ၂၈၀ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင် ထိုသို့ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်သော စာရင်းစစ်တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀၀)ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၂၈၂။ **အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာများပါဝင်သောကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း**

(က) အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သောကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၆၀၊ ၂၇၉၊ နှင့် ၂၈၀ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေဘဲ လိုက်နာဆောင်ရွက်ရမည်။

(ခ) အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ်ပါဝင်သော ကုမ္ပဏီ၏ စာရင်းစစ်အား ပြည်ထောင်စုဝန်ကြီး၏ အကြံပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်က ခန့်အပ်နိုင်သည် သို့မဟုတ် ပြန်လည်ခန့်အပ်နိုင်သည်။

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်တွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ခန့်အပ်ထားသော စာရင်းစစ်က ကုမ္ပဏီ၏စာရင်းများကို စစ်ဆေးရမည့်နည်းလမ်းများအား ညွှန်ကြားရန်နှင့် စာရင်းစစ်၏ အဆိုပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆိုပါ စာရင်းစစ်ထံသို့ ညွှန်ကြားချက်များပေးရန်၊

*စာမျက်နှာ ၃ သို့*

စာမျက်နှာ ၂ မှ

(၂) ကုမ္ပဏီ၏စာရင်းများကို ထပ်မံစစ်ဆေးခြင်း သို့မဟုတ် စမ်းသပ်စစ်ဆေးခြင်း တစ်ရပ်ရပ် ပြုလုပ်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခွင့်အာဏာ အပ်နှင်းထားပြီး အဆိုပါစာရင်းစစ်ဆေးမှုအတွက် မည်သူ့ကိုမဆို မည်သည့်ပုံစံဖြင့် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူထံသို့ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် အခြားအချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အထွေထွေ သို့မဟုတ် အထူးအမိန့်တစ်ရပ်ဖြင့် ညွှန်ကြားသည့်အတိုင်း ပေးအပ်စေရန်နှင့်

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်က သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကုမ္ပဏီ၏ စာရင်းများကို စစ်ဆေးရန် သို့မဟုတ် ထပ်မံစစ်ဆေးရန် သို့မဟုတ် စမ်းသပ်စစ်ဆေးရန်အတွက် ကုမ္ပဏီ၏ လက်ဝယ်ရှိ သို့မဟုတ် ကုမ္ပဏီ၏ စီမံမှုအောက်ရှိ မှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ကုမ္ပဏီက ၎င်းထံသို့တင်ပြရန်၊

(ဃ) ကုမ္ပဏီက သတင်းအချက်အလက်များ၊ မှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ပေးအပ်ရန် သို့မဟုတ် ပြုစုပေးရန် ချမှတ်သည့် အမိန့်တစ်ရပ်ကို ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ ကုမ္ပဏီတွင် အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးအဖြစ် တာဝန်ရှိသူထံသို့ လိပ်မူပေးပို့နိုင်သည်။ ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များ အားလုံးသည် ကုမ္ပဏီနှင့် သက်ဆိုင်သကဲ့သို့ အဆိုပါ ပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်စေရမည်။

(င) အထက်ဖော်ပြပါ စာရင်းစစ်သည် ၎င်း၏ စာရင်းစစ်အစီရင်ခံစာမိတ္တူတစ်စုံကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က သင့်သည်ထင်မြင်သည့် နည်းလမ်းများဖြင့် မှတ်ချက်ပေးနိုင်ခွင့် သို့မဟုတ် ဖြည့်စွက်ခွင့်ရှိရမည်။

၂၈၃။ **လွှဲအပ်ခြင်း**

ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆောင်ရွက်ရမည်ဖြစ်သော ပုဒ်မ ၂၈၂ ပါ ကိစ္စရပ်များကို အထွေထွေအားဖြင့် သော်လည်းကောင်း၊ အထူးအားဖြင့် သော်လည်းကောင်း ယင်း၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူ တစ်ဦးဦးက ဆောင်ရွက်နိုင်သည်။

၂၈၄။ **ပြစ်မှုပြစ်ဒဏ်**

အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၂ အရ ပြုလုပ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကုမ္ပဏီ နှင့် ပျက်ကွက်မှုတွင် ပါဝင်သည့်ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိများ သို့မဟုတ် ဝန်ထမ်းများ အားလုံးသည် (၂)နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ပြစ်ဒဏ်ငွေ ပမာဏ (၁၀၀) ခုထက်မပိုသော ငွေဒဏ်တို့ကို ကျခံစေရမည်။

၂၈၅။ **မှတ်တမ်းများကိုရရှိခွင့်နှင့် စစ်ဆေးကြည့်ရှုခွင့် စသည်တို့နှင့်စပ်လျဉ်းသည့် ဦးစားပေးအစုရှယ်ယာ ပိုင်ရှင်များ၏ အခွင့်အရေးများ**

ကုမ္ပဏီတစ်ခု၏ ဦးစားပေးအစုရှယ်ယာများနှင့် ဒီဘင်ချာများကို ပိုင်ဆိုင်သူများသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစစ်များ၏ အစီရင်ခံစာများနှင့် ကုမ္ပဏီ၏ သာမန် အစုရှယ်ယာပိုင်ရှင်များက ရရှိသည့် အခြားအစီရင်ခံစာများကို ရရှိခွင့် နှင့် စစ်ဆေးကြည့်ရှုခွင့် ရှိသည်။

**အခန်း (၂၅) အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား ညှိနှိုင်းသဘောတူခြင်းနှင့် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး**

၂၈၆။ **အငြင်းပွားမှုကိစ္စရပ်များကို ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာ**

အငြင်းပွားမှုတစ်ရပ်ရပ်ကို ဖြေရှင်းရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကိုကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် စာဖြင့်ရေးသားထားသော သဘောတူညီချက်ဖြင့် ကုမ္ပဏီနှင့် အခြားကုမ္ပဏီ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတို့အကြား ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်လာမည့် အငြင်းပွားမှု တစ်ရပ်ရပ်ကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေနှင့်အညီ ခုံသမာဓိဖြင့် စီရင် ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည်။

၂၈၇။ **မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများအကြား စေ့စပ်ပြေငြိမ်းနိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များအကြားတွင်ဖြစ်စေ၊ ကုမ္ပဏီနှင့် ယင်းတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအကြားတွင်ဖြစ်စေ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား အဆိုပြုတင်ပြသည့်အခါ တရားရုံးသည် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများကဖြစ်စေ၊ ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ အကျဉ်းချုပ်ဖော်ပြချက်ဖြင့် လျှောက်ထား တင်ပြလာလျှင် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းအတိုင်း မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အစည်းအဝေး၌ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက်သော မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများတွင် တန်ဖိုးလေးပုံသုံးပုံရှိသည့် အပြင် အရေအတွက်အများစုဖြင့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘောတူညီခဲ့လျှင် ထိုစေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်သည် တရားရုံးက ခွင့်ပြုခဲ့လျှင် မြီရှင်များသို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံးနှင့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏ကြွေးမြီပေးဆပ်ရသူ တစ်ဦးအပေါ်တွင် တရားဝင် စည်းနှောင်မှုရှိစေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ချမှတ်သည့်အမိန့်သည် ယင်းအမိန့်၏ တရားဝင်အတည်ပြုထားသည့် မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။ အဆိုပါ အမိန့်အားလုံး၏ မိတ္တူတစ်စုံကို ထိုအမိန့်အား ချမှတ်ပြီးနောက်တွင် ထုတ်ဝေသော ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းမိတ္တူတွင် ပူးတွဲထားရမည်။

(ဃ) တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားမှုတစ်ခုခုကို လက်ခံရရှိပြီးနောက် မည်သည့်အချိန်တွင်မဆို လျှောက်ထားမှုအား အပြီးသတ်စီရင်ဆုံးဖြတ်ခြင်း မပြုမီအထိ တရားရုံးမှ သင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု တစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစီရင်ဆောင်ရွက်မှု တစ်ရပ်ရပ်အား ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။

(င) ဤပုဒ်မတွင် ဖော်ပြပါရှိသော "ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သော ကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုလိုသည်။ ဤပုဒ်မပါကိစ္စရပ်များအတွက် တရားစွဲဆိုထားသော သို့မဟုတ် အမိန့်ဒီကရီ တစ်ရပ်ရပ်လက်ခံရရှိထားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များ (unsecured creditors) ကို အခြားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များကဲ့သို့အမျိုးအစားတစ်ရပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

(စ) တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုများအား ကြားနာရန် အခွင့်အာဏာ အပ်နှင်းထားသော အာဏာပိုင်အဖွဲ့အစည်းသို့ ဤပုဒ်မအရ မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံးခွင့်ရှိသော တရားရုံးက ချမှတ်သည့်အမိန့်တစ်ရပ်ရပ်အပေါ် အယူခံတင်ပြနိုင်သည်။

၂၈၈။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၇ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၈၉။ **စီစဉ်ဆောင်ရွက်မှုများနှင့် စေ့စပ်ပြေငြိမ်းမှုများအား လွယ်ကူစွာ ဆောင်ရွက်နိုင်စေရန်အတွက် ပြဋ္ဌာန်းချက်များ**

(က) ပုဒ်မ ၂၈၇ တွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီနှင့် ပုဂ္ဂိုလ်တစ်ဦးဦး အကြား အဆိုပြုထားသော စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ရန်အတွက် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်အား တင်ပြလာသည့်အခါ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကုမ္ပဏီများကို ပေါင်းစည်းရန် ရည်ရွယ်သည့် စီမံချက်တစ်ရပ်အတွက် သို့မဟုတ် ယင်းစီမံချက်နှင့်စပ်လျဉ်း၍ အဆိုပြုခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံချက်အရ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် စီမံချက်နှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ လွှဲပြောင်းပေးကြောင်း တရားရုံးက တွေ့ရှိလျှင်တရားရုံးသည် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု အားခွင့်ပြုသည့် အမိန့်ဖြင့်သော်လည်းကောင်း၊ နောက်ဆက်တွဲ အမိန့်တစ်ရပ်ဖြင့်သော် လည်းကောင်း အောက်ပါကိစ္စရပ်အားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ စည်းကမ်းချက်များပြုလုပ်သတ်မှတ်နိုင်သည် -

(၁) လွှဲပြောင်းပေးသည့်ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများနှင့် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှု အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်း၊

(၂) လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အခြားသူတစ်ဦးဦးသို့ သို့မဟုတ် အခြား သူတစ်ဦးဦးအတွက် ခွဲဝေသတ်မှတ်သည့် သို့မဟုတ် လျာထားဆောင်ရွက် သည့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ပြုလုပ်မည့် အဆိုပါကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြား အလားတူ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် လျာထားဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းပေးသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းပေးသည့်ကုမ္ပဏီအပေါ်တွင် လည်းကောင်း ဆိုင်းငံ့ထားသော တရားစွဲဆိုမှု တစ်ရပ်ရပ်ကို လွှဲပြောင်း လက်ခံသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်း လက်ခံသည့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း ဆက်လက်စွဲဆို ဆောင်ရွက်ခြင်း၊

(၄) လွှဲပြောင်းပေးသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မပြုဘဲ ဖျက်သိမ်းခြင်း၊

(၅) တရားရုံးကသတ်မှတ်သည့်အချိန်အတွင်းထိုသို့သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား သဘောတူညီခြင်းမရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ပြဋ္ဌာန်းချက်များ ပြုလုပ်ခြင်း၊

(၆) ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအား ပြည့်စုံ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နောက်ဆက်တွဲ သို့မဟုတ် ဆက်စပ်သည့် ကိစ္စရပ်များ ချမှတ်ခြင်း။

(ခ) ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်သည် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုများကို လွှဲပြောင်းခြင်းနှင့်သက်ဆိုင်လျှင် အဆိုပါအမိန့်အရ ထိုပစ္စည်းကို လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ လွှဲပြောင်းအပ်နှင်းရမည်ဖြစ်ပြီး ယင်း၏ ပစ္စည်းများဖြစ်လာစေရမည်။ အလားတူ အဆိုပါ အမိန့်အရ ထိုတာဝန်ရှိမှုများကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၏ တာဝန်ရှိမှုများ ဖြစ်လာစေရမည်။ ပစ္စည်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အမိန့်တွင် ညွှန်ကြားချက် တစ်စုံတစ်ရာပါရှိခဲ့လျှင် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအရ အကျိုးသက်ရောက်မှု ရပ်စဲစေရန် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်မှ ကင်းလွတ်စေရမည်။

(ဂ) ဤပုဒ်မအရ အမိန့်တစ်ရပ်အား ချမှတ်သည့်အခါ အဆိုပါအမိန့်နှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် အဆိုပါ အမိန့်၏ မူရင်းမိတ္တူမှန် တစ်စောင်အား အမိန့်ချမှတ်သည့် နေ့မှ(၁၄)ရက်အတွင်း မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ဤပုဒ်မတွင် ပါရှိသော "ပစ္စည်း" ဟူသောစကားရပ်တွင် ပစ္စည်း၊ အခွင့်အရေးနှင့် အခွင့်အာဏာ အားလုံးပါဝင်ပြီး "တာဝန်ရှိမှု" ဟူသော စကားရပ်တွင် တာဝန်များလည်း ပါဝင်သည်။

(င) ပုဒ်မ ၂၈၇ ၏ ပုဒ်မခွဲ(င)ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ ဤပုဒ်မပါ "ကုမ္ပဏီ" ဟူသောစကားရပ်တွင် ဤဥပဒေ၏ အဓိပ္ပာယ် ဖော်ပြချက်တွင်ပါရှိသော ကုမ္ပဏီမှအပ အခြားကုမ္ပဏီတစ်ခုခု ပါဝင်ခြင်းမရှိ။

၂၉၀။ ပုဒ်မ ၂၈၉(ဂ)အား လိုက်နာ ရန် ပျက်ကွက်ပါက ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၃)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၉၁။ **အများစုဖြင့်အတည်ပြုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်နှင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်များက အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး**

(က) အခြားဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအမျိုးအစား တစ်ရပ်ရပ်ကို ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ ပဋိညာဉ်စာချုပ်အရ လွှဲပြောင်းခြင်းကို လက်ခံသည့် ကုမ္ပဏီက အဆိုပါ ကိစ္စရပ်အတွက် ကမ်းလှမ်းမှုကို ပြုလုပ်ပြီးနောက် (၄)လအတွင်း သက်ဆိုင်သော အစုရှယ်ယာများ၏ တန်ဖိုး လေးပုံ သုံးပုံထက်မနည်းသော ပိုင်ရှင်များက အတည်ပြုသည့်အခါ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် အဆိုပါ(၄)လ ကုန်ဆုံးပြီး နောက် (၂) လအတွင်း မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသည့် နည်းလမ်းဖြင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ၎င်း၏အစုရှယ်ယာများကို ရယူလိုကြောင်း ဖော်ပြ အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာပေးပို့ပြီးသည့်နေ့ရက်မှ ၂၈ ရက်အတွင်း သဘောကွဲလွဲသည့်အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အပေါ် တရားရုံးကအခြားနည်း တစ်စုံတစ်ရာကို အမိန့်ချမှတ်ခဲ့ခြင်း မရှိလျှင် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် ၎င်းထံသို့ လွှဲပြောင်းပေးရန် အတည်ပြုထားသော အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်အရ စည်းကမ်းချက်များဖြင့် အဆိုပါအစုရှယ်ယာများကို ရရှိပိုင်ခွင့်ရှိပြီး ရယူရမည်ဖြစ်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အကြောင်းကြားစာ တစ်စောင်အားပေးပို့ခဲ့ပြီး တရားရုံးက သဘောကွဲလွဲသည့် အစုရှယ်ယာရှင်၏ တင်ပြ လျှောက်ထားချက်အပေါ် ဆန့်ကျင်ကွဲလွဲသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခဲ့ခြင်း မရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်အခါ သို့မဟုတ် သဘောကွဲလွဲသည့် အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားပြီး ထိုသို့တင်ပြ လျှောက်ထားမှုအား ဆိုင်းငံ့ထားခြင်းခံရသည့်အခါ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အကြောင်းကြားစာ မိတ္တူတစ်စောင်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ရရှိထိုက်ခွင့်ရှိသည့် အစုရှယ်ယာများအတွက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီမှ ပေးချေရမည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းအတွက် အဖိုးစားနားတစ်ရပ်ရပ်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ ပေးချေရမည် သို့မဟုတ် လွှဲပြောင်းပေးရမည်။ ယင်းသို့ဆောင်ရွက်ပြီးနောက် လွှဲပြောင်းပေးသည့်ကုမ္ပဏီသည် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီအား အဆိုပါ အစုရှယ်ယာများ၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်းရေးသွင်း ဖော်ပြရမည်။

(ဂ) ဤပုဒ်မအရ လွှဲပြောင်းပေးသည့်ကုမ္ပဏီက လက်ခံရရှိသော ငွေကြေးများကို သီးခြား ဘဏ်ငွေစာရင်းတစ်ခုသို့ ပေးသွင်းရမည်ဖြစ်ပြီး ထိုသို့လက်ခံရရှိသော ငွေပမာဏနှင့် အခြားအဖိုးစားနားများကို ၎င်းတို့နှင့်စပ်လျဉ်းသည့် အစုရှယ်ယာရှင်အသီးသီးအတွက် ယုံကြည်အပ်နှံမှုအဖြစ် အဆိုပါ လွှဲပြောင်းပေးသည့်ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "သဘောကွဲလွဲသည့်အစုရှယ်ယာရှင်" ဆိုသည်တွင် ပဋိညာဉ်စာချုပ်အား သဘောတူညီခြင်းမရှိသည့် အစုရှယ်ယာရှင်နှင့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်အညီ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ ၎င်း၏အစုရှယ်ယာများကို လွှဲပြောင်းပေးရန် ပျက်ကွက်သော သို့မဟုတ် ငြင်းဆန်သော အစုရှယ်ယာရှင် တစ်ဦးဦးတို့ ပါဝင်သည်။

**အပိုင်း (၅)**

**ဖျက်သိမ်းခြင်း**

**အခန်း (၂၆) ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း**

**နိဒါန်း**

၂၉၂။ **ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာ နည်းလမ်းများ**

(က) ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖျက်သိမ်းနိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ။

(ခ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**ကြွေးမြီပေးဆပ်ရသူများ (Contributories)**

၂၉၃။ **လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရသူများအဖြစ် တာဝန်ရှိမှု**

(က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရေးအတွက် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည်။

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်း မပြုမီလွန်ခဲ့သော တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလ ကတည်းကပင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်လျှင် ကြွေးမြီ ပေးဆပ်ရေးအတွက် တာဝန်မရှိစေရ။

(၂) ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ် စာချုပ်အရ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၃) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးက တွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် လက်ရှိ ပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်း မရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၅) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပိုမို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ။

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

(၆) ဤဥပဒေတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အာမခံပေါ်လစီ (policy of insurance) သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အရ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ကန့်သတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကုမ္ပဏီ၏ ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါ ပေါ်လစီ သို့မဟုတ် ပဋိညာဉ် စာချုပ် တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကိုဖြစ်စေ တရားမဝင်ခြင်း မဖြစ်စေရ။

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ပေးရန်ရှိသည့် ငွေပမာဏတစ်ရပ်ကို ၎င်းနှင့် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးမဟုတ်သော မြီရှင်တို့အကြား မည်သူ့ထံသို့ ပေးချေရမည်ဟု ဖြစ်ပေါ်လာသည့်ကိစ္စရပ်၌ အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် မှတ်ယူခြင်း မရှိစေရ။ သို့သော်အဆိုပါ ငွေပမာဏကို ယင်းတို့အကြား ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးအား အပြီးသတ်ညှိနှိုင်းသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသော ငွေပမာဏ တစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန် တာဝန်ရှိသည်။

၂၉၄။ **တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏ တာဝန်**

တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဤဥပဒေအရ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထားခြင်းမရှိသော ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာ တစ်ဦးဦးသည် ကုမ္ပဏီ၏သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန် တာဝန်ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်အချိန်တွင် တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဖြစ်သကဲ့သို့ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်ရှိသည်။

သို့ရာတွင် -

(က) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသောကာလကပင် တာဝန်မှရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့် ဖော်ပြပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ခ) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် အဆိုပါတာဝန်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန်အလို့ငှာ အဆိုပါ ငွေကြေးထည့်ဝင်မှုပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာတစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

၂၉၅။ **ကြွေးမြီပေးဆပ်ရသူ၏ တာဝန်များ**

ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ် သတ်မှတ်သည့် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများတွင် သတ်မှတ်ပါရှိ သောအချိန်ကာလ၌ ပေးချေရမည့် ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ်သတ်မှတ်ရမည်။

၂၉၆။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သေဆုံးသည့်ကိစ္စရပ်**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့လျှင် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ နည်းလမ်းတကျ ထည့်ဝင်ရန်တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်းတို့က ပေးသွင်းရမည့် ငွေကြေးတစ်ရပ်ရပ်ကိုပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့် ငွေကြေးများကို အတင်းအကျပ်ပြု ပေးချေစေရန်အလို့ငှာ သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၂၉၇။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး လူမွဲဖြစ်သည့်ကိစ္စရပ်**

ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်း ဖော်ပြခြင်းမပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်း သတ်မှတ်ခံရလျှင် -

(က) ၎င်း၏ လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များ အားလုံးတွင် ၎င်း၏ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက်အထားများ တင်ပြစေနိုင်သည်၊ သို့မဟုတ် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ရမည့် ၎င်း၏တာဝန်နှင့် စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူသူက ပေးချေရန်တာဝန်ရှိသည့် ငွေကြေးတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ၎င်း၏ပိုင်ဆိုင်ပစ္စည်းများမှ ပေးချေစေရန် ခွင့်ပြုနိုင်သည်၊ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီးဖြစ်သည့် ၎င်းအနေဖြင့် တာဝန်ရှိမည့် ခန့်မှန်းခြေ ငွေပမာဏအား သတ်မှတ်နိုင်သည်။

**တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်း**

၂၉၈။ **တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည့် အခြေအနေများ**

**တရားရုံးသည် အောက်ပါအခြေအနေတစ်ခုခု ဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းနိုင်သည် -**

(က) ကုမ္ပဏီကို တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူး ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရလိုက်နာဆောင်ရွက်ရသောအစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏ စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှုမရှိလျှင်၊ သို့မဟုတ် ထိုကာလ တစ်နှစ်လုံးအတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကိုဖျက်သိမ်းခြင်းမှာ သင့်လျော်မှန်ကန်၍ တရားမျှတသည်ဟု တရားရုံးမှထင်မြင်လျှင်။

၂၉၉။ **ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု ယူဆရန်အကြောင်းများ**

(က) ဤအခန်းပါကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု မှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅) ခုထက်ပိုမိုသော ငွေပမာဏအား ကြွေးမြီ ပေးချေရန် တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြားစာပေးပို့၍ ကုမ္ပဏီကပေးရန်ရှိသည့် ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး၊ ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကို ပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံနိုင်လောက်သော အာမခံမှု တစ်ရပ်ရပ်ပြုလုပ်ရန် ထိုသို့အကြောင်းကြားသည့်နေ့မှ (၃) ပတ်အထိ ပျက်ကွက်နေခဲ့လျှင်၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ယင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်မှုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင်၊ သို့မဟုတ်

(၃) ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများအား ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးမှ ကျေနပ်လက်ခံနိုင်လျှင်ကုမ္ပဏီမှာ ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း ရှိ မရှိ ဟူသည့် ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည် ကုမ္ပဏီ၏ ဖြစ်ပေါ်လာဖွယ်ရှိသည့် တာဝန်ရှိမှုများကို ထည့်သွင်း သုံးသပ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပိုဒ်(၁)တွင် ဖော်ပြပါရှိသည့် တောင်းဆိုချက်ကို မြီရှင်၏ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးက လက်မှတ်ရေးထိုးခဲ့လျှင်၊ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ဖြစ်သည့်အခါတွင် ထိုလုပ်ငန်းစု၏ကိုယ်စားအဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင် မြီရှင်ကိုယ်တိုင် တရားဝင်ပေးအပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀၀။ **လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများအကြောင်း**

တရားရုံးသည် ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းရန်အတွက် ဤဥပဒေအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ယင်းက သင့်သည် ထင်မြင်သည့်အတိုင်း လက်အောက်ခံ တရားရုံးတစ်ခုခုတွင် ဆက်လက် စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံဆောင်ရွက်ရသည့် လက်အောက်ခံ တရားရုံးကို ကုမ္ပဏီ ဖျက်သိမ်းရန်ကိစ္စရပ်အတွက် ဤဥပဒေတွင် ဖော်ပြထားသော "တရားရုံး"ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်အတွက် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အခွင့်အာဏာများ ရရှိစေရမည်။

၃၀၁။ **ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို တရားရုံးတစ်ခုမှ အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းခြင်း**

တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆို စစ်ဆေးခြင်းသည် ပိုမို၍ အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း တရားရုံးက တွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်းလက်ခံရရှိသည့် တရားရုံး၌ ဆက်လက်ဆောင်ရွက်ရမည်။

၃၀၂။ **ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင် သို့မဟုတ် မြီရှင်များအပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များက ဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများကဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ လျှောက်လွှာဖြင့် တင်ပြဆောင်ရွက်ရမည်။

သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့် သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ (၁၈)လအတွင်း အနည်းဆုံး (၆)လအထိ ၎င်းထံသို့ မူလကပင် ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းက ပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင်ပိုင်ရှင် သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့လျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့် မရှိစေရ၊

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြခွင့်မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သို့မဟုတ် ပုဒ်မ ၂၇၁ အရ ခန့်အပ်ထားသည့် စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအရ ၎င်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိဟု ပေါ်ပေါက်လျှင်၊ ၎င်းပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူထားလျှင်၊

သို့ရာတွင် ကုမ္ပဏီသည် ကြားနာသည့်အခွင့်အရေးကို ဦးစွာမရရှိခဲ့လျှင် အဆိုပါခွင့်ပြုချက်ကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့် အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခြင်းကို အစည်းအဝေး ကျင်းပရမည့် နောက်ဆုံးနေ့ရက်မှ (၁၄)ရက်ထက် ကျော်လွန်ပြီး အစုရှယ်ယာရှင်က တင်ပြ ခြင်းမှတစ်ပါး အခြားသူ တစ်ဦးဦးက တင်ပြခြင်းမပြုရ၊

(ဃ) တရားရုံးသည် ယင်းက သင့်သည်ထင်မြင်သည့်အတိုင်းအမှုအတွက် ကုန်ကျစရိတ်အပေါ် အာမခံတင်သွင်းသည့်ကာလအထိ၊ သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စွဲချက်တင်နိုင်လောက်အောင် မြင်သာသော အထောက်အထားရှိသည့် အမှုဖြစ်ကြောင်း တရားရုံးအနေဖြင့် လက်ခံနိုင်သည့်ကာလအထိ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင်က တင်ပြသော ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုကို ကြားနာခြင်းမပြုရ။

၃၀၃။ **ကုမ္ပဏီဖျက်သိမ်းရန်အမိန့်၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်သည် မြီရှင်တစ်ဦးဦးနှင့် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးတို့က ပူးတွဲတင်ပြသည့် လျှောက်လွှာအပေါ်တွင် ချမှတ်သည့် အမိန့်တစ်ရပ်အဖြစ် မြီရှင်များ အားလုံးနှင့် ကြွေးမြီပေးဆပ်ရသူများ အားလုံးတို့အတွက် အကျိုးသက်ရောက်စေရမည်။

၃၀၄။ **တရားရုံးက ကုမ္ပဏီဖျက်သိမ်းခြင်း စတင်သည့်အချိန်**

တရားရုံးက ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြသည့်အချိန်မှ စတင်သည်ဟု မှတ်ယူရမည်။

၃၀၅။ **တရားရုံးက တားမြစ်သည့်အမိန့်များ ထုတ်ဆင့်နိုင်ခြင်း**

ဤဥပဒေအရ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ထပ်မံစစ်ဆေးဆောင်ရွက်မှုများကို ရပ်ဆိုင်းထားနိုင်သည်။

၃၀၆။ **လျှောက်ထားမှုကို ကြားနာခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ အခွင့်အာဏာ**

(က) လျှောက်ထားမှုကို ကြားနာသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် စရိတ်နှင့် ဖြစ်စေ၊ စရိတ်မပါဘဲဖြစ်စေ အဆိုပါ လျှောက်လွှာအား ပလပ်နိုင်သည်၊ သို့မဟုတ် ခြွင်းချက်ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါရှိဘဲလျက်ဖြင့်ဖြစ်စေ ကြားနာခြင်းကို ရွှေ့ဆိုင်းနိုင်သည်၊ သို့မဟုတ် ကြားဖြတ်အမိန့်တစ်ရပ်ရပ် သို့မဟုတ် အခြားအမိန့်တစ်ရပ်ရပ်ကို တရားရုံးက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ချမှတ်နိုင်သည်။ သို့သော် ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏအထိ ထိုအခြေပစ္စည်းများကို ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီတွင် အခြေပစ္စည်းများ မရှိဟူသောအကြောင်းမျှဖြင့် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ရန်အတွက် ငြင်းပယ်ခြင်းမပြုရ။

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြလာခြင်းဖြစ်လျှင် တရားရုံးသည် သင့်သည် ထင်မြင်သည့်အတိုင်း ပျက်ကွက်မှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများက ပေးချေရမည့် ကုန်ကျစရိတ်များအတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား တစ်ပြိုင်တည်း ခန့်အပ်ခြင်းမှအပ အဆိုပါအမိန့်ကို တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူထံသို့ ပေးပို့ရမည်။

၃၀၇။ **ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်နှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားသည့် အမှုများ**

ကုမ္ပဏီ ဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါတွင် သို့မဟုတ် ယာယီစာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်ပြီးသည့်အခါတွင် တရားရုံးက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ အပေါ် တရားစွဲဆိုမှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတို့ကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် စတင်စွဲဆိုခြင်း မပြုလုပ်ရ။

၃၀၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လစ်လပ်ခြင်း**

(က) ဤဥပဒေတွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် တရားရုံးကကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်အခါ "တရားဝင်ခန့်အပ်ထားသည့်ပစ္စည်း လက်ခံထိန်းသိမ်းသူ"ဆိုသည်မှာ တရားရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကို ဆိုလိုသည်၊ သို့မဟုတ် အဆိုပါ တရားဝင် ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ မရှိခဲ့လျှင် ပြည်ထောင်စုဝန်ကြီးက ဤကိစ္စရပ်အတွက် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထည့်သွင်းဖော်ပြ၍ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုလိုသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် ကုမ္ပဏီ၏တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည့်အပြင် တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် ရပ်စဲခြင်းမပြုသည့်အထိစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအဖြစ် ကုမ္ပဏီ၏ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် အခြေပစ္စည်းများအားလုံးကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အဆိုပါ ထိန်းသိမ်းထားရှိသည့် ပစ္စည်းများ အားလုံးကို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားရုံးက သတ်မှတ်ပေးသည့် အခကြေးငွေကို ခံစားခွင့်ရှိသည်။

၃၀၉။ **ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့် ကုမ္ပဏီတို့သည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှ (၁)လအတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်၏မိတ္တူတစ်စောင်ကို တင်ပြသည့်အခါတွင် မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တွင် အဆိုပါအချက်အလက်အား မှတ်တမ်းတင်ထားရှိရမည့်အပြင် အဆိုပါအမိန့်အား ချမှတ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်အခါမှတစ်ပါး အဆိုပါ အမိန့်သည်ကုမ္ပဏီ၏ ဝန်ထမ်းများသို့ ပေးပို့သည့် အကြောင်းကြားစာအဖြစ်မှတ်ယူရမည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**၃၁၀။ ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆိုင်းငံ့ထားနိုင်သည့် တရားရုံး၏အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများအားလုံးကို ဆိုင်းငံ့ထားသင့်ကြောင်း မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် သို့မဟုတ် ထိုသို့ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံနိုင်သည့် အထောက်အထားများရှိလျှင် တရားရုံးသည် ကုမ္ပဏီ ဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အားလုံးကိုဖြစ်စေ သို့မဟုတ် သတ်မှတ်ကာလတစ်ရပ်ရပ်အတွက်ဖြစ်စေ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

**၃၁၁။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံပေးနိုင်ခြင်း**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်အားလုံးတွင် လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစား နိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**၃၁၂။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် လည်းကောင်း၊ တရားရုံးကချမှတ်မည့်တာဝန်များကို ထမ်းဆောင်ရန်အတွက် လည်းကောင်း၊ တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမှအပ အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် တင်ပြလျှောက်ထားမှုတစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကိုချမှတ်ခြင်း မပြုရသေးမီ မည်သည့် အချိန်တွင်မဆို အဆိုပါခန့်အပ်မှုကို ယာယီအားဖြင့် သတ်မှတ်နိုင်သည်။ သို့သော် တရားရုံးသည် အကြောင်းကြားစာ မပေးပို့သင့်ကြောင်း မှတ်တမ်း တင်ထားနိုင်သည့် အကြောင်းအချက်များမရှိမှသာ အဆိုပါ ခန့်အပ်မှုအား မပြုလုပ်မီ ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တစ်ဦးထက်ပိုမို၍ ခန့်ထားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ဤဥပဒေအရဆောင်ရွက်မှု တစ်စုံတစ်ရာကို ပြုလုပ်ရန်လိုအပ်ခြင်း သို့မဟုတ် ပြုလုပ်ရန်အခွင့်အာဏာ အပ်နှင်းထားခြင်း တို့ကို အဆိုပါပုဂ္ဂိုလ်အားလုံးကဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ၊ အချို့ကဖြစ်စေ မည်သူက ပြုလုပ်ရမည်ဖြစ်ကြောင်း တရားရုံးက ကြေညာရမည်။

(ဃ) တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးက ၎င်းအား ခန့်အပ်မှုနှင့် စပ်လျဉ်း၍ အာမခံချက်တစ်ရပ်ရပ် ထားရှိရန် လိုမလိုနှင့် မည်သည့်အာမခံချက်ကို ထားရှိရမည်တို့ကို ဆုံးဖြတ် နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအားခန့်အပ်ပြီး နောက်ပိုင်းတွင် ထိုသို့ခန့်အပ်မှုနှင့် စပ်လျဉ်းသည့် ချို့ယွင်းချက်တစ်ရပ်ရပ်အား တွေ့ရှိစေကာမူ ၎င်း၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်စေရမည်။ သို့ရာတွင် ဤပုဒ်မခွဲတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ၎င်းအား ခန့်အပ် မှုသည် တရားဝင်ခြင်းမရှိကြောင်း ဖော်ပြပြီး နောက်ပိုင်း၌ အဆိုပါစာရင်းရှင်း လင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင် သည်ဟု မှတ်ယူခြင်းမရှိစေရ။

(စ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ် ရှိ အခြေပစ္စည်းများနှင့် စပ်လျဉ်း၍ ပစ္စည်းလက်ခံ ထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ခြင်းမပြုရ။

**၃၁၃။ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာများအား ဖြည့်စွက်ခန့်ထားခြင်းနှင့် လျော်ကြေးပေးခြင်း**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦး သည် နုတ်ထွက်ခွင့်ရှိသည်၊ သို့မဟုတ် ခိုင်လုံသည့် အကြောင်းအချက်များ တင်ပြနိုင်လျှင် တရားရုံးက ၎င်းကိုထုတ်ပယ်နိုင်သည်။

(ခ) တရားရုံးက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦး လစ်လပ်သွားသည့်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ လစ်လပ်သည့်နေရာတွင် ထိုသို့ဖြည့်စွက်ခန့်ထားသည့်ကာလအထိ တရားဝင် ခန့်အပ်ထားသည့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် လည်းကောင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသို့ လစာ သို့မဟုတ် အခကြေးငွေပေးရန် ညွှန်ကြားရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမို ခန့်ထားခဲ့လျှင် တရားရုံးကညွှန်ကြားသည့် အချိုးအစားပမာဏအတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံသို့ အခကြေးငွေကို ခွဲဝေပေးရမည်။

**၃၁၄။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ်သာ ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် ဖော်ပြခြင်းမပြုရ။

**၃၁၅။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တင်ပြရခြင်း**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ၊ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ယာယီအားဖြင့် ခန့်အပ်ပြီးသည့်အခါ တရားရုံးက အခြားအမိန့်တစ်စုံတစ်ရာကို ချမှတ်ရန်လိုအပ်သည်ဟု မယူဆလျှင် အောက်ပါအချက်အလက်များပါဝင်ပြီး ကျမ်းကျိန်ချက်ဖြင့် အတည်ပြုထားသော ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်း သည့် ရေးသားဖော်ပြချက်တစ်စောင်ကို တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြုစုတင်ပြရမည်-

(၁) လက်ဝယ်ရှိ ငွေသားလက်ကျန်ရှင်းတမ်းနှင့် ဘဏ်ရှိငွေသားစာရင်းများ ရှိခဲ့လျှင် ၎င်းငွေသားစာရင်းများကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ အခြေပစ္စည်းများ၊

(၂) ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊

(၃) အာမခံထားရှိသော ကြွေးမြီများနှင့် အာမခံထားရှိခြင်းမရှိသော ကြွေးမြီများ၏ ပမာဏကိုသီးခြားစီဖော်ပြလျက် မြီရှင်များ၏ အမည် များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ အာမခံထားရှိသော ကြွေးမြီများဖြစ်လျှင် ငွေချေးသက်သေခံလက်မှတ်များ၏ အချက် အလက်များ ယင်းတို့၏တန်ဖိုးနှင့် ယင်းတို့အားထုတ်ဝေခဲ့သည့် နေ့စွဲများနှင့်

(၄) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ၏ အမည်များ၊ နေရပ် လိပ်စာများနှင့် အလုပ်အကိုင်များ၊ ထိုသို့ပေးဆပ်နိုင်မည့်ပမာဏ။

(ခ) ထိုရေးသားဖော်ပြချက်အား သက်ဆိုင်သည့်နေ့ရက်၌ တာဝန်ထမ်းဆောင် လျက်ရှိသူ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာများက သော်လည်းကောင်း၊ ကုမ္ပဏီ၏ အတွင်းရေးမှူးက သော်လည်းကောင်း၊ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသူများက သော်လည်းကောင်း တရားရုံး၏ညွှန်ကြားချက်နှင့်အညီ မှန်ကန်ကြောင်းအတည်ပြု၍ တင်ပြရမည့်အပြင် အောက်ပါပုဂ္ဂိုလ်များကိုလည်း ရေးသားဖော်ပြချက်အား မှန်ကန်ကြောင်းအတည်ပြု၍ တင်ပြစေနိုင်သည်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများအဖြစ် ဆောင်ရွက်သူ များ သို့မဟုတ် ဆောင်ရွက်ခဲ့သူများ၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်နေ့ရက်မှ (၁) နှစ်ကာလအတွင်း မည်သည့်အချိန်တွင် မဆို ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုတွင် ပါဝင်ခဲ့သူများ၊ သို့မဟုတ်

(၃) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်သည့် သတင်းအချက်အလက်များကို ပေးနိုင်သူဟု ယူဆသည့် ပုဂ္ဂိုလ်များ။

(ဂ) ထိုရေးသားဖော်ပြချက်ကို သက်ဆိုင်သည့်နေ့ရက်မှ (၂၁) ရက်အတွင်း သို့မဟုတ် အထူးအကြောင်းရှိခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ တရားရုံးက ဖြစ်စေ တိုးမြှင့်သတ်မှတ် ပေးသည့်ကာလအတွင်း တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သောရေးသားဖော်ပြချက်နှင့် ကျမ်းကျိန်လွှာတို့ကို ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် သဘောတူညီသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ယာယီခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ကုမ္ပဏီ၏အခြေပစ္စည်းများမှ ပြင်ဆင်ပြုလုပ်ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များကို သင့်လျော်သည့် ကုန်ကျစရိတ်များဖြစ်သည်ဟု သတ်မှတ်ခွင့်ပြု၍ ပေးချေနိုင်သည်။ ထိုကိစ္စရပ်တွင် တရားရုံးသို့ အယူခံ ဝင်ရောက်နိုင်သည်။

(င) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း ကိုယ်တိုင် စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သင့်လျော်သည့်အချိန်တိုင်းတွင် သတ်မှတ်ဖော်ပြ ထားသည့် အခကြေးငွေကို ပေးသွင်းလျက် ဤပုဒ်မအရတင်ပြသည့် ရေးသား ဖော်ပြချက်ကို စစ်ဆေးကြည့်ရှုခြင်းနှင့် အဆိုပါရေးသားဖော်ပြချက်၏ မိတ္တူကို ဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူခွင့်ရှိသည်။

(စ) **ဤပုဒ်မပါ သက်ဆိုင်သည့်နေ့ရက်** ဆိုသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ထိုသို့ခန့်အပ်သည့်နေ့ရက်နှင့် ထိုသို့ ခန့်အပ်ခြင်းမပြုသည့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့် နေ့ရက်တို့ကို ဆိုသည်။

၃၁၆။ မည်သူမဆို သင့်လျော်သည့်အကြောင်းအချက်မရှိဘဲ ပုဒ်မ ၃၁၅ ပါ သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၃၁၇။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း မမှန်မကန် ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်း လက်ခံထိန်းသိမ်းသူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် အဆိုပါပြစ်မှုဖြင့် ပြစ်ဒဏ် ထိုက်သင့်စေရမည်။

**၃၁၈။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရ တင်ပြသည့် ရေးသားဖော်ပြချက်အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့် နေ့မှ (၄)လထက်နောက်မကျစေဘဲ သို့မဟုတ် တရားရုံးကခွင့်ပြုလျှင် (၆) လထက်နောက်မကျစေဘဲ သို့မဟုတ် ရေးသားဖော်ပြချက်တင်ပြရန် လိုအပ်ခြင်းမရှိကြောင်း တရားရုံးကအမိန့်ချမှတ်သည့်ကိစ္စရပ်တွင် အမိန့်ချ မှတ်သည့်နေ့ရက်မှ အောက်ပါအချက်အလက်များ ပါဝင်သော ကနဦး အစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ ဆောလျင်စွာ တင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက် သီးခြားစီဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်း ပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊ အခြေ ပစ္စည်းများနှင့် တာဝန်ရှိမှုများအတွက် ခန့်မှန်းတွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့်လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံ လက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှ ရရှိမည့်ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီကရရှိမည့် ကြွေးမြီများနှင့် ကြွေးမြီပေးချေရန် အာမခံချက်များရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်

(ငင) ငွေပေးချေခြင်းမပြုရသေးသော ထည့်ဝင်ရမည့်မတည်ငွေရင်း၊

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ဖြစ်ရသည့် အကြောင်းများနှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန် လိုအပ်ခြင်း ရှိ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် အခြေအနေ၊ ကုမ္ပဏီကိုတည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ သို့မဟုတ် ဖွဲ့စည်းခြင်းတွင် ပါဝင်သူတစ်ဦးဦး၊ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အရာရှိ တစ်ဦးဦးက လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့် တရားရုံးကသိရှိရန် လိုအပ်သည်ဟု ထင်မြင်သော အခြားအကြောင်းအရာ များကို ဖော်ပြထားသည့် အခြားအစီရင်ခံစာတစ်စောင် သို့မဟုတ် အစီရင်ခံစာ များကိုလည်း တင်ပြနိုင်သည်။

**၃၁၉။ ကုမ္ပဏီ၏ပစ္စည်းများကို ထိန်းသိမ်းထားရှိခြင်း**

(က) ယာယီအားဖြင့် ခန့်အပ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များအားလုံးကို ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှု အောက်တွင် ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်အား ချမှတ်သည့်နေ့ရက်မှ စတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည်ဟု မှတ်ယူရမည်။

**၃၂၀။ စည်းမျဉ်းအရ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော စစ်ဆေးရေးကော်မတီ**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကို လည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကို သော် လည်းကောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ မြီရှင် များ အစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့် နေ့ရက်မှ (၁)လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင် များ၏ ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့ အတွက် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏ အစည်းအဝေးအား ကျင်းပသည့်နေ့ရက်မှ (၇)ရက်အတွင်း ခေါ်ယူကျင်းပရ မည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝလက်ခံ နိုင်ခြင်းမရှိပါက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်ရန်လိုအပ်ခြင်း ရှိ မရှိ၊ လိုအပ်ခြင်းရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များအဖြစ် ပါဝင်ကြမည်တို့အပေါ် လမ်းညွှန်မှုပြုနိုင်ရန် အတွက် တရားရုံးသို့ လျှောက်ထားရန်တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့် စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီ ပေးဆပ်ရသူများ၊ သို့မဟုတ် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာများ ကိုင်ဆောင်ထားသည့် ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင် (၁၂) ဦးထက်မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရ မည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်း အဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသို့ သဘောတူညီထားခြင်းမရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

(င) စစ်ဆေးရေးကော်မတီသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ စာရင်းများကို သင့်လျော်သည့် အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

(စ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်များတွင် တွေ့ဆုံကျင်းပရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ထားသည့် အချိန်ကာလမရှိပါက တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကော်မတီ၏အဖွဲ့ဝင်တစ်ဦးဦးကလည်း လိုအပ် သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပ ပေးရန် တင်ပြတောင်းဆိုနိုင်သည်။

(ဆ) ကော်မတီသည် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီ၏ အဖွဲ့ဝင်အများစု မတက်ရောက်ခဲ့ ပါက ထိုသို့ဆုံးဖြတ် ဆောင်ရွက်ခြင်းမပြုရ။

(ဇ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသား လက်မှတ် ရေးထိုးထားသည့် အကြောင်းကြားစာကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ပေးပို့၍ နုတ်ထွက်နိုင်သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ်ခံယူရခြင်း၊ သို့မဟုတ် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ် ပြုလုပ် ရခြင်း၊ သို့မဟုတ် ၎င်းနှင့်အတူ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ အား ကိုယ်စားပြုသည့် ကော်မတီအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီ အစည်းအဝေးများကို တက်ရောက်ရန် (၅) ကြိမ်ဆက်တိုက် ပျက်ကွက်ခြင်းတို့ ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟု သတ်မှတ် ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအား ကိုယ်စားပြုလျှင် မြီရှင်များ၏ အစည်းအဝေး၌ လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေး၌ လည်းကောင်း သာမန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကိုထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက် ကျင်းပရသည့် ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့် အကြောင်းကြားစာကို အနည်းဆုံး (၇) ရက်ကြိုတင်ပေးပို့၍ ဆောင်ရွက်ရမည်။

(ဋ) ကော်မတီတွင် လစ်လပ်နေရာဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အဆိုပါလစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ် နေရာအား ဖြည့်စွက်ရန်အတွက် မူလကော်မတီအဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင် သည်၊ သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ဌ) ကော်မတီတွင် လစ်လပ်နေရာ တစ်ခုခုရှိနေစေကာမူ ကော်မတီ၏အဖွဲ့ဝင် များက နှစ်ဦးထက်မနည်းရှိပါက ဆက်လက်ဆောင်ရွက်နိုင်သည်။

**၃၂၁။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

တရားရုံး၏ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) ကုမ္ပဏီ၏အမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော် လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(ခ) ကုမ္ပဏီကို အကျိုးရှိသည့်နည်းလမ်းဖြင့် ဖျက်သိမ်းရန် လိုအပ်သည့် အတိုင်းအတာအထိ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) လေလံဖြင့်ဖြစ်စေ၊ သီးခြားပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် ထိုပစ္စည်းများကို ပိုင်းခြား၍ ရောင်းချခြင်း၊

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ထိုကိစ္စရပ်များအတွက်လိုအပ်ပါက ကုမ္ပဏီ၏ရုံးတံဆိပ်ကို အသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်းနှင့် တောင်းဆိုခြင်း၊ အမြတ်ဝေစုများခွဲဝေခြင်းကိုလက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍ လူမွဲခံယူသူထံမှရရန်ရှိသည့် သီးခြားကြွေးမြီများအဖြစ် အခြားမြီရှင်များနှင့် အချိုးကျရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန်ကတိစာချုပ်ကို ကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားအနေဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏ တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍ အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက်သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်တစ်ရပ်ရပ်ကို ကုမ္ပဏီ၏အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စားထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ အခြေပစ္စည်းများအပေါ် အာမခံထားရှိ၍ ငွေကြေးလိုအပ်ချက်တစ်ရပ်ရပ်ကို မြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်း၏အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး သို့မဟုတ် ၎င်း၏ အမွေဆက်ခံသူထံမှ ရရန်ရှိသည့် ငွေကြေးများပေးချေမှုကိုရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည်ဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းမရှိသော ပစ္စည်းများကို ရယူခြင်းများအတွက် လိုအပ်သောဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာ စာကို ထုတ်ယူရာတွင် လည်းကောင်း၊ ဖယ်ရှားဆောင်ရွက်ရာတွင် လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင် လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များတွင် ပေးချေရမည့်ငွေကြေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေရမည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသည့် မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လိုအပ်သော ကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏ အခြေပစ္စည်းများကို ခွဲဝေပေးခြင်းများအတွက် အခြားလိုအပ်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

၃၂၂။ **တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှုနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာအကူအညီများပေးရေးအတွက် ပြဋ္ဌာန်းချက်**

(က) တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုမပါရှိဘဲ အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင်သည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့် ကိစ္စရပ်တွင် ၎င်းအားခန့်အပ်သည့်အမိန့်ဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက် တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။ သို့ရာတွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ရှေ့နေတစ်ဦးဖြစ်ပါက ယင်း၏ တွဲဖက်လုပ်ကိုင်သူက အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးရန် သဘောတူညီခြင်းမရှိလျှင် အဆိုပါ တွဲဖက်လုပ်ကိုင်သူကို ခန့်အပ်ခြင်းမပြုရ။

၃၂၃။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများ ပါရှိသော စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏ လက်ခံရရှိထားသောစာရင်းများကို တရားရုံးသို့တင်ပြရခြင်း**

(က) တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေး ဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေးမှတ်တမ်းများနှင့် အခြား သတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များကို ပြုစုထားရှိရန် သင့်လျော်သည့် စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရမည် ဖြစ်သည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် တရားရုံး၏ကြီးကြပ်မှုဖြင့် ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း အဆိုပါစာရင်းစာအုပ်များကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားလုံးသည် ၎င်းတို့၏ သက်တမ်းကာလအတွင်း နှစ်စဉ် နှစ်ကြိမ် ထက်မနည်းသော သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသောစာရင်းနှင့် ငွေပေးချေမှုများကို တရားရုံးသို့တင်ပြရမည်။

(ဂ) စာရင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစု၍ မူရင်းကွဲများထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ ကြေညာချက်တစ်စောင်ဖြင့် အတည်ပြုရမည်။

(ဃ) တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်းစစ်ဆေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက လိုအပ်မည်ဖြစ်သည့် ဘောက်ချာများနှင့် သတင်းအချက်အလက်များကို တရားရုံးသို့ တင်ပြရမည်ဖြစ်ပြီး တရားရုံးသည် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကို ပြုစုတင်ပြစေနိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအား စစ်ဆေးပြီးသည့်အခါ ယင်း၏ မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြားမိတ္တူတစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့်ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန်ထားရှိရမည်။

၃၂၄။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ကြီးကြပ်ခြင်း**

(က) ဤဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေးကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက်တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီကချမှတ်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက်အပေါ် လွှမ်းမိုးသည်ဟု မှတ်ယူရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက်ချမှတ်၍ ညွှန်ကြားလာလျှင် လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးများကို ခေါ်ယူပေးရန်တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ရယူနိုင်ရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်ချင့်ချိန် ဆောင်ရွက်နိုင်မှုတို့ကို အသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါ အခြေအနေများနှင့် သင့်လျော်မည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**တရားရုံး၏ သာမန်အခွင့်အာဏာများ**

၃၂၅။ **ကြွေးမြီပေးဆပ်ရသူများ၏စာရင်းနှင့် အခြေပစ္စည်းဆိုင်ရာတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကို ပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များအားလုံးတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် ကုမ္ပဏီ၏ အခြေပစ္စည်းများကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင်အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူများ၏ ကြွေးမြီအတွက် ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီပေးဆပ်ရသူများအကြား ခွဲခြားသတ်မှတ် ဆောင်ရွက်ရမည်။

၃၂၆။ **ပစ္စည်းများကို ပေးအပ်စေနိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့် အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများစာရင်းရှိ ကြွေးမြီပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ကုမ္ပဏီက ရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိ ငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်း ပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ်စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

၃၂၇။ **ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့် နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ ပိုင်ဆိုင်ပစ္စည်းများမှ ဖြစ်စေ၊ ကုမ္ပဏီသို့ပေးချေရမည့် ငွေကြေးများကို ပေးချေစေရန် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့် ငွေကြေးထည့်ဝင်မှုများ မပါဝင်စေရ။

(ခ) တရားရုံးသည် အဆိုပါအမိန့်ကို ချမှတ်ရာတွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီနှင့်သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့် ကုမ္ပဏီမှပစ္စည်းများအတွက် ပေးချေရမည့် ငွေကြေးမှ ခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့်ငွေကြေးတစ်ရပ်ရပ် မဖြစ်စေရမည့် အပြင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ ပစ္စည်းများအတွက် အလားတူ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးနှင့် သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို နောင်တွင် တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့် ကြွေးမြီပေးဆပ်ရသူထံ ပေးချေဆောင်ရွက်နိုင်သည်။

၃၂၈။ **ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့် တရားရုံး၏အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏အခြေပစ္စည်းများ ပြည့်စုံလုံလောက်မှုကို သေချာစေရန် ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီးနောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့တာဝန်ရှိကြသည်အထိ ကုမ္ပဏီ၏ကြွေးမြီများနှင့် တာဝန်ရှိမှုများအတွက် တရားရုံးကသတ်မှတ်သည့် ငွေပမာဏတစ်ရပ်ရပ်ကို လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို စာရင်းညှိနှိုင်း ဆောင်ရွက်ရန်အတွက် ကျသင့်သည့် ငွေကြေးများကိုလည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင်စေနိုင်သည့်အပြင် ၎င်းတို့ကို ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေးထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထည့်ဝင်ပေးချေရန်ပျက်ကွက်နိုင်သည့်အခြေအနေ ရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

၃၂၉။ **ဘဏ်သို့ ငွေများပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေရမည့် အခြားသူတစ်ဦးဦးကို ၎င်းတို့ပေးချေရမည့်ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုရှိ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

၃၃၀။ **ငွေစာရင်းနှင့် စပ်လျဉ်း၍ တရားရုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်**

ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့်ဘဏ်သို့ ပေးသွင်း၊ လွှဲပြောင်းသည့်ငွေကြေးများ၊ ကျသင့်ငွေများ၊ ငွေလွှဲမှုများ၊ ငွေပေးချေရန် ကတိများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များအားလုံးကို တရားရုံး၏ အမိန့်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃၁။ **ကြွေးမြီပေးဆပ်ရသူနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်သည် ပြည့်စုံခိုင်လုံသည့် သက်သေခံချက်ဖြစ်ခြင်း**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်သည် ငွေကြေးနှင့်သက်ဆိုင်ပါက ကြွေးမြီပေးဆပ်ရသူ၏အယူခံဝင်နိုင်သည့် အခွင့်အရေးကို မထိခိုက်စေဘဲ ငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း၊ သို့မဟုတ် အမိန့်ချမှတ်၍ ပေးချေရမည့်အကြောင်းနှင့်စပ်လျဉ်း၍ ပေးချေရမည်ဟု ယင်းအမိန့်က ပြည့်စုံခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့် အခြားသောသက်ဆိုင်ရာကိစ္စရပ်များ အားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့် ပုဂ္ဂိုလ်များအားလုံး အပေါ်တွင် မှန်ကန်စွာရေးသားဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

၃၃၂။ **အချိန်မီ သက်သေထင်ရှားမတင်ပြနိုင်သည့် မြီရှင်များကို နုတ်ပယ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် မြီရှင်များက ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေထင်ရှားတင်ပြစေရန်၊ သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှား တင်ပြခြင်းမပြုမီက ပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှု တစ်စုံတစ်ရာကို ရယူခြင်းမှ နုတ်ပယ်ရန် အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်ကာလများ သတ်မှတ်ပေးနိုင်သည်။

၃၃၃။ **ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါက ထပ်မံ အကျိုးခံစားခွင့်ရရှိသူများကို ခွဲဝေပေးရမည်။

၃၃၄။ **ကုန်ကျစရိတ်များအတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

အခြေပစ္စည်းများသည် တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်းမရှိသည့်ကိစ္စရပ်တွင် တရားရုံးသည် သင့်သည်ထင်မြင်သည့် ဦးစားပေးအစီအစဉ်ဖြင့် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို အခြေပစ္စည်းများမှ ပေးချေစေရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၃၅။ **ကုမ္ပဏီအား တရားဝင်ဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါ တရားရုံးသည် အမိန့်တစ်ရပ်ကိုချမှတ်၍ အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကို အဆိုပါ အမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါ အမိန့်ကို ချမှတ်သည့်နေ့ရက်မှ (၁၅) ရက်အတွင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါအမိန့်ကို ပေးပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၈)ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**တရားရုံး၏ အထူးအာဏာများ**

၃၃၇။ **ကုမ္ပဏီ၏ပစ္စည်းများကို ရယူထားသည်ဟု ယူဆရသူများကို ဆင့်ခေါ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ကုမ္ပဏီကရရန်ရှိသည်ဟု ယူဆရသည့် ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟု ယူဆရသည့် ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီနှင့် ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ၊ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို တင်ပြနိုင်သည်ဟု တရားရုံးက မှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တရားရုံးသို့ လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆိုပါပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါ ပုဂ္ဂိုလ်များ၏ ဖြေဆိုချက်များကို စာဖြင့်ရေးသား၍ ၎င်းတို့အား လက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါပုဂ္ဂိုလ်များ၏ ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအောက်တွင်ရှိသော ကုမ္ပဏီနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်စေရန် တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့်ရှိခဲ့လျှင် ထိုသို့ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကို ထိခိုက်စေခြင်းမရှိစေရ။ ထို့အပြင် တရားရုံးသည် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါလက်ဝယ်ထားပိုင်ခွင့်နှင့် စပ်လျဉ်းသော ကိစ္စရပ်များအားလုံးကို ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိစေရမည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးဦးသည် ၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကို ပေးချေရန်အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရ လက်ခံနိုင်သည့် အကြောင်းအချက်ကို ကြိုတင်အကြောင်းကြားထားသည်မှအပ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးသည် စစ်ဆေးဆောင်ရွက်မှု ပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ ခေါ်ဆောင်စေနိုင်သည်။

၃၃၈။ **ကမကထပြုသူများ၊ ဒါရိုက်တာများ စသည်တို့ကို အများပြည်သူရှေ့၌ စစ်ဆေးရန်အတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးသည့်အခါ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီကို ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့တွင် ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ပြီးသည်အချိန်မှစ၍ ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ လိမ်လည်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယူဆ၍ တရားရုံးသို့ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် လျှောက်ထားမှုအား လက်ခံသုံးသပ်ပြီးနောက် ၎င်းတို့အား အဆိုပါကိစ္စရပ်အတွက် တရားရုံးက ချိန်းဆိုထားသည့် နေ့ရက်၌ တရားရုံးသို့ လာရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် ကုမ္ပဏီကို ကမကထပြုလုပ်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏ အပြုအမူ၊ ဆက်သွယ် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အများပြည်သူရှေ့၌ စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးမေးမြန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အဆိုပါ ကိစ္စရပ်အတွက် တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးက အခွင့်အာဏာအပ်နှင်းထားလျှင် တရားရုံးက ခွင့်ပြုနိုင်သည့် ဥပဒေဆိုင်ရာ အကူအညီပေးသူများကို ခန့်ထားနိုင်သည်။

(ဂ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည်လည်း တရားရုံးတွင် စစ်ဆေးမေးမြန်းရာတွင် ကိုယ်တိုင်ဖြစ်စေ၊ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူဖြင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်။

(ဃ) တရားရုံးသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်မေးခွန်းများကို စစ်ဆေးမေးမြန်းခံရသူအပေါ် မေးမြန်းနိုင်သည်။

(င) စစ်ဆေးမေးမြန်းခံရသူသည် ကျမ်းကျိန်၍ စစ်ဆေးခံရမည်ဖြစ်ပြီး တရားရုံးက မေးမြန်းသည့် သို့မဟုတ် မေးမြန်းရန် ခွင့်ပြုသည့် မေးခွန်းများအားလုံးကို ဖြေဆိုရမည်။

(စ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုခံယူရန် အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးသည် တရားရုံးသို့ တက်ရောက်ခွင့်ရှိသူတစ်ဦးဦးကို မိမိ၏စရိတ်ဖြင့် ခန့်အပ်နိုင်သည်။ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူသည် စစ်ဆေးမေးမြန်းခံရသူ၏ ဖြေကြားမှုများအား ရှင်းလင်းရန် သို့မဟုတ် ထင်ရှားစေရန်အတွက် တရားရုံးက လျော်ကန်သည်ဟုထင်မြင်သည့် မေးခွန်းများကို လွတ်လပ်စွာမေးမြန်းခွင့်ရှိသည်။ သို့ရာတွင် ထိုသို့စစ်ဆေးမေးမြန်းခံရသူသည် ၎င်းအပေါ် စွဲဆိုသည့် ပြစ်မှုများအတွက် အပြစ်မရှိကြောင်း ထင်ရှားပေါ်ပေါက်သည်ဟု တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် ၎င်းအား သင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကို ခံစားခွင့်ပြုနိုင်သည်။

(ဆ) စစ်ဆေးမှုမှတ်တမ်းများကို စာဖြင့်ရေးသားမှတ်တမ်းတင်ထားရမည့်အပြင် အဆိုပါ စစ်ဆေးမှုမှတ်တမ်းများကို စစ်ဆေးမေးမြန်းခံရသူသို့ သော်လည်းကောင်း၊ စစ်ဆေးမေးမြန်းခံရသူက သော်လည်းကောင်း ဖတ်ကြား၍ လက်မှတ်ရေးထိုးစေရမည်။ အဆိုပါ စစ်ဆေးမှုမှတ်တမ်းအား တရားမမှုစွဲဆိုဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်အပေါ် သက်သေခံအဖြစ် အသုံးပြုနိုင်ပြီး မည်သည့်အချိန်တွင်မဆို မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ စစ်ဆေးဆောင်ရွက်မှုများအတွက်လည်း လက်ခံရမည်။

(ဇ) တရားရုံးသည် သင့်သည်ဟုထင်မြင်ပါက စစ်ဆေးမေးမြန်းခြင်းအား အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည်။

(ဈ) ဤပုဒ်မအရ ပြုလုပ်သည့်စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် ခုံလူကြီး၊ အကြီးအမှူး၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒုတိယမှတ်ပုံတင်အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်သော တရားရုံး၏ တရားသူကြီးတစ်ဦးဦးရှေ့တွင် ဖြစ်စေ၊ အရာရှိတစ်ဦးဦးရှေ့တွင် ဖြစ်စေ ဤကိစ္စရပ်အလို့ငှာ ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်သည်။ စစ်ဆေးမေးမြန်းမှုနှင့်စပ်လျဉ်းသည့် ဤပုဒ်မအရ တရားရုံး၏ အခွင့်အာဏာများကို ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့် ကိစ္စမှတစ်ပါး စစ်ဆေးမေးမြန်းမှုအား ပြုလုပ်သည့်ပုဂ္ဂိုလ်က ကျင့်သုံး ဆောင်ရွက်နိုင်သည်။

၃၃၉။ **တိမ်းရှောင်နေသော ကြွေးမြီပေးဆပ်ရသူအား ဖမ်းဆီးနိုင်သည့် အခွင့်အာဏာ**

တရားရုံးသည်ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အားချမှတ်ခြင်းမပြုမီတွင်ဖြစ်စေ၊ချမှတ်ပြီးနောက်တွင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် နိုင်ငံတော်မှ ထွက်ပြေးတိမ်းရှောင်ရန်ရှိကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တိမ်းရှောင်ရန်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောင်းခံထားသည့် ငွေပေးချေမှုများမှ ရှောင်လွှဲရန် သို့မဟုတ် စစ်ဆေးမေးမြန်းမှုများမှ ရှောင်ရှားရန် ရည်ရွယ်၍ ၎င်း၏ပစ္စည်းတစ်ရပ်ရပ်ကိုဖယ်ရှားရန် သို့မဟုတ် ကွယ်ဝှက်ရန်ရှိကြောင်း ယုံကြည်လောက်သော အကြောင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုကြွေးမြီပေးဆပ်ရသူကို ဖမ်းဆီးနိုင်သည့်အပြင် ၎င်း၏စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသိမ်းဆည်းနိုင်သည်။ ကြွေးမြီပေးဆပ်ရသူနှင့် အဆိုပါစာရွက်စာတမ်း၊ ပစ္စည်းများကို တရားရုံးက အမိန့်ချမှတ်ထားသည့်ကာလအထိ ထိန်းသိမ်းထားနိုင်သည်။

၃၄၀။ **အခြား စွဲဆိုဆောင်ရွက်သည့်မှုခင်းများကို မထိခိုက်စေခြင်း**

ဤဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်သည် ငွေကြေးထည့်ဝင်ရန် တောင်းခံမှု သို့မဟုတ် အခြားငွေကြေးတစ်ရပ်ရပ်အတွက် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတစ်ဦးဦးအပေါ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင်ဖြစ်စေ စွဲဆိုဆောင်ရွက်သည့်မှုခင်းများနှင့် စပ်လျဉ်း၍ အပ်နှင်းထားသည့် တည်ဆဲအခွင့်အာဏာတစ်ရပ်ရပ်ကို ကန့်သတ်ခြင်းမရှိစေဘဲ ထပ်ဆင့်၍ ကျင့်သုံးခွင့်ရှိသည့် အခွင့်အာဏာများ ဖြစ်စေရမည်။

**အမိန့်များကို အတည်ပြုခြင်းနှင့် အယူခံခြင်း**

၃၄၁။ **အမိန့်များကို အတည်ပြုနိုင်သည့် အခွင့်အာဏာ**

ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်နိုင်သည့် အမိန့်အားလုံးကို အဆိုပါ တရားရုံးတွင် ပြုလုပ်သော တရားစွဲဆိုမှုတစ်ရပ်ရပ်၌ အမိန့်ဒီကရီများကို အတည်ပြုနိုင်သည့် နည်းလမ်းများအတိုင်း အတည်ပြု ဆောင်ရွက်နိုင်သည်။

၃၄၂။ **တရားရုံးတစ်ခုခုတွင် ချမှတ်သည့်အမိန့်ကို အခြားတရားရုံးများတွင် အတည်ပြုခြင်း**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်းရှိ မည်သည့်နေရာတွင်မဆို အတည်ပြုနိုင်သည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာသည် အခြားနေရာတစ်ခုတွင်ရှိခဲ့လျှင် အမိန့်ချမှတ်သည့် တရားရုံးတည်ရှိသည့်နေရာမှအပ အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးက မိမိရုံးတွင် ချမှတ်သည့်အမိန့်တစ်ရပ်အား အတည်ပြု ဆောင်ရွက်သကဲ့သို့ သက်ဆိုင်သည့် နည်းလမ်းများနှင့်အညီ အတည်ပြုဆောင်ရွက်ရမည်။

၃၄၃။ **အခြား တရားရုံးများက အမိန့်ကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ**

တရားရုံးတစ်ရုံးကချမှတ်သည့် အမိန့်တစ်ရပ်ကို အခြားတရားရုံးတစ်ရုံး၌ အတည်ပြုရန် ဆောင်ရွက်သည့်အခါ အဆိုပါတရားရုံးအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို ထိုအမိန့်အား အတည်ပြုဆောင်ရွက်မည့် တရားရုံးရှိ သက်ဆိုင်ရာအရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့အမိန့်မူရင်းမိတ္တူမှန်အား တင်ပြခြင်းသည် ထိုအမိန့်ကို ချမှတ်ပြီးဖြစ်ကြောင်း လုံလောက်သည့် သက်သေခံချက် ဖြစ်စေရမည်။ ထိုတင်ပြချက်အပေါ်တွင် အတည်ပြုဆောင်ရွက်ရမည့် တရားရုံးသည် အမိန့်အား အတည်ပြု ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မိမိရုံး၏ အမိန့်အား အတည်ပြုဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၃၄၄။ **အမိန့်များအပေါ် အယူခံဝင်ရောက်ခြင်း**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်ကြားနာစေရန် သို့မဟုတ် အယူခံဝင်ရောက်ရန်အတွက် ဆောင်ရွက်မှုများကို အဆိုပါတရားရုံး၏ သာမန်စီရင်ပိုင်ခွင့်အာဏာအတွင်းရှိ မှုခင်းများတွင် ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၃၄၅။ **ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်မည့် အခြေအနေများ**

အောက်ပါအခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းနိုင်သည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီ၏ သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးလျှင် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ တာဝန်ရှိမှုများကြောင့် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မပြုနိုင်ခြင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းရန် တင်ပြခြင်းများကြောင့် ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်။ ဤအပိုင်းတွင် သုံးစွဲဖော်ပြထားသည့် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ဆိုသည်မှာ ဤပုဒ်မ၏ အပိုဒ် (က) သို့မဟုတ် အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဆိုလိုသည်။

၃၄၆။ **ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမှု စတင်ခြင်း**

ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမှုသည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်အား ချမှတ်သည့်အချိန်မှ စတင်သည်ဟု မှတ်ယူရမည်။

၃၄၇။ **ကုမ္ပဏီ၏ ရပ်တည်မှုအပေါ်တွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ကုမ္ပဏီအား ဖျက်သိမ်းသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီ၏ အကျိုးအတွက် ဖျက်သိမ်းရာတွင် လိုအပ်သည့် ကိစ္စရပ်မှအပ ယင်း၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ကုမ္ပဏီဆိုင်ရာရပ်တည်မှုနှင့် လုပ်ပိုင်ခွင့်များသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ချက် တစ်စုံတစ်ရာရှိစေကာမူ ယင်းအား ဖျက်သိမ်းသည်အထိ ဆက်လက်တည်ရှိစေရမည်။

၃၄၈။ **ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ အကြောင်းကြားစာကို ထိုဆုံးဖြတ်ချက်အား ချမှတ်သည့် နေ့ရက်မှ (၁၀)ရက်အတွင်း နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင်တို့တွင် ကုမ္ပဏီက ထည့်သွင်းကြေညာ၍ အကြောင်းကြားရမည်။

၃၄၉။ ကုမ္ပဏီသည် ပုဒ်မ ၃၄၈ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည်လည်း အလားတူပြစ်ဒဏ် ထိုက်သင့်စေရမည်။

၃၅၀။ **ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာခြင်း**

(က) ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက် ပိုမိုပါရှိသောကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာအများစုသည် လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာသည်လည်းကောင်း ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်မည့်အစည်းအဝေးအတွက်အကြောင်းကြားစာများ ပေးပို့သည့် နေ့ရက်မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများ အစည်းအဝေး၌ ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝ စစ်ဆေးဆောင်ရွက်မှု ပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအား ဖျက်သိမ်းရန် စတင်သည့်နေ့ရက်မှ (၃)နှစ်ထက် မပိုသောကာလတစ်ရပ်အတွင်း ကုမ္ပဏီသည် ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟု ယူဆကြောင်း ကျမ်းကျိန်လွှာတစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။

(ခ) အဆိုပါကြေညာချက်ကို ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီစာရင်းစစ်များ၏ အစီရင်ခံစာတစ်စောင်ဖြင့် ထောက်ခံတင်ပြရမည်ဖြစ်ပြီး ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် နေ့ရက်မတိုင်မီ မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြခြင်း မပြုခဲ့လျှင် အဆိုပါ ကြေညာချက်သည် ဤဥပဒေပါ ကိစ္စရပ်များအတွက် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း"ဟု ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိခြင်း မရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း"ဟု ဖြစ်သည်။

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၅၁။ **ကုမ္ပဏီတွင်ပါဝင်သူများကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၅၂ မှ ၃၅၇ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

၃၅၂။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ခြင်းနှင့် ယင်းတို့၏ အခကြေးငွေများကို သတ်မှတ်ခြင်းတို့အတွက် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်**

(က) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် ယင်း၏ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏အခြေပစ္စည်းများအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်ရမည်ဖြစ်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများသို့ ပေးရမည့် အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးသည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်မှတစ်ပါး ရပ်စဲသွားမည်ဖြစ်သည်။

၃၅၃။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီမှ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ လစ်လပ်သွားလျှင် ကုမ္ပဏီသည် အထွေထွေအစည်းအဝေး တွင် မြီရှင်များ၏ စီမံဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်အညီ ထိုလစ်လပ် နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

(ခ) အဆိုပါကိစ္စရပ်အတွက် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုပါရှိသည့် ကိစ္စရပ်ဖြစ်လျှင် ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများကဖြစ်စေ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို ဤဥပဒေအရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ သတ်မှတ်ထားသည့် နည်းလမ်း သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက သော်လည်းကောင်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက သော်လည်းကောင်း လျှောက်ထားသဖြင့် တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းဖြင့် ကျင်းပရမည်။

၃၅၄။ **ကုမ္ပဏီ၏ ပစ္စည်းများကို ရောင်းချခြင်းအတွက် အဖိုးစားနားအဖြစ် အစုရှယ်ယာစသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လက်ခံနိုင်သည့် လုပ်ပိုင်ခွင့်**

(က) ကုမ္ပဏီတစ်ခုသည် ဆန္ဒအလျောက် ဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် ဆောင်ရွက်ရာတွင် ယင်း၏စီးပွားရေးလုပ်ငန်း သို့မဟုတ် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဤဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ"ဟု ခေါ်တွင်မည့် အခြားကုမ္ပဏီ တစ်ခုခုသို့ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်လျက် ဆောင်ရွက်ခဲ့လျှင် ဤပုဒ်မတွင် "လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီ"ဟု ခေါ်တွင်မည့် လွှဲပြောင်းရောင်းချမည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်သက်ဆိုင်သည့် သာမန်လုပ်ပိုင်ခွင့်ကိုဖြစ်စေ၊ သီးခြားစီစဉ်ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့် တစ်ရပ်ကိုဖြစ်စေ အပ်နှင်းသည့် အဆိုပါကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်တစ်ရပ်အရ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း၊ အစုရှယ်ယာများ၊ အာမခံပေါ်လစီများ သို့မဟုတ် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီရှိ အခြားအလားတူအကျိုးခံစားခွင့်များအတွက်လည်းကောင်း၊ လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများသို့ ခွဲဝေပေးရန် အတွက်လည်းကောင်း လျော်ကြေး သို့မဟုတ် လျော်ကြေး တစ်စိတ်တစ်ဒေသကို လက်ခံနိုင်သည်၊ သို့မဟုတ် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများက ငွေကြေး၊ အစုရှယ်ယာ၊ အာမခံ ပေါ်လစီ သို့မဟုတ် အခြား အလားတူ အကျိုးခံစားခွင့်၊ သို့မဟုတ် အခြားအရာများကို လက်ခံခြင်းအစား လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ၏ အကျိုးအမြတ်များကို ရယူဆောင်ရွက်ခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို လက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည့် အခြား စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘောတူလက်ခံနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့် ရောင်းချမှု သို့မဟုတ် စီစဉ်မှု တစ်ရပ်ရပ်သည် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင်ပါဝင်သူများ အပေါ် တရားဝင် ဖြစ်စေရမည်။

(ဂ) အထူးဆုံးဖြတ်ချက် ချမှတ်ရာတွင် ထောက်ခံမဲပေးခြင်း မပြုခဲ့သော လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လိပ်မူ၍ ၎င်း၏သဘောထားကွဲလွဲမှုကို စာဖြင့်ရေးသား ဖော်ပြခဲ့ပြီး အဆိုပါ အထူးဆုံးဖြတ်ချက်ချမှတ်ပြီးနောက် (၇) ရက်အတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းမှ ပေးပို့ခဲ့လျှင် ၎င်းအနေဖြင့် ဆုံးဖြတ်ချက်အား အတည်ဖြစ်စေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ခြင်းမပြုစေရန် သို့မဟုတ် ၎င်း၏ အကျိုးခံစားခွင့်များကို သဘောတူညီသည့် တန်ဖိုးဖြင့် သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်သည့် တန်ဖိုးဖြင့် ဝယ်ယူဆောင်ရွက်စေနိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူ၏ အကျိုးခံစားခွင့်များကို ဝယ်ယူရန် ဆုံးဖြတ်ပါက ဝယ်ယူပေးချေမည့်ငွေအား ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ ပေးချေရမည်ဖြစ်ပြီး အထူးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ရမည်။

(င) အထူးဆုံးဖြတ်ချက်တစ်ရပ်သည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ရန်အတွက် ချမှတ်သည့် ဆုံးဖြတ်ချက်မတိုင်မီကာလတွင် သို့မဟုတ် တစ်ပြိုင်တည်းအချိန်တွင် ချမှတ်သည့် အကြောင်းကြောင့် ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားမဝင်ဖြစ်ခြင်း မရှိစေရ။ သို့သော် ကုမ္ပဏီအား ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို (၁) နှစ်အတွင်း ချမှတ်ခဲ့လျှင်ဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းရန် ပြုလုပ်ခဲ့လျှင်ဖြစ်စေ အဆိုပါ အထူးဆုံးဖြတ်ချက်သည် တရားရုံး၏ အတည်ပြုချက် မရှိလျှင် တရားဝင်ခြင်းမရှိစေရ။

(စ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေတွင်ကန့်သတ်ထားသည်များမှအပ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ဆောင်ရွက်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းများအားလုံးနှင့် သက်ဆိုင်စေရမည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၃၅၅။ **နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ အထွေထွေအစည်းအဝေးအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁) နှစ်ကာလထက် ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ်နှင့် နောက်နှစ် (၁) နှစ်စီ ကုန်ဆုံးချိန်၌၊ သို့မဟုတ် သက်ဆိုင်ရာနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်း (၉၀) အတွင်း သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရန်ဆင့်ဆိုနိုင်ပြီး အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၅၆။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၅၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ် ပမာဏ (၁၀) ခုထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၅၇။ **အပြီးသတ် အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိစေရမည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကို အချိန်၊ နေရာနှင့် ရည်ရွယ်ချက်တို့အား ဖော်ပြကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ နည်းလမ်းအရ အကြောင်းကြားစာ တစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၂၈) ရက် ကြိုတင်၍ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေး ကျင်းပပြီးနောက်(၇)ရက်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့် အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။

အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေမပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့် အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသော ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင် ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့် အချိန်မှစ၍ (၃)လ ပြည့်မြောက်ပြီးသည့်အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင် ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ဟု ထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၅၈။ ပုဒ်မ၃၅၇(ဂ)နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက်ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၅၉။ ပုဒ်မ ၃၅၇ ၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၂၁) ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၆၀။ **မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၆၁ မှ ၃၇၂ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

၃၆၁။ **မြီရှင်များ၏ အစည်းအဝေး**

(က) ကုမ္ပဏီသည် ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် အစည်းအဝေးကို ကျင်းပရမည့် နေ့ရက် သို့မဟုတ် ထိုနေ့၏ နောက်တစ်နေ့တွင် ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အဆိုပါမြီရှင်များ၏ အစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီ၏ ဖော်ပြပါအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့သည်နှင့်တစ်ပြိုင်နက် မြီရှင်များထံသို့ ပေးပို့ရမည်။

(ခ) ကုမ္ပဏီသည် မြီရှင်များ၏အစည်းအဝေးအတွက် အကြောင်းကြားစာကို ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် ယင်းပုဒ်မတွင် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် ကြေညာပေးရမည်။

(ဂ) **ကုမ္ပဏီ၏ ဒါရိုက်တာများသည် -**

(၁) ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေများအား ကုမ္ပဏီ၏ မြီရှင်များစာရင်း၊ မတိုင်မီ တင်ပြမည့် တောင်းဆိုမှုပမာဏ ခန့်မှန်းခြေစာရင်းတို့ကို ပူးတွဲပါရှိစေလျက် ပြည့်စုံသည့် ရေးသားဖော်ပြချက်တစ်စောင်ကို အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း ကျင်းပမည့် မြီရှင်များ အစည်းအဝေးတွင် တင်ပြရမည်၊ ၎င်းအပြင်

(၂) အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်အတွက် ယင်းတို့အနက်မှ တစ်ဦးဦးကို ခန့်အပ်ရမည်။

(ဃ) မြီရှင်များ၏အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ခံရသော ဒါရိုက်တာသည် အစည်းအဝေးသို့တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(င) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် ကုမ္ပဏီအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ပြီး ထိုသို့ရွှေ့ဆိုင်းခဲ့သည့် အစည်းအဝေး၌ ဆုံးဖြတ်ချက်အားချမှတ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသည့် မြီရှင်များ၏ အစည်းအဝေး၌ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ချက်ချင်းချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် အကျိုးသက်ရောက်စေရမည်။

၃၆၂။ **အကယ်၍ -**

(က) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကိုလိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီက ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (ဂ)ကို လိုက်နာဆောင်ရွက်ရာတွင်ကုမ္ပဏီ၏ ဒါရိုက်တာများက ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ဂ) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (ဃ) ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးက ပျက်ကွက်ခဲ့လျှင်၊

ကုမ္ပဏီ၊ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာသည် ယင်းတို့ ပျက်ကွက်သည့် ကိစ္စရပ်အတွက် ပြစ်ဒဏ် ပမာဏ(၅)ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီက ပျက်ကွက်သည့်ကိစ္စရပ်တွင် ပျက်ကွက်မှု၌ပါဝင်သည့် ကုမ္ပဏီ၏အရာရှိများ အားလုံးသည် အလားတူပြစ်ဒဏ်ကို ထိုက်သင့်စေရမည်။

၃၆၃။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

မြီရှင်များနှင့် ကုမ္ပဏီသည် ပုဒ်မ ၃၆၁ တွင် ဖော်ပြပါရှိသော ယင်းတို့၏ သက်ဆိုင်ရာ အစည်းအဝေးများ၌ ကုမ္ပဏီ၏ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ အခြေပစ္စည်းများကို ခွဲဝေရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြနိုင်သည်။ မြီရှင်များနှင့် ကုမ္ပဏီသည် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြခဲ့လျှင် မြီရှင်များက အဆိုပြုသည့်ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည်။ မြီရှင်များက အဆိုပြုတင်ပြသည့် ပုဂ္ဂိုလ်မရှိခဲ့လျှင် ကုမ္ပဏီကအဆိုပြုတင်ပြသည့်ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည်။ သို့ရာတွင် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြလာသည့် ကိစ္စရပ်၌ မြီရှင်များက အဆိုပြုတင်ပြသည့်နေ့ရက်မှ (၇)ရက်အတွင်း ကုမ္ပဏီ၏ ဒါရိုက်တာ၊ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် တရားရုံးသို့ တင်ပြ၍မြီရှင်များက အဆိုပြုသည့်ပုဂ္ဂိုလ်အစား သို့မဟုတ် ယင်းပုဂ္ဂိုလ်နှင့်အတူ ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြသည့်ပုဂ္ဂိုလ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် မြီရှင်များက ခန့်အပ်သည့်ပုဂ္ဂိုလ်အစား အခြားသူတစ်ဦးဦးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ပေးရန် အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားနိုင်သည်။

၃၆၄။ **စစ်ဆေးရေးကော်မတီအား ခန့်အပ်ခြင်း**

(က) ပုဒ်မ ၃၆၁ အရ ကျင်းပသည့် အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင်ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ မြီရှင်များသည် ၎င်းတို့သင့်သည်ဟု ထင်မြင်သည့်အတိုင်း (၅)ဦးထက်မပိုသောသူများ ပါဝင်သည့် စစ်ဆေးရေး ကော်မတီတစ်ရပ်ကို ခန့်အပ်နိုင်သည်။ အဆိုပါကော်မတီအား ခန့်အပ်ပြီး သည့်အခါ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်မည့်အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင်ကျင်းပမည့် အထွေထွေ အစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ ကုမ္ပဏီသည် (၅)ဦးထက်မပိုသော ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန် သင့်သည်ထင်မြင်သည့် ပုဂ္ဂိုလ်များကို ခန့်အပ်နိုင်သည်။

(ခ) သို့ရာတွင် မြီရှင်များသည် ၎င်းတို့သင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီက ထိုသို့ခန့်အပ်ထားသည့် ပုဂ္ဂိုလ်အားလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရေးကော်မတီ၏အဖွဲ့ဝင်များ မဖြစ်သင့်ကြောင်း ဆုံးဖြတ်နိုင်သည်။ မြီရှင်များက ထိုသို့ဆုံးဖြတ်ခဲ့လျှင် တရားရုံးက အခြားနည်းညွှန်ကြားခြင်း မရှိပါက ဆုံးဖြတ်ချက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များသည် ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန် မပြုစေရ။ ဤပြဋ္ဌာန်းချက်အရ တရားရုံးသို့ တင်ပြလျှောက်ထားခဲ့လျှင် တရားရုံးသည် သင့်သည်ဟုထင်မြင်သည့်အတိုင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အစား အဖွဲ့ဝင်အဖြစ် ဆောင်ရွက် နိုင်မည့် အခြားသူတစ်ဦးဦးကို ခန့်အပ်နိုင်သည်။

၃၆၅။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ အခကြေးငွေကို သတ်မှတ်ခြင်းနှင့် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များကိုရပ်စဲခြင်း**

(က) စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးချေရမည့် အခကြေးငွေများကို သတ်မှတ်နိုင်ပြီး အခကြေးငွေကို သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ထိုအခကြေးငွေကို တရားရုံးက သတ်မှတ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များက ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်ကိစ္စရပ်မှအပ ရပ်စဲစေရမည်။

၃၆၆။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

တရားရုံးကသော်လည်းကောင်း၊ တရားရုံး၏ညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ၌ လစ်လပ်သွားလျှင် မြီရှင်များသည် ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

၃၆၇။ **မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရခြင်း**

ပုဒ်မ ၃၅၄ ပါပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်းတွင် ကုမ္ပဏီတွင်ပါဝင်သူများကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကဲ့သို့ သက်ဆိုင်စေရမည်ဖြစ်ပြီး အဆိုပါပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ လုပ်ပိုင်ခွင့်များကို တရားရုံးကဖြစ်စေ၊ စစ်ဆေးရေးကော်မတီကဖြစ်စေ ခွင့်ပြုချက်ပါရှိမှအပ ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

၃၆၈။ **နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏အစည်းအဝေးများနှင့် မြီရှင်များ၏အစည်းအဝေးများအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏တာဝန်**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁) နှစ်ကာလထက် ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ်နှင့် နောက်နှစ် (၁) နှစ်စီ ကုန်ဆုံးချိန်၌ သို့မဟုတ် သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်ကိုကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးများတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမှုအခြေအနေနှင့် စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၆၉။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၆၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၁၀) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၀။ **အပြီးသတ်အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီး သည်နှင့်တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိ စေရမည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေး တစ်ရပ်တို့ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးတစ်ရပ်စီကို အချိန်၊ နေရာနှင့် ရည်ရွယ်ချက်တို့အား သတ်မှတ်ကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာ တစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၂၈) ရက် ကြိုတင်၍ ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးများကို ကျင်းပသည့်နေ့ရက်မှ (၇) ရက်အတွင်း သို့မဟုတ် အစည်းအဝေးများအား အဆိုပါနေ့ရက်များတွင် ကျင်းပနိုင်ခြင်းမရှိခဲ့လျှင် နောင်တွင်ကျင်းပသည့် နေ့ရက်မှ ရက်သတ္တ(၁)ပတ်အတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ပြန်ကြားရမည်။

အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ (ဤပုဒ်မပါကိစ္စရပ်များအတွက် အစည်းအဝေးသို့ တက်ရောက်ရမည့်ပုဂ္ဂိုလ် (၂) ဦး ရှိရမည်) မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့် အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်းလိုက်နာဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသော အစည်းအဝေးတစ်ရပ်စီနှင့် စပ်လျဉ်းသည့် ပြန်ကြားချက် တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ (၃) လပြည့်မြောက်ပြီးသည့် အချိန်တွင် ကုမ္ပဏီအားဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင် ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံး သည် သင့်သည်ဟု ထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၇၁။ ပုဒ်မ ၃၇၀ (ဂ) နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက်ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ(၃) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၂။ ပုဒ်မ ၃၇၀၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၁၀) ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၃၇၃။ **ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၇၄ မှ ၃၈၂ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များ သည် ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

၃၇၄။ **ကုမ္ပဏီ၏ ပစ္စည်းများကို ခွဲဝေဆောင်ရွက်ခြင်း**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဦးစားပေးငွေပေးချေမှုများနှင့် သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ပစ္စည်းများကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၌ အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီ၏တာဝန်ရှိမှုများ အတွက် အချိုးကျအသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီရှိပါဝင်သူတို့၏အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များအရ ကုမ္ပဏီတွင် ပါဝင်သူများအကြား ခွဲဝေဆောင်ရွက်ရမည်။

၃၇၅။ **ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒလျောက် ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်း သည့်ကိစ္စရပ်တွင် တရားရုံး သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၃၂၁ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဇ) တို့အရ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အားလုံးကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ ဤအပိုဒ်အရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံး ဆောင်ရွက်ရာတွင် တရားရုံး၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် ဤလုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်၊

(၂) အပိုဒ်(၁)တွင် ဖော်ပြပါရှိသော ခွင့်ပြုချက်မပါရှိဘဲ ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့ တရားရုံးက ပေးအပ်ထားသည့် ဤဥပဒေအရအခြားသော လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်၊

(၃) ကြွေးမြီပေးဆပ်ရသူများစာရင်းကို ရှင်းလင်းဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်ထားသည့် တရားရုံး၏အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ပြီး ကြွေးမြီပေးဆပ်ရသူများစာရင်းသည် ယင်းစာရင်းတွင် ကြွေးမြီပေးဆပ်ရသူများအဖြစ် ပါရှိသူများ၏ တာဝန်ရှိမှုများအတွက်ခိုင်လုံသည့် သက်သေခံချက်ဖြစ်စေရမည်၊

(၄) ငွေကြေးထည့်ဝင်ရန် တောင်းခေါ်မှုပြုလုပ်နိုင်သည့် တရားရုံး၏ အခွင့် အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်၊ ၎င်းပြင်

(၅) အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရယူရန် သို့မဟုတ် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့် အခြားကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*